# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၃၂)


# (၁၂)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၃၁**

(၁၂)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ -UPDJC အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ -UPDJC ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

ယနေ့ အစည်းအဝေးတွင် တက်ရောက်လာကြသူများက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်(ToR)များ ပြန်လည်သုံးသပ်ရေး၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်းနှင့် စပ်လျဉ်းသည့် Standard Operating Procedure(SOP) မူကြမ်းရေးဆွဲရေးနှင့် အလုပ်အဖွဲ့ဖွဲ့စည်းရေးကိစ္စ၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (CSO Forum) ကျင်းပနိုင်ရေးနှင့် မူဝါဒစာတမ်းတင်ပြနိုင်ရေးကိစ္စ၊ UPDJC Proposal drafting process ကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ - UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေက (၁၂)ကြိမ်မြောက် UPDJC အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အစည်းအဝေးကဆုံးဖြတ်သည်များကို အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ရာတွင် ညီညီညွတ်ညွတ် အကောင်အထည်ဖော်ပါက ရည်မှန်းချက်ဆီသို့

*စာမျက်နှာ ၃ ကော်လံ ၁* ❖



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၂)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ -UPDJC အစည်းအဝေး တက်ရောက်လာစဉ်**

(သတင်းစဉ်)

## ၂၀၁၇ ခုနှစ် ဆောင်းရာသီကာလတွင် ဖြစ်ပေါ်လာနိုင်သည့် လာနီညာ

**နေပြည်တော်  အောက်တိုဘာ ၃၁**

၂၀၁၇ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် ဆောင်းရာသီကာလတွင် ဖြစ်ပေါ်လာနိုင်သည့် လာနီညာအခြေအနေမှာ-

ပစိဖိတ်သမုဒ္ဒရာ၏ အပူချိန်သည် ပုံမှန်အပူချိန်ထက် လျော့နည်းလာလျက်ရှိပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း လာနီညာဖြစ်ရန် ၅၅ ရာခိုင်နှုန်းအထိ ရှိလာနိုင်သည်။ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ အရှေ့ဘက် (Eastern Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် လွန်ခဲ့သည့် ရက်များအတွင်း သိသိသာသာ လျော့နည်းခဲ့ပြီး လက်ရှိဖြစ်ပေါ်နေသော လေထုအညွှန်းကိန်းများနှင့် တိမ်ဖြစ်ထွန်းမှုအခြေအနေများသည် လာနီညာဖြစ်ပေါ်ရန်အဆင့်သို့ ချဉ်းကပ်လာနေခြင်းကြောင့်၊ လက်ရှိလာနီညာဖြစ်စဉ်မှာ စောင့်ကြည့်အဆင့် ဖြစ်ကြောင်း၊ လာနီညာဖြစ်လာပါကလည်း အချိန်ကာလတိုတောင်းပြီး အားနည်းသည့် လာနီညာဖြစ်လာနိုင်ကြောင်း၊ ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းတွင် ပုံမှန်ဖြစ်စဉ်သို့ ပြန်လည်ရောက်ရှိနိုင်ကြောင်း နိုင်ငံတကာ ပစိဖိတ်သမုဒ္ဒရာပင်လယ် ရေမျက်နှာပြင်အပူချိန် လေ့လာစောင့်ကြည့်ရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် ဆောင်းရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဆောင်းရာသီကာလ အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**




မြန်မာ့အလင်း

# အမျိုးသားညီညွတ်ရေးဖြင့် ထူထောင်ရမည့် ဖက်ဒရယ်ပြည်ထောင်စု

နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုက ခိုင်မာသည်နှင့်အမျှ ထိုနိုင်ငံသူနိုင်ငံသားတို့၏ ဂုဏ်သိက္ခာလည်း မြင့်မားမည်ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ကြားခဲ့သည့် အသုံးအနှုန်းအတိုင်း တင်ပြရပါက မည်သူမျှ မထိပါးမစော်ကားရဲသောနိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ဤသို့သော နိုင်ငံအဖြစ် ရပ်တည်နိုင်ရေး၏ အခြေခံသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် အခြေခံသော ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ကြားခဲ့ပါသည်။ ပြည်ထောင်စု ငြိမ်းချမ်းရေးဟူသည်မှာလည်း အမျိုးသားညီညွတ်မှုရှိမှသာ ဆုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

နှစ်ပေါင်း(၇၀)နီးပါး ရှိပြီဖြစ်သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ရေးသည် (၂၁) ရာစုပင်လုံညီလာခံ ဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေးသဘောတူညီချက်များရရှိမှသာ ဖြစ်မြောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံရေးဆွေးနွေးပွဲများ၏ နိုင်ငံရေးရည်မှန်းချက်သည် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးဖြစ်သည်ဟု နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးက သဘောတူထားခြင်းသည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအတွက် မျှော်လင့်ချက်ကို ဖန်တီးပေးထားပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံရေးဆွေးနွေးပွဲများ၏ ဦးတည်ချက်သည် ဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာ အခြေခံမှုများ ချမှတ်ရေးဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့မှသည် ၂၀၁၈ ခုနှစ်ဟူသော အချိန်ကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာအခြေခံမှုများကို အခြေခံအုတ်မြစ်အဖြစ် ချမှတ်နိုင်ရေးကို ဦးတည်ကြိုးပမ်းရန် လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

နိုင်ငံရေးဆွေးနွေးပွဲ၏ ဦးတည်ချက်ကို ဆုပ်ကိုင်ရရှိလိုပါက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်များ ပြန်လည်သုံးသပ်ခြင်းနှင့်ပြင်ဆင်ခြင်းတို့ကို ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ခဲ့ပါသည်။ ဤလမ်းညွှန်မှုနှင့်အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သဘောတူညီချက်များအား လက်တွေ့ဖော်ဆောင်ရာ၌ စနစ်တကျ ထိထိရောက်ရောက်ဖြစ်ရေးအတွက် လိုအပ်သော **Standard Operating Procedure- SOP** များ ရေးဆွဲကြရန် မိန့်ကြားခဲ့ပါသည်။ **Standard Operating Procedure** တို့သည် လက်တွေ့မကျပါက စာရွက်ပေါ်မှ စကားလုံးဟူသော အဆင့်ထက်မပိုနိုင်သည်ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။

နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်ရေးအတွက် ဦးဆောင်မှုပေးနေသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ **(UPDJC)**၏ လုပ်ငန်းများ အောင်မြင်ရေးအတွက် ရုံးအဖွဲ့၏ အခန်းကဏ္ဍ အရေးပါသည်ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အလေးအနက်ထား ပြောဆိုခဲ့ပါသည်။ ရုံးအဖွဲ့သည် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုတို့ လိုအပ်သည်သာမက ငြိမ်းချမ်းရေးစိတ်ဓာတ်အပြည့်အဝရှိရန် လိုအပ်သည်ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မီးမောင်းထိုးတင်ပြခဲ့ပါသည်။ အချုပ်အားဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် **(NCA)** စာချုပ်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံရေးဆွေးနွေးပွဲတံခါး အစဉ်အမြဲဖွင့်ထားသည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က မိန့်ကြားခဲ့သည်ကို နှလုံးသွင်းလျက် အမျိုးသားရေးအင်အားစုအားလုံးအား အမျိုးသားညီညွတ်ရေးကို ဆွေးနွေးရယူဆုပ်ကိုင်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ရေးမြို့နယ်၌ ငါးသလောက် ဥချပေါက်ပွားနိုင်သော ရေပြင်ဧရိယာများကို ကန့်သတ်မည်

**ရေး အောက်တိုဘာ ၃၁**

မွန်ပြည်နယ် ရေးမြို့နယ်အနီး ပင်လယ်ပြင်များအတွင်း ငါးသလောက်များ ငါးမျိုးဥချသည့်နေရာများ ပျက်စီးပြောင်းလဲလာမှုကြောင့် လွန်ခဲ့သော ငါးနှစ်နှင့်နှိုင်းယှဉ်လျှင် ငါးသလောက်ဖမ်းဆီးရမိမှု သိသိသာသာ လျော့နည်းကျဆင်းလာကြောင်း ရေလုပ်ငန်းရှင်များက ပြောကြားသည်။

ယခုနောက်ပိုင်းတွင် ငါးသလောက်ငါးကို သိပ်ပြီး မတွေ့ရတော့သလို ငါးသလောက်ဖမ်းသည့်လှေများလည်း မရှိတော့ကြောင်း၊ ယခင်က ပင်လယ်သို့ တစ်ခေါက်ထွက်လျှင် ငါးသလောက်ပိဿာချိန် ရာဂဏန်းအထိ ဖမ်းဆီးရမိသော်လည်း ယခုနောက်ပိုင်းတွင် အခြားငါးမျိုးများနှင့်ရော၍ အနည်းငယ်သာ ဖမ်းဆီးမိတော့ကြောင်း ရေလုပ်ငန်းအတွေ့အကြုံ နှစ်၂၀ ခန့်ရှိသူ ပဲ့နင်း ဦးမောင်ဝင်းက ပြောသည်။

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင်အပူချိန် ပြောင်းလဲမှုအပေါ် မူတည်ပြီး ငါးသလောက်များဥချမည့် သဲသောင်များ ပြောင်းလဲလာသလို ကန့်သတ်ထားသည့် ဆွဲပိုက်များဖြင့် ငါးဖမ်းသူများက ဖမ်းဆီးခြင်းကြောင့်လည်း ဥချရန်နေရာ ဂေဟစနစ်များ ပျက်စီးလာကာ လက်ရှိ ငါးသလောက်ပေါက်ပွားနှုန်းသည် ၂၀၀၀ ပြည့်နှစ်မတိုင်ခင် အခြေအနေထက် လျော့နည်းနေကြောင်း မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦးက ပြောသည်။

ဘင်္ဂလားပင်လယ်အော် ကပ္ပလီပင်လယ်ပြင်တွင် ကျက်စားလေ့ရှိသော ငါးသလောက်များသည် အောက်တိုဘာလတွင် မျိုးဥမှ ပေါက်ပွားလေ့ရှိသကဲ့သို့ ဖေဖော်ဝါရီလတွင်လည်း တစ်ကြိမ်ထပ်မံပေါက်ပွားကြောင်း ၎င်းက ဆက်လက် ပြောသည်။

ငါးသလောက်များ၏ ဘဝစက်ဝန်းသည် နှစ်ပိုင်းရှိပြီး တစ်ပိုင်းသည် ပင်လယ်ရေငန်ထဲတွင် နေသည့်ဘဝနှင့် ကျန်တစ်ပိုင်းမှာ ရေချိုထဲတွင်နေသည့် ဘဝဖြစ်ကြောင်း၊ မျိုးရည်များနှင့် ပြည့်နေသော ငါးထီး၊ ငါးမကြီးများသည် သားပေါက်ချိန်တွင် ရေချိုမြစ်များထဲသို့ ဆန်တက်ပြီး မိုးဦးကျ ရေနည်းချိန်၊ ရေကျချိန်တွင် သောင်ပြင်များပေါ်၌ ဥချ၍ သားပေါက်လေ့ရှိကြောင်း၊ ငါးသလောက်များသည် သုံးနှစ်သားအရွယ်ရောက်လျှင် ဥပြန်ဥ၍ သားပေါက်သည့် အလေ့အထရှိကြောင်း သိရသည်။

ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ မှတ်တမ်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငါးသလောက် ကီလိုဂရမ် ၆၃၅၀၀၀ ကျော်ကို ပြည်တွင်းဈေးကွက်များသို့ တင်ပို့နိုင်ခဲ့ကြောင်း၊ သို့သော် တင်ပို့နိုင်မှုများမှာ ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ ထို့ကြောင့် ငါးမျိုးများမထိခိုက်အောင် ငါးသလောက်များ ဥချပေါက်ပွားနိုင်သော ရေပြင်ဧရိယာများကို ငါးလုပ်ငန်းဦးစီးဌာနက ကန့်သတ်ထိန်းသိမ်းမှုများဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။



ရာသီဥတုပြောင်းလဲမှုသည် အပူချိန်ပြောင်းလဲခြင်းနှင့် မိုးရွာသွန်းမှုပုံစံပြောင်းလဲခြင်းကဲ့သို့ တိုက်ရိုက် အကျိုးသက်ရောက်မှုများရှိသလို သွယ်ဝိုက်အကျိုးသက်ရောက်မှု အပါအဝင် ဂေဟစနစ်များနှင့် သက်ရှိမျိုးစိတ်များအပေါ် နည်းလမ်းပေါင်းစုံဖြင့် အကျိုးသက်ရောက်မှုရှိကြောင်း၊ ပင်လယ်ကမ်းရိုးတန်းရှိ ဒီရေတောများသည် ရေလုပ်ငန်းများအတွက် အထောက်အကူပြုနေသကဲ့သို့ ဒေသတွင်း နေထိုင်သူများအပေါ် အရေးပါသည့် အကျိုးကျေးဇူးများ ပေးအပ်နေသဖြင့် ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်းကို ဆောင်ရွက်ရန် လိုအပ်ကြောင်း MCCA က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ **နေမျိုးထွဋ်(ရေး)**

## ရွှေနတ်တောင်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**မော်လမြိုင် အောက်တိုဘာ ၃၁** - မွန်ပြည်နယ် မော်လမြိုင်မြို့ ငွေးကုန်းရပ်ကွက်ရှိ ရွှေနတ်တောင်ဆည်၌ အောက်တိုဘာ ၃၀ ရက်က ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်သည့်အခမ်းအနားပြုလုပ်ခဲ့ကြောင်းသိရသည်။ အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက ဆည်အတွင်းငါးမျိုး စိုက်ထည့်ခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ငါးသားပေါက်များပေးအပ်၍ ဆည်အတွင်းသို့ ငါးမြစ်ချင်းအကောင်ရေ တစ်သိန်းစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **တင်ထွဋ် (မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၁-၁၀-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၂၅/၇၅၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၃၀/၇၆၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၈၀၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၄၅/၇၅၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၀ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ ·၃ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၁ ·၁၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၅ ·၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂ ·၆၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဒိန်းမတ်နိုင်ငံမှ မြန်မာနိုင်ငံအား ဆက်လက်ကူညီပေးရေးကိစ္စနှင့် ရခိုင်ပြည်နယ် အရေးနှင့်ပတ်သက်၍ လက်ရှိစိန်ခေါ်မှုများနှင့် လိုအပ်ချက်များအပေါ် ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Ms. Ulha Toernaes ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒိန်းမတ်နိုင်ငံမှ မြန်မာနိုင်ငံအား ဆက်လက်ကူညီပေးရေးကိစ္စနှင့် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ လက်ရှိစိန်ခေါ်မှုများနှင့် လိုအပ်ချက်များအပေါ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Ms. Ulha Toernaes အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**

(သတင်းစဉ်)

## သံအမတ်ကြီး ဦးဟန်သူအား သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟန်သူအား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျအား ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျအား ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

အမြန်ရောက်မည်ဖြစ်ပါကြောင်း၊ UPDJC သည် လုပ်ငန်းတာဝန်အများအပြားကို တာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC ဒုတိယဥက္ကဋ္ဌကိုယ်စား EAO- UPDJC အဖွဲ့ခေါင်းဆောင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ယခုအစည်းအဝေး၌ လုပ်ငန်းစဉ်များ ဆွေးနွေးကြရာတွင် အကျေအလည် ဆွေးနွေးမှုများရှိသော်လည်း တစ်ဖက်နှင့်တစ်ဖက် နားလည်မှုများရှိပါကြောင်း၊ အဖြေကိုရှာရာတွင် ကျေကျေလည်လည် ဆွေးနွေးနိုင်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် ပြီးခဲ့သည့်ကာလက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အခက်အခဲအနည်းငယ်ရှိသော်လည်း ယင်းအခက်အခဲကို ကျော်လွှားရာ၌ အချင်းချင်းနားလည်မှုရှိရှိဖြင့် အပြန်အလှန် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို NCA စာချုပ်အတိုင်း ဆောင်ရွက်မည်ဆိုသည်ကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးရန် မေတ္တာရပ်ခံခဲ့ပြီး အားလုံးက NCA အတိုင်း ဆောင်ရွက်မည်ဟု ပြောကြားကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



(၁၂)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ -**UPDJC** အစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)



**UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေ**



**EAO- UPDJC အဖွဲ့ခေါင်းဆောင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ**

ယင်းနောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အစိုးရအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား အရေးအကြီးဆုံး အရေးအပါဆုံးလုပ်ရမည့် လုပ်ငန်းဟု ယူဆထားပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၏ တတိယအကြိမ် အစည်းအဝေးကို ယခုနှစ် အတွင်း မဖြစ်မနေလုပ်ရန် သန္နိဋ္ဌာန်ချထားပါကြောင်း၊ ယင်းသို့သန္နိဋ္ဌာန်ချထားသည်ကိုလည်း EAO၊ လွှတ်တော်၊ နိုင်ငံရေးပါတီများနှင့် တပ်မတော်ကပါ အကုန်လုံးဝိုင်းဝန်းပံ့ပိုးပေးမည်ဆိုသည်ကို မိမိတို့ အပြည့်အဝ ယုံကြည်ပါကြောင်း။

ရခိုင်ပြည်နယ် အရေးအခင်းသည် ရခိုင်ပြည်နယ်၏ အရေးအခင်းမဟုတ်ပါကြောင်း၊ နိုင်ငံတော်၏ အရေးအခင်းဟု သတ်မှတ်ထားပါကြောင်း၊ သတ်မှတ်ထားသည့်အတွက် နိုင်ငံတော်အနေဖြင့် ပြည်သူ့ဘဏ္ဍာသုံးစွဲရာတွင် ရခိုင်ပြည်နယ်အတွက် များစွာဦးစားပေး သုံးစွဲထားမှုရှိပါကြောင်း၊ ရခိုင်ပြည်နယ်အရေးအခင်းသည် ပြည်ထောင်စုတစ်ခုလုံး၏ အရေးအခင်းဖြစ်သည်ဟု ယူဆသည့်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး ပြည်ထောင်စုစီမံချက်အနေဖြင့် လုပ်ဆောင်နေပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြည်သူ့အင်အားနှင့် လုပ်မည်ဟု ပြောပါကြောင်း၊ ပြည်သူ့အင်အားဆိုသည်မှာ တိုင်းရင်းသားအားလုံး ပါဝင်ပါကြောင်း။

နိုင်ငံရေးပါတီများ၊ လွှတ်တော်၊ အစိုးရ၊ တပ်မတော်အပြင် EAO များလည်း ပါဝင်ပါကြောင်း၊ ရခိုင်အရေးကိစ္စသည် ပြည်ထောင်စု၏ အရေးကိစ္စဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်နှင့် ပတ်သက်ပြီး ပြုလုပ်မည့် Union Team assistance Resettlement development ဆိုသည့် ကိစ္စများတွင် အကုန်ဝိုင်းဝန်းကူညီလုပ်ဆောင်ကြစေချင်ပါကြောင်း၊ ငြိမ်းချမ်းရေးသည် လွန်စွာအရေးကြီးသည့် ကိစ္စဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရန် ပြည်သူလူထုက အထူးမျှော်လင့်နေပါကြောင်း၊ ပြည်သူလူထု၏ မျှော်လင့်ချက်ကို ဝိုင်းဝန်းပြီး ဖြည့်ဆည်းပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားပြီး အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tom D. Kijiner အား မြန်မာနိုင်ငံတော်ဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tom D. Kijiner အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

H.E. Mr. Tom D. Kijiner ကို ၁၉၄၅ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် မာရှယ်ကျွန်းစုသမ္မတနိုင်ငံ Likiep မြို့၌ မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၆၅ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ဂူအမ်တက္ကသိုလ်နှင့် ဟာဝိုင်ယီတက္ကသိုလ်တို့တွင် အထွေထွေပညာရေးဘာသာရပ်ကို သင်ကြားခဲ့ပါသည်။ H.E. Mr. Tom D. Kijiner သည် ၁၉၇၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ လွှတ်တော်အမတ်၊ ပညာရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး၊ သံအမတ်ကြီး(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့အဖြစ် ရာထူးတာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၁၂ ခုနှစ် မှစတင်၍ ယနေ့အထိ ဂျပန်နိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစု သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် မာရှယ်နှင့် အင်္ဂလိပ်ဘာသာစကားများ တတ်ကျွမ်းသည်။ H.E. Mr. Tom D. Kijiner သည် အိမ်ထောင်ရှိသူ တစ်ဦးဖြစ်ပြီး သားသမီး ခုနစ်ဦး ထွန်းကားသည်။

# UEHRD စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သော ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများအား ပြန်လည်ခေါ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် "မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ"အားလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းကနေပြည်တော်ရှိ Sofitel Hotel တွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဥပဒေနှင့်အညီအုပ်ချုပ်သည့် စီမံခန့်ခွဲမှုစနစ်ပေါ်ပေါက်လာရေး၊ ပြည်သူအားလုံးလွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်နှင့် ပတ်သက်သည့် ကိစ္စရပ်များတွင်လည်း ဝန်ကြီးဌာနများ၏ ဆောင်ရွက်မှုအပြင် ပြည်သူတစ်ရပ်လုံးပါဝင်သော ပြည်ထောင်စုစီမံကိန်းကိုလည်း ဖော်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အခြားနိုင်ငံများသို့ရောက်ရှိသွားသူများရှိသလို ပြန်လည်ဝင်ရောက်လာလိုသူများ ရှိပါကြောင်း၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားသူများကိုလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ပြန်လည်လက်ခံခဲ့သည်များရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြန်လည်ဝင်ရောက်လာသူများကိုလည်း ၁၉၉၃ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် သဘောတူညီချက်ဖြင့် ပြန်လည်လက်ခံခဲ့ပါကြောင်း၊ ပြန်လည်ခေါ်ယူရေး လုပ်ငန်းစဉ်များတွင် UNHCR သည် ပါဝင်ကူညီခဲ့သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အခြားနိုင်ငံများသို့ရောက်ရှိနေသူများ ၎င်းတို့ဆန္ဒအလျောက် ပြန်လိုပါက ပြန်လည်လက်ခံရမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်လို၍ ပြန်လည်ဝင်ရောက်လာသူများလည်းရှိပါကြောင်း၊ သို့ဖြစ်ရာ ပြန်လည်လက်ခံရေးလုပ်ငန်းများကို နိုင်ငံတကာဥပဒေများ၊ မူဘောင်များ၊ စံသတ်မှတ်ချက်များ၊ အခြေခံစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ဥပဒေများ၊ စည်းကမ်းချက်များနှင့်လည်း ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံတော်က ဆောင်ရွက်နေသည့် UEHRD စီမံကိန်း အောင်မြင်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု၏ လုပ်ငန်းတစ်စိတ်တစ်ဒေသဖြစ်ရာ ဆွေးနွေးပွဲမှရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UNHCR မှ Mr.Indrika Ratwatte နှင့် Regional Representative, Josephpal D.e Vincetisတို့က မြန်မာနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဗိုလ်ချုပ်သန်းထွဋ်၊ UEHRD စီမံကိန်းကော်မတီ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၆/၂၀၁၇
၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

**တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်မာဌေးကို ယင်း၏ သဘောဆန္ဒအလျောက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ခေတ္တလက်ထောက်ဝန်ကြီးနှင့်အဖွဲ့အား UEHRD ၏ ဆောင်ရွက်ချက်များ ရှင်းလင်းပြောကြား

နေပြည်တော် အောက်တိုဘာ ၃၁

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လူဦးရေ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ခေတ္တလက်ထောက်ဝန်ကြီး Mr. Simon Henshaw နှင့် အဖွဲ့အား ယနေ့ နေ့လယ်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။** (အောက်ပုံ)

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီဆောင်ရွက်ပေးနေမှုအခြေအနေများ၊ UEHRD ပြည်ထောင်စုစီမံကိန်းဖြင့် လူသားချင်းစာနာကူညီမှုတိုးမြှင့်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်တွင်းအင်အား အဓိကထား၍ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ ဒုက္ခသည်များပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကြား ၁၉၉၂-၁၉၉၃ သဘောတူညီချက်ပါ မူ(၄)ရပ်အပေါ် ညှိနှိုင်းမှုအခြေအနေများ၊ ဒုက္ခသည်များ ပြန်လည်လက်ခံရေးအတွက် ပြန်လည်လက်ခံရေးစခန်း၊ ယာယီစောင့်ရှောက်ရေးစခန်းနှင့် ပြန်လည်နေရာချထားရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်နေမှု နောက်ဆုံးအခြေအနေများ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)မှ ၎င်းတို့၏ စားနပ်ရိက္ခာများကို ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) မှတစ်ဆင့် ဖြန့်ဝေရန် သဘောတူညီထားသည့် အခြေအနေများ၊ မြို့ရွာများ စနစ်တကျ ပြန်လည်ထူထောင်ရန် ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN-HABITAT)၏ နည်းပညာ အကူအညီရယူဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့်ပူးပေါင်း၍ ယနေ့တွင် ပြန်လည်လက်ခံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမှုနှင့် ရခိုင်ပြည်နယ်ဖြစ်စဉ်အား ဘင်္ဂလားဒေ့ရှ်-မြန်မာအစိုးရနှစ်ဖက် ညှိနှိုင်းမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများတွေ့ဆုံ

**မောင်တော အောက်တိုဘာ ၃၁**

မောင်တောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အုပ်ချုပ်ရေးဆိုင်ရာများ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်း တည်ငြိမ်ရေးဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး၊ စားဝတ်နေရေး၊ ရင့်မှည့် မိုးစပါးများ အချိန်မီရိတ်သိမ်းနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို မှာကြားသည်။




ယင်းနောက် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက ရပ်ကွက်ကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် ခရိုင်၊ မြို့နယ် အဆင့်တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း လက်ရှိလိုအပ်ချက်များကို ပြန်လည်ဆွေးနွေးတင်ပြကြသည်။ မောင်တောမြို့နယ်တွင် ရပ်ကွက် ၂၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၆ အုပ်စု ရှိကြောင်း သိရသည်။

**အောင်ကျော်ဦး၊ ဓာတ်ပုံ -ဟန်လင်းနိုင်**

# ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်သည့် ဦးမင်းလွင်စိုးနှင့်ဒေါက်တာခိုင်စိုးလှုတို့အား တရားစွဲဆို

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်ကောင်စီ ဇေယျာသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်နေ နစ်နာသူတို့က နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမင်းလွင်စိုး၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ဌာနမှူး (ဒုတိယ ညွှန်ကြားရေးမှူးချုပ်) ဒေါက်တာ ခိုင်စိုးလှု တို့အပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဈေးခုံစနစ်အား ဖျက်သိမ်း၍ လိုင်စင်စီစနစ်ဖြင့် ပြောင်းလဲလုပ်ကိုင်ရန် ညွှန်ကြားသည့်ကိစ္စနှင့် ပတ်သက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမင်းလွင်စိုးသည် ဝက်သားသတ်လုပ်ငန်းလိုင်စင်စီရရှိသူ တစ်ဦးထံမှ ဩဂုတ် ၁၉ ရက်က ငွေကျပ် ၁၀ သိန်းနှင့် လက်ဆောင်တို့ကို လည်းကောင်း၊ ဝတ်သားသတ်လိုင်စင်စီရရှိသူတစ်ဦးထံမှ မတ်လတွင် ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ရယူခဲ့ခြင်း၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဒေါက်တာ ခိုင်စိုးလှုသည် ဝက်သားသတ်လုပ်ငန်းလိုင်စင်စီ ရရှိသူတစ်ဦးထံမှ ဩဂုတ် ၁၁ ရက်တွင် ငွေကျပ်ငါးသိန်း၊ ဩဂုတ် ၁၉ ရက်တွင် လက်ဆောင်ခြင်းနှင့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဝက်သားသတ်လုပ်ငန်းလိုင်စင်စီရရှိသူ တစ်ဦးထံမှ မေလဆန်းတွင် ငွေကျပ်သိန်း ၄၀ ကိုလည်းကောင်း ရယူခဲ့ခြင်းတို့သည် လုပ်ပိုင်ခွင့်အာဏာကို အသုံးပြု၍ လာဘ်ငွေရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ယနေ့ တရားစွဲဆိုအရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆီယံဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများ ယနေ့ ကျင်းပမည်

**အောက်တိုဘာ ၃၁ -** ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နိုဝင်ဘာ ၁ ရက် **(ယနေ့)**တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ ညနေ ၆ နာရီခွဲတွင် ဗီယက်နမ်နှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် ဒုတိယနေရာသာရခဲ့သောကြောင့် နာမည်ကြီးထိုင်းအသင်းနှင့် တွေ့ဆုံခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သောကြောင့် ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ပြည်တွင်းနည်းပြ ဦးဒွေးမြင့်သည် နှစ်ကြိမ်ဆက်တိုက် အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဦးဒွေးမြင့်သည် ၂၀၁၆ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းအား အာဆီယံဖူဆယ်ပြိုင်ပွဲတစ်လျှောက် ဗိုလ်လုပွဲတက်ရောက်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယခုအကြိမ်တွင်လည်း ဆီမီးဖိုင်နယ်သို့ ပို့ဆောင်ကာ အာရှပြိုင်ပွဲအား ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

**ရဲရင့်ရှိန်း**

# မြန်မာနိုင်ငံတော်အစိုးရမှ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ဗုဒ္ဓဂယာ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းနှင့် ဗုဒ္ဓဂယာမဇ္ဈိမဒေသ ဘုရားဖူးစေလွှတ်ရေးကြီးကြပ်မှုကော်မတီ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုများဖြင့် အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်း၌ ဗုဒ္ဓဂယာ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

လှူဒါန်းပွဲတွင် အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း ၃၂ ကျောင်းမှ သံဃာတော် ၂၆၇ ပါး၊ သီလရှင် ၁၆ ပါး၊ အိန္ဒိယနိုင်ငံရှိ ပညာသင်သံဃာတော် ၄၉၉ ပါး၊ ပညာသင် သီလရှင် သုံးပါး၊ စုစုပေါင်းသံဃာတော် ၇၆၆ ပါးနှင့် သီလရှင် ၁၉ ပါးတို့အား အမေရိကန် ဒေါ်လာ ၃၃၅၀၊ ရူပီး ၄၆၉၂၀၀၊ မြန်မာငွေကျပ် ၂၆၀၃၉၅၀၀ တို့ကို လှူဒါန်းခဲ့ကြသည်။

လှူဒါန်းပွဲသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ၊ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ သာသနာ့နုဂ္ဂဟအဖွဲ့ဝင်များ၊ ဗုဒ္ဓဂယာ မဇ္ဈိမဒေသ ဘုရားဖူးစေလွှတ်ရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်ရန်အတွက် လိုအပ်သည့် အသိပညာ၊ အတတ်ပညာအရည်အချင်းများပြည့်ဝရန် သင်ကြားပို့ချပေးခဲ့

**နေပြည်တော် အောက်တိုဘာ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ သင်တန်းတို့၏ ဘွဲ့နှင်းသဘင် အခမ်းအနားအား အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းရင်းသားများ၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒီဂရီကောလိပ် (ရန်ကုန်) ကို ၂၀၀၀ ခုနှစ် ဇွန် ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၃၂၄ ဦး၊ သိပ္ပံဘွဲ့ ၉၁၂ ဦး၊ A.G.T.I ဒီပလိုမာ ၄၅၆ ဦး စုစုပေါင်း ၁၈၂၇ ဦးတို့အား ဝန်ကြီးဌာန ၁၅ ခုတွင် ဝန်ထမ်းကောင်းများအဖြစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး တာဝန်များကို အသီးသီးထမ်းဆောင်လျက်ရှိကြပါကြောင်း၊ သင်တန်းဆင်းပြီးသူများထဲမှ မဟာဘွဲ့ ၁၀၂ ဦး၊ မဟာသုတေသနဘွဲ့ ၄၃ ဦး၊ B.E ဘွဲ့ ၈၈ ဦး၊ M.E ဘွဲ့ ၁၃ ဦး၊ Ph.D ဘွဲ့ ၁၃ ဦးကို အောင်မြင်စွာမွေးထုတ်ပေးနိုင်ခဲ့သလို တိုင်းရင်းသားမျိုးနွယ် စုပေါင်း ၅၁ မျိုး သင်တန်းဆင်းခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်းဆင်းများအနေဖြင့် ဝန်ကြီးဌာနအသီးသီးတွင် နိုင်ငံတော်၏တာဝန်အမျိုးမျိုးကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ ရှေ့အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်နှင့်အညီ လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအတွင်းမှ Long Life Learning အနေနဲ့ ယခုထက်ပိုမိုမြင့်မားသည့် မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများကို နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ဆက်လက်ဆည်းပူးကြိုးစားစေလိုကြောင်း၊ နယ်စပ်ဒေသက တိုင်းရင်းသားလူမျိုးများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို နိုင်ငံတော်အစိုးရအဆက်ဆက်အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။



သင်တန်းဆင်းဘွဲ့ရသည်နှင့် အလုပ်တာဝန်တစ်ခါတည်း ခန့်အပ်ပေးသွားမည်ဖြစ်သည့်အတွက် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ လိုက်နာရမည့် ကျင့်ဝတ်၊ စောင့်ထိန်းရမည့် စည်းကမ်းများကိုလည်း တိတိကျကျလိုက်နာသွားရန် လိုအပ်ကြောင်း။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ဘဝ တိုးတက်မြင့်မားစေလိုသည့် ရည်ရွယ်ချက်နှင့် ပညာသင်ယူခဲ့သည့်ကာလအတွင်း နိုင်ငံတော်က ၁၀၀ ရာခိုင်နှုန်းပြည့်နီးပါး ထောက်ပံ့ခဲ့ပါကြောင်း၊ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်ရန်အတွက် လိုအပ်သည့် အသိပညာ၊ အတတ်ပညာ အရည်အချင်းများ ပြည့်ဝရန် သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ကျရာဒေသတွင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်ထမ်းဆောင်ရင်း တိုင်းရင်းသားလူငယ်များကို ဥပဒေလေးစားလိုက်နာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သူများဖြစ်အောင် လက်တွဲခေါ်ဆောင်ပေးရန်နှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူများအကြား ထိရောက်သည့် ကြားခံပေါင်းကူးများအဖြစ် ပါဝင်ဆောင်ရွက်သွားကြရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများကို အခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

တိုင်းရင်းသားလူမျိုးများတွင် မှန်ကန်သောပြည်ထောင်စုစိတ်ဓာတ်၊ အတွေးအခေါ် ခံယူချက်များဖြစ်လာရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းတန်ဖိုးထားရန် မလိုလားအပ်သည့် ငွေကြေး၊ မိန်းမ၊ အရက်သေစာ၊ မူးယစ်ဆေးဝါးလမ်းကြောင်းပေါ် မရောက်ရှိရန် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို အမြဲစောင့်သိရှိသေသည့် နိုင်ငံသားကောင်းများအဖြစ် ကြိုးစားသွားကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းအလိုက် ထူးချွန်ဆုရ ကျောင်းသားများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းဆင်း ကျောင်းသားများဖြစ်သော ဝိဇ္ဇာဘွဲ့ရ ၇၉ ဦး၊ သိပ္ပံဘွဲ့ရ ၁၄၆ ဦး၊ A.G.T.I ဒီပလိုမာ ၆၈ ဦး စုစုပေါင်း ၂၉၃ ဦးတို့အား ဝန်ကြီးဌာန ၁၁ ဌာနသို့ တာဝန်ပေးအလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ဆက်လက်ကျင်းပရာ ဝန်ကြီးဌာန ကိုယ်စားလှယ်များက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ခန့်အပ်လွှာများပေးအပ်ရာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းသားများနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး **(အပေါ်ဝဲပုံ)** မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သင်တန်းဆင်းကျောင်းသားများအား ညနေစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

***✻ ကျောဖုံးမှ***

ထို့နောက် ခရစ်ယာန်ဘာသာအဖွဲ့က စင်မြင့်ပေါ်သို့ကြွရောက်၍ ဆုတောင်းမေတ္တာပို့သကာ အဆိုတော် ချစ်သုဝေက "ရောင်နီ"အမည်ရှိ သီချင်းဖြင့် ဖျော်ဖြေသည်။ တစ်ဖန် မဟာယာနဗုဒ္ဓဘာသာအဖွဲ့က စင်မြင့်ပေါ်သို့ ကြွရောက်၍ ဆုတောင်း မေတ္တာပို့သပြီး ကံ့ကော်တောမျိုးအောင်က "ရင်ကိုအေးမြစေသား"သီချင်းဖြင့် ဖျော်ဖြေသည်။

အလားတူ အစ္စလာမ်ဘာသာအဖွဲ့ကလည်း စင်မြင့်ပေါ်သို့ တက်ရောက်ကာ ဆုတောင်းမေတ္တာပို့သပေးပြီး အဆိုတော် ခင်မောင်ထူးက "ချစ်ခြင်းတရားနှင့် ပြည်ထောင်စု"သီချင်းဖြင့် ဖျော်ဖြေသည်။ ဟိန္ဒူဘာသာအဖွဲ့ကလည်း စင်မြင့်ပေါ် တက်ရောက်ကာ ဆုတောင်းမေတ္တာပို့သ၍ အဆိုတော် ဆိုနီယာက "သဘာဝရဲ့ ရင်သွေးငယ်"သီချင်းနှင့် ဖျော်ဖြေသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဘာသာပေါင်းစုံမှ ငြိမ်းချမ်းရေးဖယောင်းတိုင်ထွန်းညှိအဖွဲ့များ၊ ဆုတောင်းမေတ္တာပို့သအဖွဲ့များ၊ ငြိမ်းချမ်းရေးသီချင်းသီဆိုသူများက အဆိုတော် ထူးအိမ်သင်ရေးသားပြီး ကိုအောင် သီဆိုသည့် "ငြိမ်းချမ်းပါစေ"သီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်း-မြင့်မောင်စိုး**

***❂ ကျောဖုံးမှ***

ခေါင်းလောင်းစာတွင် ဘုရင့်နောင်၏ တိုက်ခိုက်အောင်မြင်ရာ အရပ်ဒေသနှင့် ထိုဒေသတို့၌ သာသနာပြုပုံများကို ရက်စွဲများဖြင့် အတိအကျဖော်ပြလျက် မှတ်တမ်းတင်ထားခဲ့ပါသည်။ ဘုရင့်နောင်ခေါင်းလောင်းစာသည် ခိုင်လုံသော ခေတ်ပြိုင်မှတ်တမ်းဖြစ်ခြင်း၊ နေ့ရက်များကို တိုက်ဆိုင်စစ်ဆေးသောအခါ တိကျမှန်ကန်ခြင်း၊ ဘုရင့်နောင်မင်းတရား၏ မိဖုရားအမည်များကို အတိအကျသိရခြင်း၊ မဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်တော်ကြီးတို့၌ မပြည့်မစုံ၊ မတိမကျဖော်ပြထားသည်များကို ပြည့်စုံတိကျအောင် ဖြည့်စွက်နိုင်ခြင်း စသည့်အချက်များနှင့် ပြည့်စုံသောကြောင့် ကမ္ဘာ့ မှတ်တမ်းအမွေအနှစ်အဖြစ် တင်သွင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် အောက်တိုဘာ ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒေသအလိုက်မိုးရွာမှုအခြေအနေ**

နေပြည်တော် ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**ညအပူချိန်လျော့နိုင်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**(မိုး/ဇလ)**

***❍ ကျောဖုံးမှ***

ဟောင်ကောင်နိုင်ငံသား အလိန်းနဂါလာနီ၊ ဖိုးသော်(မြန်မာ)နှင့် စောဘဦး(မြန်မာ)၊ Ma Hao Bin (တရုတ်) နှင့် Niko Soe(စင်ကာပူ)၊ Pongsiri Mitsatit (ထိုင်း) နှင့် Jeremy Miado (ဖိလစ်ပိုင်)၊ စောမင်းမင်း(မြန်မာ)နှင့် ရဲသွေးနီ(မြန်မာ)၊ Chen Lei (တရုတ်)နှင့် Burn Soriano (ဖိလစ်ပိုင်)၊ Miao Jie (တရုတ်)နှင့် Amira Hafizovic (ဩစတြေးလျ)၊ Zhangze Hao (တရုတ်)နှင့် Bala Shetty (အိန္ဒိယ)၊ Nita Dea (အင်ဒိုနီးရှား)နှင့် Jomary Torres (ဖိလစ်ပိုင်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး အဆိုပါတွဲဆိုင်းများမှာ အနည်းငယ် ပြောင်းလဲမှုရှိနိုင်ကြောင်း သိရသည်။

စာနယ်ဇင်းရှင်းလင်းပွဲတွင် အောင်လအန်ဆန်က "ဒီပြိုင်ပွဲက ကျွန်တော့်ဘဝအတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ပါ။ အလိန်းဟာ ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်ပါတယ်။ ကိုယ်လုံးကိုယ်ထည် ဝိတ်ကြီးမားသလို လျင်မြန်မှုအပိုင်းကလည်း သူမတူတဲ့ ပြိုင်ဘက်လက်ဝှေ့ကျော်တစ်ဦးပါ။ ဒါပေမယ့် ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံသားတိုင်း ဂုဏ်ယူနိုင်အောင် ကျွန်တော်ကြိုးစားယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ ကျွန်တော်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ နှစ်ချီအတွင်း အလဲထိုးနဲ့ အနိုင်ယူယှဉ်ပြိုင်ထိုးသတ်သွားနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲတွင် အဓိကပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် MMA ကမ္ဘာ့ မစ်ဒယ်ဝိတ်တန်းချန်ပီယံ မြန်မာပြည်ဖွား အောင်လအန်ဆန်၊ MMA ကစားသမားဖိုးသော်တို့ တက်ရောက်ကာ နည်းပြများနှင့်အတူ သရုပ်ပြလေ့ကျင့်ယှဉ်ပြိုင်ထိုးသတ်မှုများ ပြုလုပ်ခဲ့သော်လည်း တခြားကစားသမားများမှာ တက်ရောက်ခဲ့ခြင်းမရှိသကဲ့သို့ အောင်လအန်ဆန်နှင့်အတူ ယှဉ်ပြိုင်ထိုးသတ်မည့် အလိန်းနဂါလာနီလည်း တက်ရောက်ခြင်းမရှိခဲ့ပေ။ ယင်း MMA အထူးစိန်ခေါ်ပွဲကြီးတွင် လက်မှတ်ခဈေးနှုန်းများကိုငွေကျပ် နှစ်သိန်း၊ ငွေကျပ် ငါးသောင်း၊ ငွေကျပ် နှစ်သောင်းနှင့် ငွေကျပ် တစ်သောင်း အတန်းလိုက် အသီးသီးသတ်မှတ်ထားပြီး အောက်တိုဘာ ၄ ရက်တွင် ကျင်းပမည့် WLC- 3 ရိုးရာလက်ဝှေ့ပြိုင်ပွဲလက်မှတ်များနှင့် ပူးတွဲဝယ်ယူပါက ရာခိုင်နှုန်း ၃၀ လျှော့ချပေးသွားမည်ဖြစ်သည်။ WLC- 3 လက်မှတ်များမှာ ငွေကျပ်တစ်သိန်း၊ ငွေကျပ် ငါးသောင်း၊ ငွေကျပ်တစ်သောင်းနှင့် ငွေကျပ် ငါးထောင် အသီးသီး သတ်မှတ်ပေးထားကြောင်း သိရသည်။ **သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

# မျိုးကောင်းမျိုးသန့်များပြောင်းလဲသုံးစွဲနိုင်ရန် မျိုးစေ့ထုတ်ခြင်းလုပ်ငန်းများကို ယခုနှစ်တွင် ဧက ၆၉၀၀၀ ကျော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်တွင်းဆန် စားသုံးမှုဖူလုံရုံသာမက ပြည်ပဈေးကွက်သို့ တိုးတက်တင်ပို့နိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဆန်စပါး၏ အထွက်နှုန်းမြင့်မားရေးနှင့် အရည်အသွေးကောင်းမွန်ရေးသည် မျိုးကောင်း၊ မျိုးသန့်နှင့် မျိုးစေ့များ သုံးစွဲနိုင်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသည့်အတွက် မျိုးကောင်းနှင့် မျိုးသန့်များ ပြောင်းလဲသုံးစွဲနိုင်ရန် မျိုးစေ့ထုတ်ခြင်းလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း စပါးအပါအဝင် သီးနှံမျိုးစေ့ထုတ်လုပ်ငန်းအား စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကို စိုက်ပျိုးပညာရှင်များ၏ အကူအညီနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ ဦးဆောင်မှုတို့ဖြင့် တောင်သူများလက်တွေ့ဆောင်ရွက်နိုင်သည့် အခြေအနေထိရောက်ရှိအောင် စံပြစိုက်ကွင်းများ ထူထောင်ဆောင်ရွက်နေပြီဖြစ်သကဲ့သို့ သီးနှံမျိုးစေ့ထုတ်လုပ်ငန်းနှင့် သက်ဆိုင်သူအားလုံးတို့က ပြဋ္ဌာန်းထားသည့် မျိုးစေ့ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မျိုးစေ့အဆင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို လိုက်နာကြရန် လွန်စွာအရေးကြီးကြောင်း ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ၆၅ ဧက စံပြစိုက်ကွင်း၌ ကျင်းပသည့် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနယူးရောကုမ္ပဏီနှင့် တောင်သူများ အကျိုးတူ စပါးမျိုးကောင်း မျိုးသန့်ထုတ်လုပ်ခြင်းနှင့် ပျိုးသက်နု ကောက်ကွက်ကြဲစိုက်ပျိုးနည်းစနစ် SRI ကွင်းသရုပ်ပြပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီး က ထိုကဲ့သို့ ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် မြန်မာနယူးရောကုမ္ပဏီလီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလင်းထွန်းက အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြင့် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ မျိုးစေ့ထုတ်လုပ်ငန်း တိုးတက်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တောင်သူပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်း GAP ကျင့်သုံးဆောင်ရွက်ရန် လိုအပ်ချက်များနှင့် သီးနှံဈေးကွက်အရေးပါမှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသနေတောင်သူများနှင့်အတူ မြန်မာနယူးရောကုမ္ပဏီလီမိတက်မှ ပျိုးသက်နုကောက်ကွက်ကြဲ စိုက်ပျိုးနည်း SRI စနစ်ဖြင့် စိုက်ပျိုးထားသော နှံကောက်မျိုးစပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ပြသရှင်းလင်းကြသည်။

ဆန်စပါး မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်ခြင်းလုပ်ငန်းကို တောင်သူအစုအဖွဲ့များဖွဲ့စည်း၍ ယခင်နှစ်က ၁၀၅၆၁ ဧက စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ယခုနှစ် မိုးစပါးရာသီတွင် မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များအပြင် အကျိုးတူလယ်ယာစနစ်ဖြင့် ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် အကျိုးဆောင်တောင်သူ၊ ခြံနှင့်တောင်သူပူးပေါင်းမှု၊ ပြည်ပစီမံကိန်းအကူအညီစသည်တို့ဖြင့် စုစုပေါင်း ဧက ၆၉၀၀၀ ကျော် စိုက်ပျိုးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဒီနေ့အားလုံးသဘောတူနိုင်တဲ့ အင်မတန်မှအရေးကြီးတဲ့ သဘောတူညီချက်တစ်ခုက မူဘောင်ပြန်လည်သုံးသပ်တဲ့အစည်းအဝေး အမြန်ဆုံးလုပ်မယ်။ အဲဒီမူဘောင်ကို အမြန်ဆုံးအတည်ပြုမယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း EAO- UPDJC အဖွဲ့ခေါင်းဆောင်**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် EAO- UPDJC အဖွဲ့ခေါင်းဆောင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းတို့၏ အစည်းအဝေးနှင့်စပ်လျဉ်းသည့် အမြင်များအား ဖော်ပြလိုက်ပါသည်။

**ဦးဇော်ဌေး၊ ညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

UPDJC အစည်းအဝေးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးပြီးတဲ့နောက်မှာ ပထမဆုံးခေါ်ယူနိုင်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ အဲဒီအစည်းအဝေးမှာ ကျွန်တော်တို့ နှစ်ရက်ဆွေးနွေးတယ်။ ဆွေးနွေးတဲ့အခါမှာ ဆုံးဖြတ်ချက်တွေချနိုင်တယ်။ ပထမအချက်က နောက်လာမယ့် (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှာ ဘယ်ဟာတွေဆွေးနွေးမလဲဆိုတာ သဘောတူနိုင်ခဲ့တယ်။ နောက် ဒုတိယအချက်ကတော့ ပြီးခဲ့တဲ့ညီလာခံပြီးတဲ့အချိန်မှာ အစုအဖွဲ့အသီးသီးက Review တွေပြန်လုပ်တယ်။ ပြန်သုံးသပ်တယ်။ EAO ကလည်း ပြန်သုံးသပ်တယ်။ အစိုးရကလည်း ပြန်သုံးသပ်တယ်။ နိုင်ငံရေးပါတီကလည်း ပြန်သုံးသပ်တယ်။ ပြန်သုံးသပ်တဲ့အခါမှာ အားသာချက်၊ အားနည်းချက်တွေကို တွေ့ထားပြီးတော့ ဖွင့်ပွဲနေ့မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသလိုပဲ မူဘောင်ပြန်ပြင်မယ်။ ပြန်ပြင်ပြီးရင် လုပ်ငန်းလမ်းညွှန်တွေပြန်ပြင်မယ်။ မကြာခင် ဒီအဖွဲ့တွေ အမြန်ဆုံးတွေ့ဆုံပြီးတော့ အစုအဖွဲ့တစ်ခုကို အတွင်းရေးမှူးငါးယောက် အပေါင်းသုံး ရှစ်ယောက်စီနဲ့ ကျွန်တော်တို့လုပ်မယ်။ ဒီကြားမှာလည်း အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကျင်းပမယ့် ကိစ္စတွေ ကျွန်တော်တို့ ဆွေးနွေးတယ်။ နောက်တစ်ချက် အရေးကြီးတာက CSO Forum နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်ချတယ်။ နိုဝင်ဘာလအတွင်းမှာ CSO Forum ကျင်းပမယ်။ ကျင်းပပြီးရင် CSO Forum ကနေပြီး မူဝါဒအဆိုပြုချက်စာတမ်းတွေ တင်သွင်းနိုင်အောင် လုပ်ပါဆိုပြီး ဆုံးဖြတ်ချက် ချထားတယ်။




ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း
EAO- UPDJC အဖွဲ့ခေါင်းဆောင်




ဦးဇော်ဌေး
ညွှန်ကြားရေးမှူးချုပ်

ပြီးခဲ့တဲ့ညီလာခံမှာ သဘောတူညီမှုမရရှိလို့ ကျန်ခဲ့တာ၊ သဘောတူစာချုပ် မချုပ်နိုင်ခဲ့တာ ဘာရှိလည်းဆိုတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ဖက်ဒရယ်ခွဲမထွက်ရေးကိစ္စ၊ ဒါတွေမှာ သဘောတူညီချက်မရခဲ့ဘူး။ မရခဲ့တဲ့အပြင် အခြားစီးပွားရေးကဏ္ဍမှာလည်း သဘောတူညီမှုမရလို့ ချန်ထားခဲ့တာတွေရှိတယ်။ အဲဒါတွေ ကျွန်တော်တို့ ပြန်ဆွေးနွေးမယ်။ နောက်အချက်က ပြီးခဲ့တဲ့ ညီလာခံမှာ အချိန်ကန့်သတ်ချက်အရ ညီလာခံမှာ တင်ပြီးဆွေးနွေးရင် သဘောတူညီမှုရဖို့ ခက်ခဲမယ့် အကြောင်းအရာအများကြီး မဆွေးနွေးဘဲနဲ့ ရွှေ့ချယ်ထုတ်နုတ်ပြီးတော့ ဆွေးနွေးခဲ့တယ်။ အဲဒီမှာ ချန်လုပ်ခဲ့တဲ့အကြောင်းအရာတွေရှိတယ်။ အဲဒီအကြောင်းအရာတွေကိုလည်း ကျွန်တော်တို့ ထပ်ပြီးဆွေးနွေးမယ်။ ချုပ်လိုက်ရင်တော့ ညီလာခံမှာ ပြီးခဲ့တဲ့ ဒုတိယအကြိမ်အစည်းအဝေးက ခေါင်းစဉ်တွေကိုပဲ ကျွန်တော်တို့ ပြန်ဆွေးနွေးမယ်။ အထူးသဖြင့် နိုင်ငံရေးကိစ္စတွေကို ဦးစားပေးပြီး ဆွေးနွေးမယ်။ နိုင်ငံရေးကိစ္စဆိုတာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသားအခွင့်အရေးနဲ့ ခွဲမထွက်ခွင့် ဒီကိစ္စတွေကို အလေးထားပြီး ဆွေးနွေးမယ်။ သို့သော် ကျန်တဲ့ ကဏ္ဍသုံးခုကိုလည်း ဆွေးနွေးမယ်။ လုံခြုံရေးကဏ္ဍနဲ့ပတ်သက်လို့ အစိုးရနဲ့ EAO အကြားအလွတ်သဘောဆွေးနွေးမှုတွေလုပ်မယ်။ ဆိုလိုတာက ပြီးခဲ့တဲ့ညီလာခံမှာ တစ်ခုတည်းသောတပ်မတော် ပြည်ထောင်စုတပ်မတော်မူကို ဆွေးနွေးဖို့ချလိုက်တယ်။ ချလိုက်တဲ့အချိန်မှာ အယူအဆမတူဘူး။ အယူအဆမတူတဲ့အပေါ်မှာ အခု ဒါတွေကို အမျိုးသားအဆင့်ကို ချပေးတာမဟုတ်ဘူး။ ပြည်ထောင်စုအဆင့်မှာ စဆွေးနွေးမယ်လို့ သတ်မှတ်ထားတယ်။ လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်လို့ တပ်မတော်နဲ့ EAO၊ အစိုးရနဲ့ EAO ဒီအကြားမှာ သီးသန့် ဆွေးနွေးပြီးတော့ သဘောတူညီချက်ရမှ ဆက်လို့ရမယ်ဆိုတာ ဒီအစည်းအဝေးမှာ ဆွေးနွေးပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**
**EAO- UPDJC အဖွဲ့ခေါင်းဆောင်**

ကျွန်တော်တို့ဆွေးနွေးတာ အင်မတန်မှ ကျေကျေညက်ညက်ဖြစ်ပါတယ်။ ကျေကျေလည်လည်လည်းဖြစ်တယ်။ ကျွန်တော်တို့သဘောတူနိုင်တဲ့ အချက်တွေလည်း အများကြီးရပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဆက်လက်ဆွေးနွေးဖို့ချန်ထားတာတွေလည်းရှိပါတယ်။ ကျန်တာအားလုံးတော့ ကျွန်တော်တို့ ဆွေးနွေးပြီးပါပြီ။ အထွေထွေလောက်ပဲ ကျန်ပါတော့တယ်။

အဖြေကောင်းတွေအများကြီးရပါတယ်။ ပြီးတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ အားလုံးကျင်းပနိုင်ဖို့အတွက်လည်း ဆက်လက်ကြိုးစားမယ်ဆိုတဲ့ဟာလည်း ကျွန်တော်တို့ရပါတယ်။ ဒါပေမယ့် နေရာသတ်မှတ်မှုတို့၊ ဘာတို့မှာတော့ ဆက်လက်ဆွေးနွေးဖို့လိုအပ်ပါတယ်။

ဒီနေ့အားလုံး သဘောတူနိုင်တဲ့ အင်မတန်မှ အရေးကြီးတဲ့ သဘောတူညီချက်တစ်ခုက မူဘောင်ပြန်လည်သုံးသပ်တဲ့ အစည်းအဝေး အမြန်ဆုံးလုပ်မယ်။ အဲဒီမူဘောင်ကို အမြန်ဆုံး အတည်ပြုမယ်။ အဲဒီမူဘောင်အတိုင်း UPDJC ဖြစ်ဖြစ် JMC ဖြစ်ဖြစ် JICM ဖြစ်ဖြစ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲပဲဖြစ်ဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပပုံ ကျင်းပနည်းပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံး ပြန်ပြီးအတည်ပြုဖို့ လိုပါတယ်။

NCA စာချုပ်မှာပါတဲ့ အချက်အလက်တွေ မူဘောင်ပါတဲ့ အချက်အလက်တွေ အားလုံးမှာ နားလည်မှုတူညီဖို့ လိုပါတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့နဲ့ အစိုးရနဲ့ တပ်မတော်၊ နိုင်ငံရေးပါတီအားလုံးလက်ခံနိုင်တဲ့ နိုင်ငံရေးလမ်းပြမြေပုံ ဆောင်ရွက်လိုက်မယ်ဆိုရင် ပြဿနာတွေ ပြေလည်မှာဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် ဒါကို နိုဝင်ဘာလအတွင်းမှာ အပြီးအစီးဆောင်ရွက်ဖို့ ကျွန်တော်တို့ သဘောတူထားပါတယ်။ ဒါဟာ အင်မတန်မှအရေးကြီးတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ **မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**

# စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူ တောင်သူများအစုအဖွဲ့ ဖွဲ့စည်းနိုင်ရေး တွေ့ဆုံဆွေးနွေး

**ပင်းတယ အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၊ မြို့နယ်ဓမ္မာရုံကြီးအတွင်းရှိ ပတ္တမြားခန်းမ၌ ပင်းတယမြို့နယ်လုံးဆိုင်ရာ တောင်သူအစုအဖွဲ့များ၏ တွေ့ဆုံပွဲနှင့် ဒေသအတွင်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ တောင်သူများအစုအဖွဲ့ ဖွဲ့စည်းနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနုဒေသဦးစီးရုံးအဖွဲ့မှ အလုပ်အမှုဆောင် ဦးညီညီ(ခ)ဦးညီလေးချမ်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးခွန်ကျော်ဌေးက စိုက်ပျိုးရေးတောင်သူများ အစုအဖွဲ့ ဖွဲ့စည်းခြင်းမှနေ၍ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်ရောင်းချမှုများ အောင်မြင်ဖြစ်ထွန်းလာစေရေးကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကျော်ဝင်းက ဒေသအတွင်း စိုက်ပျိုးမှုအခြေအနေများကို လည်းကောင်း၊ မြို့နယ်လက်ဖက်စိုက်တောင်သူများ၏ လက်ဖက်ယဉ်ကျေးမှုစက်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ စီမံကိန်းမန်နေဂျာ ဒေါ်နန်းသရဖူတင့်က လက်ဖက်အစုအဖွဲ့များ၏ လုပ်ဆောင်ခဲ့ပုံနှင့် အောင်မြင်မှုရရှိခဲ့ပုံတို့ကို လည်းကောင်း၊ စုပေါင်းမေတ္တာကွက်ရက်အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းမင်းက တောင်သူကွန်ရက်၏ လုပ်ဆောင်ချက်များအကြောင်းကို လည်းကောင်း၊ မြို့နယ်တောင်ပိုင်း တောင်သူအစုအဖွဲ့ အတွင်းရေးမှူး ဦးတင်စိုးက အစုအဖွဲ့၏ လိုအပ်ချက်များကိုလည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေ စာအုပ်လမ်း

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုနှင့်အတူ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် စတင်၍ Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို စာအုပ်ဆိုင်များနှင့် အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များအပါအဝင် စုစုပေါင်းဆိုင်ခန်း ၁၇၀ ခန့်ဖြင့် ပြန်လည်ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းဖွင့်ပွဲအခမ်းအနားတွင် စာအုပ်လမ်းသို့ လာရောက်မည့် စာဖတ်သူများအား စာအုပ်လက်ဆောင်ပေးခြင်း၊ ရေးသူဖတ်သူ ဆွေးနွေးပွဲကျင်းပခြင်း၊ စာရေးသူတို့၏ စာဖတ်ဝိုင်းအစီအစဉ်၊ စာပေပဟေဠိအစီအစဉ်၊ တေးဂီတအစီအစဉ်များဖြင့် ဖျော်ဖြေခြင်း၊ ကာတွန်းဆရာများ၏ ကယ်ရီကေးချားရေးဆွဲခြင်းစသော အစီအစဉ်များ ပါဝင်မည်ဖြစ်သောကြောင့် စာပေဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးသူများအားလုံး ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းသို့ ကြွရောက်အားပေးနိုင်ပါရန်နှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၁ ရက်နေ့မှ ၁၃ ရက် နေ့အထိ စနေ-တနင်္ဂနွေ-တနင်္လာ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျန်ရက်သတ္တပတ်များတွင် စနေ-တနင်္ဂနွေနေ့ များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း (၀၉-၃၀၀၀၂၃၁၁)**

# ဘဏ္ဍာရေးနှစ် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့က လွှတ်တော်နှင့်ညှိနှိုင်းဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော ကချင်ပြည်နယ်အတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာများကို ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်မင်းတို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်း၏မူနှင့် အခြေခံ သဘောများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ပြောင်းလဲပြင်ဆင်သတ်မှတ်သည့်ကိစ္စ**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲသတ်မှတ် ဆောင်ရွက်လိုသည့် အဓိကအကြောင်းရင်းမှာ ယနေ့အချိန်အခါသည် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် လိုအပ်နေသော အခြေခံ အဆောက်အအုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ရန် လိုအပ်နေသည့်အချိန်ဖြစ်သဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၏ တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ဆက်တည်းဖြစ်သော ပွင့်လင်းရာသီ အများဆုံးရရှိနိုင်စေရန် ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှစ် ပြောင်းလဲသည့်အခါ စနစ်ဟောင်းမှ စနစ်သစ်ကို ကူးပြောင်းချိန်အတွင်း ပထမပိုင်းတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေအရပ်ရပ်သည် စီမံခန့်ခွဲမှုနည်းလမ်း အသွယ်သွယ်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကာလရှည်တွင် ကောင်းမွန်သည့် အကျိုးရလဒ်များသာ စဉ်ဆက်မပြတ် ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ် ပြောင်းလဲမှုနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့က လွှတ်တော်နှင့် ညှိနှိုင်း၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကုန်ကျစရိတ်ရှိလာနိုင်မှုနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုပြုလုပ်တိုင်း ကုန်ကျစရိတ်သည် အထိုက်အလျောက်ရှိမည်ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်များမှာ ပြုပြင်ပြောင်းလဲသည့် အချိန်တွင်သာ ရှိမည်ဖြစ်ပြီး ပြောင်းလဲမှုပြုလုပ်ပြီး နောက်ပိုင်းနှစ်များတွင် ပုံမှန်လုပ်ငန်းဆောင်ရွက်နိုင်မည့် အနေအထားရောက်ရှိပါက ကုန်ကျစရိတ်ရှိတော့မည် မဟုတ်ပါကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းသည် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ် အချိန်မီရရှိနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသဖြင့် ဘဏ္ဍာရေးနှစ်ပြောင်းလဲသော်လည်း ချေးငွေကာလကို ပြောင်းလဲရန် အစီအစဉ်မရှိပါကြောင်းနှင့် သတ်မှတ်ထားသည့် အချိန်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးမည့် အစိုးရ၏ လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်စေရေးနှင့် ပြည်သူ့ဘဏ္ဍာငွေ ရရှိ/ သုံးစွဲမှုများကို ပြည်သူ့အတွက် ပိုမိုထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးတို့ အတွက် ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင် သတ်မှတ်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ယင်းသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်မည့် အကြောင်းကို လွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတက သဝဏ်လွှာပေးပို့ အကြောင်းကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်ရန် ကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင် ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်း ဆွေးနွေးသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးမည့် အစိုးရ၏ လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်စေရေးနှင့် ပြည်သူ့ဘဏ္ဍာငွေ ရရှိ/ သုံးစွဲမှုများကို ပြည်သူ့အတွက် ပိုမိုထိရောက် အကျိုးရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးတို့အတွက် ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက် အထိ ပြောင်းလဲပြင်ဆင် သတ်မှတ်ဆောင်ရွက်မည်**

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးနေသော ဘဏ္ဍာရေးနှစ်ဖြစ်သည့် ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အစား အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက် အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်မှုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအပါ အဝင် ၎င်းကိစ္စအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ရှင်းလင်းတင်ပြချက်များကို ပြည်ထောင်စု လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်း အပြန်အလှန်အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပါဝင်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံအနေဖြင့် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့် နည်းဥပဒေတို့ကို ၂၀၀၄ ခုနှစ်တွင် ပြဋ္ဌာန်းထားရှိပြီး ဗဟိုအာဏာပိုင်အဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ အာဆီယံနိုင်ငံများအကြား ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း ကူညီပေးရေး သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ခြင်း၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၃) ကြိမ်မြောက် ဘင်းမ်စတက် ညီလာခံတွင် နိုင်ငံတော်သမ္မတက အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားခဲ့ခြင်းတို့ကြောင့် မြန်မာနိုင်ငံက ဦးဆောင်ပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ကွန်ဗင်းရှင်းတွင် အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် အကြမ်းဖက်မှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးကဏ္ဍ၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆွေးနွေးနိုင်မှုကဏ္ဍနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း အခန်းကဏ္ဍတို့ကို ပိုမိုပေါ်လွင်စွာ ဖော်ပြနိုင်မည်ဖြစ်ပါကြောင်း၊ ဘင်းမ်စတက်အဖွဲ့အစည်းသည် အာရှ - ပစိဖိတ်ဒေသတွင်း နိုင်ငံများ၏ ကုန်သွယ်မှု၊ ရင်ဆိုင်ဖြေရှင်းနေရသည့် မူးယစ်ဆေးဝါး ပြဿနာ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် ဘင်းမ်စတက်အဖွဲ့အစည်း၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဘင်းမ်စတက်ကွန်ဗင်းရှင်းပါ တာဝန်ဝတ္တရားများနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် ကြိုတင်ဆောင်ရွက်ရမည့် မိမိတို့ ပြည်တွင်းဥပဒေများကိုလည်း ပြဋ္ဌာန်းပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်ကူညီပေးရေး ဘင်းမ်စတက်ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးရန် အသင့်ဖြစ်နေပြီ ဖြစ်ပါကြောင်း၊ သို့ပါ၍ ဘင်းမ်စတက်ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိရေး တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့အစည်းအကြီးအကဲများနှင့် တရုတ်နိုင်ငံ မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့တို့အကြား လေယာဉ် မတော်တဆ ထိခိုက်မှုစုံစမ်းစစ်ဆေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စ**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လေယာဉ်မှူး လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အာဆီယံ၏ အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုး၍ လက်ခံအတည်ပြုကြောင်း အကြောင်းကြားနိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နိုဝင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်**

# အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေ သတ်မှတ်ခံရခြင်း အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မိုးညှင်း အောက်တိုဘာ ၃၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေသတ်မှတ်ခံရခြင်း အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက အင်းတော်ကြီးဘုရား ဒေါ်ပုလဲမွှာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နှုတ်ခွန်းဆက် စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် က အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E.Dorothee Janetzke-Wenzelနှင့် ဂျာမနီယူနက်စကို ဇီဝအဝန်းနယ်မြေ ဥက္ကဋ္ဌ H.E .Dr. Cheistiane Paulus တို့က အခမ်းအနားတက်ရောက်ခွင့်ရရှိသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ဂျာမနီဇီဝအဝန်းနယ်မြေကိုယ်စား ယူနက်စကိုမှ ကမ္ဘာ့ကွန်ရက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အင်းတော်ကြီးကန်အား ဇီဝအဝန်းနယ်မြေအဖြစ်တရားဝင် လက်ခံအတည်ပြုပေးသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အင်းတော်ကြီးဒေသသည် ဇီဝဗေဒဆိုင်ရာယဉ်ကျေးမှုမျိုးစုံကြွယ်ဝသော ဧရိယာတစ်ခုဖြစ်သည့်အလျောက် နိုင်ငံခြားသားခရီးသွားများအား ဆွဲဆောင်နိုင်သည့်အတွက် ဒေသတွင်း ခရီးသွားလုပ်ငန်းများလည်း တွင်ကျယ်လာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး ဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်နှင့် ဂျာမနီနိုင်ငံ ဇီဝအဝန်းနယ်မြေတစ်ခုဖြစ်သည့် (Biosphere Reserve Spreewald) မှ ညွှန်ကြားရေးမှူး Mr. Eugen Nowak တို့က မိတ်ဆက်အဖွဲ့အစည်းများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ဆက်လက်၍ သစ်တောဦးစီးဌာနနှင့် FFI တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း



အခမ်းအနားကိုကျင်းပရာ သစ်တောဦးစီးဌာနရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်နှင့် FFI မှ အမှုဆောင်အရာရှိချုပ် Mr. Matthew Walpole တို့က အသီးသီး လက်မှတ်ရေးထိုးကြသည်။ **နီတိုး**

# ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

(ဠ) **ပြန်လည်နေရာချထားရေးနှင့်လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး ဗဟိုကော်မတီ** ဆိုသည်မှာ သိမ်းယူသည့်မြေပေါ်မှ ရွှေ့ပြောင်းဖယ်ရှား ခံရသူများ၊ မြေသိမ်းဆည်းခံရမှုကြောင့် ထိခိုက်နစ်နာသူများအား ရွှေ့ပြောင်းနေရာချထားရေး၊ လူမှုစီးပွားရေးဘဝပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ ကြီးကြပ်ကွပ်ကဲရန် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ကိုဆိုသည်။

(ဍ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေး ဘဝပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီ** ဆိုသည်မှာ သိမ်းယူသည့်မြေပေါ်မှ ရွှေ့ပြောင်းဖယ်ရှားခံရသူများ၊ မြေသိမ်းဆည်းခံရမှုကြောင့် ထိခိုက်နစ်နာသူများအား ရွှေ့ပြောင်းနေရာချထားရေး၊ လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအား တာဝန်ခံဆောင်ရွက်ရန် ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေးဗဟိုအဖွဲ့က အမိန့် ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

(တ) **အဆောတလျင် မြေသိမ်းခြင်း** ဆိုသည်မှာ အရေးပေါ်ဖြစ်ပေါ်လာသည့် ကိစ္စတစ်ရပ်ရပ် အပေါ် မူတည်၍ မလွှဲမရှောင်သာသော အခြေအနေတစ်ရပ်ရပ်တွင် အလျင်အမြန် မြေသိမ်းယူခြင်းကိုဆိုသည်။

(ထ) **ယာယီမြေသိမ်းခြင်း** ဆိုသည်မှာ မြေကို ရေရှည်အသုံးချရန် မရည်ရွယ်ဘဲ သတ်မှတ်ကာလတစ်ခုအတွင်း ယာယီအသုံးပြုရန်အတွက်သာ သိမ်းယူခြင်းကိုဆိုသည်။

(ဒ) **မြေကိုအလိုရှိကြောင်း အသိပေးကြော်ငြာခြင်း** ဆိုသည်မှာ မြေ တစ်ရပ်ရပ်ကို သိမ်းယူရန် ရည်ရွယ်ကြောင်းကိုလည်းကောင်း၊ အများပြည်သူသို့ ကန့်ကွက်နိုင်ရန်၊ ရပိုင်ခွင့်များ တောင်းဆိုနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို သိရှိနိုင်ရန်လည်းကောင်း ပွင့်လင်းမြင်သာစွာ အသိပေးကြော်ငြာသည်ကို ဆိုသည်။

(ဓ) **မြေကို သိမ်းယူမည်ဖြစ်ကြောင်း ကြေညာခြင်း** ဆိုသည်မှာ မြေကိုသိမ်းယူရန် ပဏာမစစ်ဆေးချက်များကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြေကို သိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ အသိပေးကြေညာခြင်းကို ဆိုသည်။

(န) **မြေလက်ရောက်သိမ်းယူခြင်း** ဆိုသည်မှာ သာမန်အားဖြင့် သိမ်းယူရန် အဆိုပြုသည့်မြေအား အဆိုပြုသည့် ဌာနအဖွဲ့အစည်းသို့ ကြွေးမြီကင်းရှင်းသည့် နိုင်ငံပိုင်မြေအဖြစ်ဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က လက်ရောက်ရယူခြင်းကို ဆိုသည်။

(ပ) **အများပြည်သူအလို့ငှာ** ဆိုသည်မှာ နိုင်ငံတော်၏ လုံခြုံရေး၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်အများပြည်သူတို့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်ရွယ်ချက်များကို ဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်

၃။ ဤ ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေနှင့်အညီ မြေသိမ်းမှု ဖြစ်ပေါ်စေခြင်းဖြင့်၊ မတရားမြေသိမ်းဆည်းမှုများကို တားဆီးရန်နှင့် မြေသိမ်းခံရသူများ၏ အကျိုးစီးပွားကို ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု ရရှိစေရန်၊

(ခ) မြေသိမ်းခြင်းပြုရာတွင် အကျိုးစီးပွားထိခိုက်နစ်နာသူမိသားစုများ၊ ဒေသခံပြည်သူများ ပါဝင်သော ကြိုတင်အသိပေးခြင်း၊ လွတ်လပ်စွာ ညှိနှိုင်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊

(ဂ) အကျိုးစီးပွား ထိခိုက်နစ်နာမှုခံရသူ မိသားစုများအတွက် တရားမျှတ လျော်ကန်သည့် လျော်ကြေးနှင့် နစ်နာကြေးများ ခံစားရရှိစေရန်၊

(ဃ) မြေသိမ်းရာတွင် အိမ်ရာမြေ စွန့်လွှတ်ဖယ်ရှားခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် ပြန်လည်နေရာချထားပေးခြင်း ခံစားရရှိစေရန်၊

(င) မြေသိမ်းခံရခြင်းကြောင့် အကျိုးစီးပွားထိခိုက်သူနှင့်နစ်နာသူမိသားစုများ၏ လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ပေးခြင်း ခံစားရရှိစေရန်၊

(စ) မြေကိုသိမ်းယူအသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူ၏ လူမှုစီးပွားထိခိုက်နစ်နာမှုများအား တားဆီးကာကွယ်ရန်။

### အခန်း (၃)
### မြေသိမ်းဥပဒေနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ

၄။ ဤဥပဒေပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖြစ်စေ၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ မြေတစ်ရပ်ကို အများပြည်သူအလို့ငှာ ထာဝရဖြစ်စေ၊ ယာယီဖြစ်စေ လိုအပ်မှုအပါအဝင်မြေကို ကိုယ်တိုင်အသုံးပြုမှု၊ လက်ဝယ်ထိန်းသိမ်းထားမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများအတွက် မြေသိမ်းဆည်းခြင်း၊ လျော်ကြေးငွေပေးအပ်ခြင်း၊ လူမှုစီးပွားရေးဘဝ ပြန်လည် ထူထောင်ပေးခြင်းနှင့် ပြန်လည်အခြေချနေထိုင်စေခြင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်စေရမည်ဖြစ်ပြီး အောက်ဖော်ပြပါအချက်များနှင့်လည်း အကျုံးဝင်သက်ဆိုင်စေရမည် -

(က) နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် မြေလိုအပ်မှုများ၊

(ခ) အမျိုးသားစီးပွားရေးမူဝါဒအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းများ၊

(ဂ) လူမှုစီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ၊

(ဃ) မြို့ပြနှင့်ကျေးရွာတိုးချဲ့တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊

(င) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး ကိစ္စရပ်များ၊

(စ) တည်ဆဲအခြားဥပဒေများပါ မြေသိမ်းရန် ကိစ္စရပ်များ။

၅။ အောက်ဖော်ပြပါ မြေနေရာများကို သိမ်းယူမည့်မြေ လျာထားချက်တွင် ပါဝင်ပါက ပြည်ထောင်စုလွှတ်တော်၏ သဘောတူအတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း မရှိပါက သိမ်းယူခြင်းမှ ကင်းလွတ်စေရမည်-

(က) သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိသည့် နေရာများ၊

(ခ) သမိုင်းကြောင်း ခိုင်မာစွာ တည်ရှိလာပြီး ပြည်သူအများ တန်ဖိုးထား ထိန်းသိမ်းလာ သည့် အထင်ကရ သဘာဝနယ်မြေများ၊ ဘာသာရေး အဆောက်အအုံများ၊ ပရိဝုဏ်များ၊ အထိမ်းအမှတ်နေရာများ၊

(ဂ) တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာဓလေ့ထုံးစံအရ အသုံးပြုနေသော မြေများနှင့် အမြတ်တနိုးရှိသေတန်ဖိုးထား စောင့်ရှောက်ထိန်းသိမ်းထားသည့်နေရာများ။

### အခန်း (၄)
### မြေသိမ်းရန် အဆိုပြုခြင်းနှင့် စိစစ်ခြင်း

၆။ မြေတစ်ရပ်ရပ်ကို အများပြည်သူအလို့ငှာ အသုံးပြုရန် ရရှိလိုသည့် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ဌာနမဆို မြေတည်ရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံသို့ တိုက်ရိုက်ဖြစ်စေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဥက္ကဋ္ဌမှတစ်ဆင့်ဖြစ်စေ အဆိုပြုလျှောက်ထားရမည်။

၇။ ဤဥပဒေအရ မြေသိမ်းခြင်းပြုပေးရန် အောက်ပါသူတို့သည် လျှောက်ထားပိုင်ခွင့်ရှိသည်-

(က) နိုင်ငံတော် အဖွဲ့အစည်းများ၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ လက်အောက်ရှိ ဌာနများနှင့်အဖွဲ့အစည်းများ၊

(ဂ) ဖက်စပ်ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊

(ဃ) တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထောက်ပံ့ကူညီ လှူဒါန်းသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကတစ်ဦးချင်းနှင့် အဖွဲ့အစည်းများကိုယ်စား ဦးစီးဆောင်ရွက်ပေးမည့် အစိုးရဌာန၊ အဖွဲ့အစည်းများ။

၈။ အများပြည်သူအလို့ငှာ မြေသိမ်းပေးရန်အဆိုပြုသည့် တင်ပြချက်တွင် အောက်ပါလိုအပ်သည့် အထောက်အထားများ ပူးတွဲပါရှိစေရမည်-

(က) အဆိုပြုတင်ပြသူ သို့မဟုတ် အဆိုပြုရန် တာဝန်ပေးအပ်ခံရသူ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အဆိုပြုလွှာ၊

(ခ) အလိုရှိသည့် မြေနှင့် ပတ်သက်သည့် မြေပုံနှင့် မြေရာဇဝင်မှတ်တမ်း၊

(ဂ) မြေကို သိမ်းယူရန် အလိုရှိသည့် အကြောင်းရင်း ဖော်ပြချက်၊

(ဃ) အလိုရှိသည့် မြေပေါ်တွင် ဘာသာရေးအဆောက်အအုံများ၊ အများပြည်သူဆိုင်ရာ သုသာန်မြေနှင့် သင်္ချိုင်းဂူများ ပါဝင်မှုရှိ၊ မရှိနှင့်ပါရှိပါက ယင်းနေရာကို ချန်လှပ်ထားရေးအပေါ် သဘောထားတင်ပြချက်၊ ချန်လှပ်ခြင်းမရှိဘဲ သိမ်းယူလိုပါက ပြောင်းရွှေ့ဖယ်ရှားမှုအတွက် ကုန်ကျစရိတ်အဝဝ တာဝန်ယူကြောင်း ကတိခံဝန်ချက်၊

(င) အလိုရှိသည့်မြေတွင် လုပ်ဆောင်မည့် လုပ်ငန်းတို့အတွက် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက်ဆောင်ရွက်ထားရှိမှု အစီရင်ခံစာနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊

(စ) အလိုရှိသည့်မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများ၊ ထိခိုက်နစ်နာသူမိသားစုများနှင့်စပ်လျဉ်း၍ လူမှုစီးပွားရေးဘဝထိခိုက်မှုဖြစ်နိုင်ခြေ သုံးသပ်တင်ပြချက်၊

(ဆ) အလိုရှိသည့်မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများနှင့် စပ်လျဉ်း၍ ပြန်လည်နေရာချထားရေးနှင့်လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမည့်အစီအစဉ်၊

(ဇ) မြေသိမ်းခြင်း လုပ်ငန်းစဉ်အရပ်ရပ်အတွက် ဘဏ္ဍာရေးနှင့် အခြားအထောက်အပံ့ ကိစ္စရပ်များကို တာဝန်ယူကြောင်း ဝန်ခံကတိပြုလွှာ၊

(ဈ) အဆောတလျင် သို့မဟုတ် ယာယီသိမ်းပေးရန် လိုအပ်ပါက အကျိုးအကြောင်း ဖော်ပြချက်၊

(ည) အုပ်ချုပ်မှုဆိုင်ရာ သဘောတူညီချက်။

၉။ မြေကိုအလိုရှိကြောင်း အဆိုပြုတင်ပြလာမှုကို လက်ခံရရှိသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး သို့မဟုတ် နေပြည်တော်ကောင်စီရုံးက သတ်မှတ်သည့်အချက်များ ပြည့်စုံစွာ ဖော်ပြပါရှိမှုကို စိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည့်စုံမှုမရှိပါက အဆိုပြုတင်ပြသူသို့ ပြန်လည်ဖြည့်စွက်ဖော်ပြရန် လိုအပ်ချက်များကို ဆောင်ရွက်စေရေး ညွှန်ကြားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ရန်ကုန်တက္ကသိုလ်၌ လူငယ်ဆိုင်ရာ ပြည်သူ့စကားဝိုင်းများ ကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)များကို ကျင်းပလျက်ရှိရာ **လူငယ်နှင့် လူမှုမီဒီယာ**ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၄ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ **လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း**ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် လည်းကောင်း ပြည်သူ့စကားဝိုင်းများကို ရန်ကုန်တက္ကသိုလ် Recreation Centre ၌ ပြုလုပ်မည်ဖြစ်သည်။

**လူငယ်နှင့် လူမှုမီဒီယာ**ခေါင်းစဉ်ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သဃ်န်းကျွန်းမြို့နယ် အမှတ် (၁)ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ ဦးသောင်းစုငြိမ်း (CEO,Information Matrix Co.Ltd.) နှင့် လူငယ်ကိုယ်စားလှယ် ဦးရန်နိုင်ဦး (CEO, The Door Institute and Social Enterprise)တို့မှ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

**လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း** ခေါင်းစဉ်ကို ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ အင်းစိန်မြို့နယ် အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်း၊ ဦးဝင်းနိုင် (JPE Everest Ltd.ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)နှင့် ဦးသန်းစိုး(CEO & Chief Editor,7 HR Business Group and Two Four DMA Media Group) တို့မှ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။



# ကုန်စည်စီးဆင်းမှုမြန်ဆန်စေမည့် မင်းပြား-မြေပုံကားလမ်းပေါ်မှ ကြပ်စင်မြစ်ကူးတံတား တည်ဆောက်မှု ၅၄ ရာခိုင်နှုန်းကျော်ပြီးစီး

**မောင်တော အောက်တိုဘာ ၃၁**

ကြပ်စင်မြစ်ကူးတံတားသည် ရခိုင်ပြည်နယ် မင်းပြားမြို့မှ မြေပုံမြို့သို့သွားရာကားလမ်း မိုင်တိုင်အမှတ်(၂၂/၄) နှင့် (၂၃/၁) ကြားတွင် တည်ရှိသည်။ ကြပ်စင်မြစ်ကို ဖြတ်၍ တည်ဆောက်လျက်ရှိသည့် အဆိုပါတံတား တည်ဆောက်မှုမှာ ယခုအခါ ၅၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကြပ်စင်တံတားတည်ဆောက်မှုကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်ကစတင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တံတားတည်ဆောက်မှုပြီးစီးရန် ရည်မှန်းထားကြောင်း သိရသည်။ တံတားတည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများအတွက် ကုန်စည်ကူးသန်းစီးဆင်းမှုလွယ်ကူလျင်မြန်ပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

"အခုကြပ်စင်တံတားတည်ဆောက်မှုက ၅၄ ရာခိုင်နှုန်း ပြီးစီးနေပြီလို့ ဆိုရမှာပါ။ ဒီတံတားကြီး မပြီးခင်အထိတော့ မင်းပြားမြို့နဲ့ မြေပုံမြို့တို့ကို သွားမယ်ဆိုရင် ကြပ်စင်မြစ်ကို ဇက်ရေယာဉ်နဲ့ စက်လှေတွေ အသုံးပြုပြီး ဖြတ်ကူးရပါတယ်။ ဒေသခံတွေအနေနဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး ကုန်ကျစရိတ်တွေ ရှိပါတယ်။ ဒီတံတားကြီးပြီးစီးသွားရင်တော့ ဒေသခံတွေရောတခြားလာရောက်ကြတဲ့ ဧည့်သည်တွေပါ အချိန်ကုန် လူပန်းသက်သာပြီး အချိန်မရွေး ဖြတ်သန်းသွားလာနိုင်မှာ ဖြစ်ပါတယ်"ဟု တံတားစီမံကိန်းတာဝန်ခံ တံတားအထူးအဖွဲ့(၈) မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ပြောသည်။

ကြပ်စင်မြစ်ကူးတံတားသည် အလျားပေ ၁၉၂၀ ရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၄ ပေရှိကာ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ်တွင် သံကူကွန်ကရစ်ဘိုးပိုင်အမျိုးအစား၊ တံတားအောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်ကာ တံတားအပေါ်ထည်မှာ သံမဏိသံပေါင်၊ Plate Girder နှင့် RC ကြမ်းခင်းဖြစ်ကြောင်း သိရသည်။

ကြပ်စင်မြစ်ကူးတံတားသည် ရေလမ်းကင်းလွတ်အကျယ် ၂၁၅ ပေ (၆၅ ဒသမ ၅၃မီတာ)၊ ရေလမ်းကင်းလွတ်အမြင့် ၃၉ ပေ ၄ လက်မဖြစ်ကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း၏ ၇၅ တန်ဖြစ်သည်။ တံတားတစ်စင်းလုံး၏ ခန့်မှန်းစီမံကိန်းကုန်ကျတန်ဖိုးငွေကျပ်သန်းပေါင်း ၁၀၄၀၀ ဖြစ်သည်။

ယခုအခါ မင်းပြားမြို့မှမြေပုံမြို့သို့သွားမည် ဆိုပါက ကြပ်စင်မြစ်ကို ဇက်ရေယာဉ်နှင့် လှေငယ်များ အသုံးပြု၍ သွားလာလျက်ရှိပြီး ညပိုင်းအချိန်များတွင် သွားလာရခက်ခဲကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကြက်ခြေနီလှုပ်ရှားမှုမှာ လူမျိုး၊ ဘာသာ၊ အသားအရောင်ခွဲခြားမှု လုံးဝမရှိပါဘူး။ သူတို့ရဲ့လိုအပ်မှုအပေါ်မှာမူတည်ပြီး ထောက်ပံ့သွားမှာဖြစ်

**ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဘေးဒုက္ခခံစားနေရသူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ ပူးပေါင်း၍ ကြက်ခြေနီလှုပ်ရှားမှုအစီအစဉ်ဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။**




ဦးအောင်သောင်းရွှေ




ICRC မောင်တော ကိုယ်စားလှယ်




လခြမ်းနီ ဖက်ဒရေးရှင်း ကိုယ်စားလှယ်

ရခိုင်ပြည်နယ်အတွင်းရှိ ဘေးဒုက္ခခံစားနေရသူများကို လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်လျက်ရှိသည့် ကြက်ခြေနီလှုပ်ရှားမှု အစီအစဉ်တွင် ပါဝင်ဆောင်ရွက်နေသည့် အသင်း၊ ကော်မတီနှင့် အဖွဲ့များမှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ပါသည်။

**ဦးအောင်သောင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူး**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန**

**မေး။ ။ဆရာ့ရဲ့တာဝန်နဲ့ ကြက်ခြေနီလှုပ်ရှားမှုအစီအစဉ်နဲ့ မောင်တောမြို့မှာ လုပ်ငန်းဆောင်ရွက်နေမှုတွေကို သိပါရစေ။**

ဖြေ။ ။ကျွန်တော်က လက်ရှိမှာတော့ မောင်တောမြို့မှာ နေပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း တာဝန်ခံအနေနဲ့ ဆောင်ရွက်နေပါတယ်။ ကြက်ခြေနီလှုပ်ရှားမှုမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရယ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရယ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနဲ့ လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းရယ် အဖွဲ့သုံးဖွဲ့ ပူးပေါင်းပြီး လက်ရှိရခိုင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခမှာ အမှန်တကယ် အကူအညီလိုအပ်သူတွေကို ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။

**မေး။ ။ကညင်ချောင်းဆိပ်ကမ်းမှာရောက်ရှိနေတဲ့ သင်္ဘောနဲ့ ပတ်သက်ပြီး ဘာပစ္စည်းတွေပါတယ်၊ ဘယ်ဒေသတွေကို ဘယ်လိုအစီအစဉ်နဲ့ ဖြန့်ဝေပေးသွားမယ်ဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ကညင်ချောင်းဆိပ်ကမ်းမှာ ဆိုက်ထားတဲ့ သင်္ဘောမှာ ရန်ကုန်ကနေ မောင်တောကိုပို့တဲ့ ပစ္စည်းတွေ ပါလာတယ်။ ဒီသင်္ဘောပေါ်မှာ ကြက်ခြေနီလှုပ်ရှားမှုဆိုင်ရာ အဖွဲ့ ပစ္စည်းတွေပါလာတယ်။ အဓိကကတော့ ဆန်ရယ်၊ ပဲရယ်၊ ဆားရယ်၊ ဆီရယ်၊ ကလေးတွေအတွက် အာဟာရမုန့်တွေ ပါပါတယ်။ နောက်ပြီး တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းတွေ၊ စောင်၊ ခြင်ထောင်စတဲ့ ပစ္စည်းတွေလည်းပါပါတယ်။

အသေးစိတ်ပြောရရင်တော့ ဆန်(တန် ၂၅၀)၊ ပဲ (တန် ၆၀)၊ ဆီ(၁၀ ဒသမ ၅ တန်)၊ ဆား (၂ ဒသမ၅တန်)နဲ့ အာဟာရမုန့် (၁ ဒသမ ၅တန်) ပါပါတယ်။ နောက်ပြီး စားသောက်ကုန်မဟုတ်သော စောင်၊ ခြင်ထောင်နဲ့ တစ်ကိုယ်ရေသန့်ရှင်းရေး သုံးပစ္စည်းတွေ၊ မိသားစုသုံးပစ္စည်းတွေ ပါပါတယ်။

သွားတိုက်ဆေးနဲ့ ခေါင်းလျှော်ရည်ထုပ်တွေနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းတွေ ပါပါတယ်။ နောက် မိသားစုသုံးပစ္စည်းတွေပါ။ ဒီထဲမှာ ဘာတွေပါလဲဆိုရင် စောင်၊ တာပေါ်လင်နှစ်ချပ်၊ တူ၊ ကြိုး၊ အမျိုးသားဝတ်လုံချည်၊ အမျိုးသမီးဝတ်လုံချည်၊ ကလေးငယ်တွေအတွက် ကျောင်းစိမ်းနဲ့ ဆေးစိမ်ခြင်ထောင်တွေ ပါပါတယ်။

ဒီပစ္စည်းတွေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေရဲ့အင်အားနဲ့ ဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်။ ပစ္စည်းတွေ ဖြန့်ဝေတဲ့နေရာမှာလည်း ဘူးသီးတောင်နဲ့ မောင်တောမှာရှိတဲ့ အမှန်တကယ်လိုအပ်နေတဲ့ပြည်သူတွေ၊ ကွင်းဆင်းကြည့်ရှုမှုအရ လိုအပ်တဲ့နေရာမှာ သူတို့ရဲ့လိုအပ်ချက်တွေအပေါ် မူတည်ပြီး ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ရဲ့ထောက်ပံ့ခဲ့မှု အခြေအနေနဲ့ ဘယ်လောက်ထောက်ပံ့ပေးပြီးပြီလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ထောက်ပံ့တဲ့နေရာမှာ နှစ်ပိုင်းရှိပါတယ်။ နေရပ်ပြန်ပြည်သူတွေအတွက်ကျတော့ တစ်ဦးချင်းထောက်ပံ့ပါတယ်။ နေရပ်ပြန်ပြည်သူတွေအတွက် စစ်တွေကပြန်လာရင် အစိုးရအနေနဲ့ သင်္ဘောခငွေကျပ် ၉၀၀၀ နဲ့ ငွေကျပ် ၂၀၀၀၀ ပေးသလို ကြက်ခြေနီလှုပ်ရှားမှုအနေနဲ့ တစ်ဦးကို ငွေကျပ် ၄၅၀၀၀ ထောက်ပံ့ပေးပါတယ်။ ဒါက လူတစ်ဦးချင်းကို ထောက်ပံ့ပေးတာပါ။ မိသားစုအတွက်တော့ မိသားစုသုံးအသုံးအဆောင်ပစ္စည်းတွေ ထောက်ပံ့ပေးပါတယ်။ ကြက်ခြေနီလှုပ်ရှားမှုအနေနဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်မှာ စုစုပေါင်း လူဦးရေ ၁၈၀၀၀၀ အထိ ထောက်ပံ့သွားနိုင်အောင် စီစဉ်ဆောင်ရွက်နေတယ်။

ငွေကြေးထောက်ပံ့မှုအနေနဲ့က လူဦးရေ ၁၀၀၀၀ ကျော်ထောက်ပံ့ပေးပြီးသွားပါပြီ။ အခုလက်ရှိလည်း ရွာတွေကို သွားရောက်ထောက်ပံ့လျက်ရှိပါတယ်။

**မေး။ ။နောက်ထပ် ထောက်ပံ့ပေးမယ့် အစီအစဉ်ရှိရင်လည်း သိချင်ပါတယ်။**

ဖြေ။ ။အခုရောက်နေတဲ့ သင်္ဘောက ပထမဆုံးအကြိမ်အဖြစ် ထောက်ပံ့ဖို့ ရောက်နေတာဖြစ်ပါတယ်။ နောက်ထပ်လည်း ထောက်ပံ့ပစ္စည်း တန် ၄၀၀ လောက်ကို သင်္ဘောနဲ့သယ်ယူပြီးတော့ ထောက်ပံ့သွားဖို့လည်း စီစဉ်ထားပါတယ်။ ဆက်လက်ပြီး ထောက်ပံ့မှာက ပြည်သူတွေ အမှန်တကယ်လိုတဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးအတွက် အစားအစာတွေ၊ သောက်ရေသန့်တွေ၊ ကျန်းမာရေးဆိုင်ရာတွေဖြစ်တဲ့ ရေနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးတွေအပြင် ငွေကြေးထောက်ပံ့မှုတွေကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။

နောက်ထပ်ရောက်လာမယ့်ပစ္စည်းတွေထဲမှာ ဆန်တွေ၊ ငါးစည်သွပ်ဘူး၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းတွေ၊ မိသားစုအသုံးအဆောင်ပစ္စည်းတွေနဲ့ အမျိုးသမီးသုံးပစ္စည်းတွေပါဖို့ရှိပါတယ်။ ကျွန်တော်တို့ ဒီမှာ အသင်းအဖွဲ့တွေ ရှိပါတယ်။ ၂၀၁၄ ခုနှစ် ပဋိပက္ခဖြစ်စဉ်တွေ စတင်ဖြစ်ပွားကတည်းက ရွှေလျားအသင်းတွေဖွဲ့ပြီး လိုအပ်သလို ပူးပေါင်းဆောင်ရွက်နေပါတယ်။

**မေး။ ။ကြက်ခြေနီလှုပ်ရှားမှုအစီအစဉ်ရဲ့ ရည်ရွယ်ချက်နဲ့ ဘယ်လိုမူတွေကို အခြေခံပြီး ဆောင်ရွက်နေလဲဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ကျွန်တော်တို့ ကြက်ခြေနီလှုပ်ရှားမှုဆိုတာ လူမျိုး၊ ဘာသာ၊ အသားအရောင် ခွဲခြားမှုမရှိပါဘူး။ အခြေခံမူ (၇)ချက်ထဲမှာပါဝင်တဲ့ ကြားနေခြင်းနဲ့ လွတ်လပ်စွာဆောင်ရွက်ခြင်းဆိုတဲ့မူကို အဓိကအခြေခံပြီး လုပ်ပါတယ်။ အဲဒီလို လုပ်တဲ့နေရာမှာ တိုင်းရင်းသားနဲ့ အခြားဆိုပြီး ခွဲခြားမှုမရှိပါဘူး။ သူတို့တွေ ဘာတွေလိုအပ်နေသလဲ။ ဘယ်သူတွေက ပိုပြီး ထိခိုက်ခံစားရသလဲ။ ဒီလိုအခြေအနေတွေပေါ်မှာပဲ မူတည်ပြီး ထောက်ပံ့သွားတာပါ။ ကြက်ခြေနီလှုပ်ရှားမှုမှာ လူမျိုး၊ ဘာသာ၊ အသားအရောင်ခွဲခြားမှု လုံးဝမရှိပါဘူး။ သူတို့ရဲ့ လိုအပ်မှုအပေါ်မှာ မူတည်ပြီးတော့ ထောက်ပံ့သွားမှာဖြစ်ပါတယ်။

**မေး။ ။ ထောက်ပံ့မှုတွေပေးတဲ့အခါ တစ်ပြေးညီထောက်ပံ့မှုတွေ ပေးပါသလား၊ ဘယ်လို သတ်မှတ်ပြီး ထောက်ပံ့နေပါသလဲ။ ရေရှည်ဆောင်ရွက်သွားမယ့် အစီအစဉ်ရှိရင်လည်း သိချင်ပါတယ်။**

ဖြေ။ ။ကျွန်တော်တို့က မိသားစုအပေါ်အခြေခံပြီး ထောက်ပံ့တာရှိပါတယ်။ တစ်ဦးချင်း ထောက်ပံ့မှုကတော့ ငွေသားထောက်ပံ့ပေးတာကိုပဲ တစ်ဦးချင်းထောက်ပံ့ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း ပြည်သူတွေ မိမိတို့ရပ်ရွာတွေမှာ ပြန်လည်ရောက်ရှိတဲ့ အခါမှာလည်း အဓိကလိုအပ်တဲ့ စားနပ်ရိက္ခာ၊ ရေနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေး အသိပညာပေးပြောပေးမှု၊ ဒါတွေအပြင် နောက်ပိုင်းမှာ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုတွေကို လုပ်ဆောင်ပေးဖို့ ရေရှည်စီမံချက်ချထားပါတယ်။

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ**
**မောင်တောရုံးခွဲ တာဝန်ခံကိုယ်စားလှယ်**

မောင်တောမှာ တာဝန်ထမ်းဆောင်နေတာ တစ်နှစ်ကျော်ကြာပြီဖြစ်ပါတယ်။ ဩဂုတ် ၂၅ ရက်နောက်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်မှုကြောင့် ဘေးဒုက္ခခံစားနေရတဲ့သူတွေကို ကူညီစောင့်ရှောက်ဖို့အတွက် ကြက်ခြေနီလှုပ်ရှားမှုအနေနဲ့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနဲ့ လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ ဒီဒေသကို ရောက်ရှိနေတာဖြစ်ပါတယ်။

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်**
**လခြမ်းနီလှုပ်ရှားမှု အသင်းများဖက်ဒရေးရှင်း**
**အသက်မွေးကျောင်းဆိုင်ရာ ကိုယ်စားလှယ်**

ရခိုင်မှာရောက်နေတာ ရှစ်လရှိပါပြီ။ လက်ရှိ ကြက်ခြေနီလှုပ်ရှားမှုမှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနဲ့ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်နေပါတယ်။ **အမေး၊ အရေး - မော်စီ၊ ဓာတ်ပုံ - ဟန်လင်းနိုင်**

## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်တို့တွင် ပိုင်ရှင်မဲ့ ကျွဲ/နွားများ ထိန်းကျောင်းပေးလျက်ရှိ

**မောင်တော အောက်တိုဘာ ၃၁**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့နှင့် မြောက်ဦးခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကျော်၊ ဒုဦးစီးမှူး ဒေါက်တာအောင်မျိုးလင်းတို့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားနှစ်ကောင်၊ ဆိတ်ခုနစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဆိတ်နှစ်ကောင်နှင့် ငါးခူရပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားလေးကောင်၊ ဆိတ်သုံးကောင် စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့၌ နွားခြောက်ကောင်အား ကာကွယ်ကုသပေးခြင်း ဆိတ် ၁၂ ကောင်အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိကျေးရွာများ၌ စုစုပေါင်း နွား ၂၄၄ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၅၇၄ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့နှင့် မြောက်ဦးခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကျော်အဖွဲ့တို့သည် စခန်းပတ်ဝန်းကျင်ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအနက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက မောင်တောမြို့နယ် ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်တွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းဝေက NV Card လာရောက်ဆောင်ရွက်သူ ဒေသခံရွာသူရွာသားများအား ခြင်ထောင်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းလုပ်ငန်းများအား ယခင်က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်မှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ စတင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်အထိ National ID စနစ်အတွက် Biometric နည်းဖြင့် စိစစ်မှတ်တမ်းတင်ဆောင်ရွက်၍ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား NV Card ထုတ်ပေးပြီးသူမှာ အမျိုးသား ၁၁၀ ၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၁၄၄ ဦးရှိပြီး National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၃ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသခံရွာသူရွာသားများအား NV Card ထုတ်ပေးခြင်းနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများအားစဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသင့်သူများကို အသိအမှတ်ပြု၍ နိုင်ငံသားအခွင့်အရေးရရှိစေရေးအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် National Verification Process အား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဖြူးမြို့နယ် ဇေယျဝတီမြို့ ဟိန္ဒူလူငယ်လူမှုကူညီရေးအဖွဲ့မှ နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့ငွေများပေးအပ်

**စစ်တွေ အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် မြို့နယ်များတွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာဒေသခံ တိုင်းရင်းသားများအတွက် ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝန်ကြီးချုပ်ဧည့်ခန်းမ၌ ဖြူးမြို့နယ် ဇေယျဝတီမြို့ ဟိန္ဒူလူငယ် လူမှုကူညီရေးအဖွဲ့က ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး နေရပ်စွန့်ခွာ တိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများ၊ အဝတ်အထည်များနှင့် ဟိန္ဒူဘာသာဝင်အမျိုးသမီးများအတွက် ဆာရီအထည်များကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ဇေယျဝတီမြို့ဟိန္ဒူလူငယ် လူမှုကူညီရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးစီဝါးပ ပြောသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**



## မောင်တောမြို့၏ လက်ရှိအခြေအနေများနှင့် စပ်လျဉ်း၍ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ စကားသံများ

**မောင်တောမြို့၏ လက်ရှိအခြေအနေများနှင့်စပ်လျဉ်း၍ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အောက်တိုဘာ ၃၁ ရက်တွင် မိမိတို့သတင်းအဖွဲ့ဝင်များက တွေ့ဆုံ မေးမြန်းထားပါသည် -**

**ဦးလှသိန်း(မောင်တောမြို့မတောင်ရပ်ကွက် ခေတ္တအုပ်ချုပ်ရေးမှူး)**

မောင်တောမြို့မှာ အခြေအနေတည်တည်ငြိမ်ငြိမ်ပါပဲ။ သိပ်ပြဿနာမရှိပါဘူး။ ပြဿနာမဖြစ်ပွားအောင် ကျွန်တော်တို့ ရပ်ကွက်တာဝန်ရှိသူတွေနဲ့ မြို့နယ်၊ ခရိုင် တာဝန်ရှိသူတွေ ပူးတွဲဆောင်ရွက်နေပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့လည်း လိုအပ်တဲ့ စားသောက်ကုန်တွေ ဝယ်ဖို့ကလည်း ဈေးတွေက မဖွင့်သေးတော့ ခက်ခဲပါတယ်။ ဒေသကထွက်တဲ့ စပါးနဲ့ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်း တွေနဲ့ စားဝတ်နေရေး ဖြေရှင်းနေရပါတယ်။ ထောက်ပံ့ပစ္စည်းတွေကလည်း တစ်ရက်တည်းနဲ့ မရောက်ပါဘူး။ ကိုယ်တိုင်သွားသယ်ရပါတယ်။ ကလေးတွေ ပညာရေးပိုင်းနဲ့ပတ်သက်ပြီး တယ်။ ဒေသခံတွေအနေနဲ့ အမြဲတမ်း အိပ်မက်တစ္ဆေခြောက်သလို ခံစားနေရပါတယ်။ ဘယ်အချိန် ဒီလိုအကြမ်းဖက်မှုတွေ ထပ်မံဖြစ်လာမလဲဆိုတာ စိတ်ပူနေရတယ်။ စားဝတ်နေရေးကတော့ နောက်ပိုင်းပြေလည်လာမယ်လို့ ထင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အတွက် မောင်တောမြို့ကို ၄၅ မိနစ်နဲ့ ရောက်နိုင်တဲ့ ခရီးကို နှစ်နာရီနီးပါးကြာပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေချင်ပါတယ်။



ဦးလှသိန်း၊ မြို့မတောင်ရပ်ကွက် ခေတ္တအုပ်ချုပ်ရေးမှူး



ဦးဂျော့ဂျီအောင် ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူး



ဦးအောင်လှိုင် တပ်ချောင်းကျေးရွာအုပ်ချုပ်ရေးမှူး



ဦးမြအောင်ကျော်၊ ရေမျက်တောင် ကျေးရွာအုပ်ချုပ်ရေးမှူး



ဦးဇော်ထူး၊ အလယ်သံကျော် ကျေးရွာအုပ်ချုပ်ရေးမှူး



ဦးနူရ်အီစွလာမ်၊ သရက်အုပ်ကျေးရွာ အုပ်စုတာဝန်ခံ

ကာကွယ်ဆေးတွေ တိုက်ကျွေးပြီးပါပြီ။ ကလေးတွေပညာရေးနဲ့ ပတ်သက်လို့တော့ အဆင်ပြေမှု သိပ်မရှိသေးပါဘူး။ နောက်ပိုင်းဖွင့်မယ်လို့တော့ ပြောထားတာရှိပါတယ်။ ဈေးတွေလည်း ပြန်လည်ဖွင့်လှစ်မယ်လို့ ကြားသိရပါတယ်။ နှစ်ဖက်လူ့အဖွဲ့အစည်းတွေနားလည်မှုရှိရှိ နေထိုင်လျက်ရှိပါတယ်။ ဒါမှသာ ဒေသဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။

**ဦးဂျော့ဂျီအောင်(မောင်တောမြို့နယ် ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူး)**

အခုလက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ကျေးရွာမှာ စည်းစည်းလုံးလုံး နေထိုင်လျက်ရှိပါတယ်။ ကျွန်တော်တို့ကျေးရွာမှာ ရခိုင်တိုင်းရင်းသားတွေရော ဟိန္ဒူဘာသာဝင်တွေနဲ့ အစ္စလာမ်ဘာသာဝင်တွေပါ အတူပူးတွဲနေထိုင်လျက်ရှိပါတယ်။ ပညာရေးပိုင်းမှာ လိုအပ်ချက်ရှိပါတယ်။ ဆရာတွေ၊ ဆရာမတွေ မရှိပါဘူး။ ကျန်းမာရေးပိုင်းမှာတော့ ကျန်းမာရေးဆရာမတစ်ယောက်တော့ ရှိပါတယ်။ အခုလက်ရှိအခြေအနေမှာ အထောက်အပံ့ စားနပ်ရိက္ခာတွေရပါတယ်။ ပြည်နယ်၊ ခရိုင် တာဝန်ရှိသူတွေ နောက်ပြီး လူမှုရေးအဖွဲ့အစည်းတွေကလာပြီးတော့ ထောက်ပံ့မှုတွေအများကြီး လုပ်ပေးခဲ့ပါတယ်။ ဆန်စပါးတွေကတော့ ရှေ့လရိတ်သိမ်းမယ် ပြောပါတယ်။

**ဦးအောင်လှိုင်(မောင်တောမြို့နယ် တပ်ချောင်းကျေးရွာအုပ်ချုပ်ရေးမှူး)**

ကျွန်တော်တို့ကျေးရွာမှာ မြို့နဲ့ သက် တိုင်းရင်းသားတွေ နေထိုင်ပါတယ်။ ဒေသက လမ်းပန်းဆက်သွယ်ရေး ခက်ခဲတယ်၊ ဖုန်းလိုင်းတွေကလည်း မကောင်းဘူး။ ပြောရရင် တာဝန်ကျဆရာ ဆရာမတွေ မရောက်သေးပါဘူး။ မြို့ပေါ်ကျောင်းတွေ ဖွင့်နေပေမယ့် ကျွန်တော်တို့ ကျေးလက်ဒေသတွေမှာ ကျောင်းမဖွင့်နိုင်သေးပါဘူး။ ကျန်းမာရေးတာဝန်ရှိသူကတော့ ရံဖန်ရံခါ လာရောက်ပါတယ်။ ကျွန်တော်တို့ဒေသမှာ စပါးတွေ မရိတ်သိမ်းရသေးပါဘူး။ အဓိက မေတ္တာရပ်ခံချင်တာကတော့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့နဲ့ ဖုန်းလိုင်းတွေ ကောင်းမွန်ဖို့လိုအပ်ပါတယ်။ ဒီလိုကောင်းမွန်မှသာ အချိန်နဲ့တစ်ပြေးညီ သတင်းပေးနိုင်မှာ ဖြစ်ပါတယ်။

**ဦးမြအောင်ကျော်(မောင်တောမြို့နယ်မြောက်ပိုင်း ရေမျက်တောင်ကျေးရွာအုပ်ချုပ်ရေးမှူး)**

ပြဿနာဖြစ်ပွားပြီးနောက်ပိုင်း ဒေသကနေ တိမ်းရှောင်သွားတဲ့ တိုင်းရင်းသားတွေ ပြန်ရောက်လာပါပြီ။ စားဝတ်နေရေးအခြေအနေကတော့ အခုလက်ရှိ ပြည်နယ်၊ ခရိုင် အုပ်ချုပ်ရေးတာဝန်ရှိသူတွေက ထောက်ပံ့ပေးထားပါတယ်။ ဆန်အိတ် ၁၅၀ ရပါတယ်။ အခု စီးပွားရေးလည်ပတ်မှုကတော့ မရှိသေးပါဘူး။ ကျောင်းတွေကတော့ လောလောဆယ်ပိတ်ထားပါတယ်။ ကျန်းမာရေးပိုင်းမှာ အရင်ရှိတဲ့ ကျန်းမာရေးဆရာမ ပြောင်းသွားပြီးတဲ့နောက်ပိုင်း နောက်ထပ်ရောက်မလာသေးပါဘူး။ ကျန်းမာရေးကိစ္စဖြစ်လာရင် ငါးခူရကို တစ်ဆင့်သွားရပါတယ်။ အခုလက်ရှိ ကျေးရွာမှာ လူဦးရေ နှစ်ရာကျော်ရှိပါတယ်။ တချို့ပြန်မလာသေးတဲ့သူတွေလည်း ရှိပါသေးတယ်။ အဲဒီသူတွေကလည်း ကောလာဟလတွေကြောင့် စိုးရိမ်စိတ်တွေများပြီး ကိုယ့်ဒေသကို ပြန်မလာသေးတာဖြစ်ပါတယ်။ လုံခြုံရေးကောင်းမွန်ဖို့လိုပါတယ်။

**ဦးဇော်ထူး(မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာအုပ်ချုပ်ရေးမှူး)**

အခုလက်ရှိမှာတော့ ပြဿနာထွေထွေထူးထူးဘာမှမရှိပါဘူး။ ငြိမ်သက်နေပါပြီ။ နေထိုင်စားသောက်ရေးအတွက်ကတော့ တပ်မတော်ရယ်၊ ပြည်နယ်၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေက ထောက်ပံ့ပေးပါတယ်။ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်စုစည်းလျက်ရှိပါတယ်။ အခုကျွန်တော်တို့ရွာမှာ ကျောင်းတွေပိတ်ထားဆဲပါ။ ကျောင်းတက်ချင်တဲ့ ကလေးတွေအတွက် မောရဝတီစာသင်ကျောင်းကို နေ့စဉ်ကြိုပို့လုပ်ပေးပါတယ်။ စာသင်ကျောင်းတွေကို အမြန်ဆုံးပြန်ဖွင့်စေချင်ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီး လစဉ်စစ်ဆေးစမ်းသပ်မှုတွေ လာရောက်လုပ်ဆောင်ပေးပါတယ်။ တိုက်နယ်ဆေးရုံမှာလည်း ဆရာ ဆရာမတွေ ရောက်နေပါပြီ။ စပါးတွေ ရိတ်သိမ်းဖို့အတွက် ခရိုင်၊ မြို့နယ် တာဝန်ရှိသူတွေက စိုက်ပျိုးရေးဦးစီးဌာနတွေနဲ့ ပူးပေါင်းပြီး ရိတ်သိမ်းဖို့စီစဉ်လျက်ရှိပါတယ်။

**ဦးနူရ်အီစွလာမ်(မောင်တောမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုတာဝန်ခံ)**

အခုလက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ကျေးရွာမှာ တည်ငြိမ်အေးချမ်းလျက်ရှိပါတယ်။ လုံခြုံရေးတွေလည်း ပုံမှန်ရှိပါတယ်။ ထောက်ပံ့ပစ္စည်းတွေလည်း ပုံမှန်ရပါတယ်။ ရခိုင်တိုင်းရင်းသားတွေနဲ့ အစ္စလာမ်ဘာသာဝင်တွေ ပူးတွဲပြီး နေထိုင်လျက်ရှိပါတယ်။ ဘာပြဿနာမှမရှိပါဘူး။ အားလုံးအတူတကွ ပူးတွဲနေထိုင်လျက်ရှိပါတယ်။ စာသင်ကျောင်းတွေ မဖွင့်သေးတဲ့အတွက် ကလေးတွေ စာသင်ဖို့အခက်အခဲတော့ ရှိပါတယ်။ ပုံမှန်အလုပ်တွေလည်း လည်ပတ်မှုမရှိသေးပါဘူး။ ကျေးလက်ကျန်းမာရေးဌာနရှိပေမယ့် ကျန်းမာရေးမှူးတော့ မရှိသေးပါဘူး။

**တွေ့ဆုံမေးမြန်း- ဟန်လင်းနိုင်၊ အောင်ကျော်ဦး၊ ဓာတ်ပုံ- နေသစ်ဦး**

# ကုမ္ပဏီပိုင်ငွေများ ယူဆောင်ထွက်ပြေးတိမ်းရှောင်နေသူကို ခုနစ်ရက်အတွင်း ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘောဇဘဏ်(၁)တွင် ငွေထုတ်ရန် ရောက်ရှိနေသော မော်တော်ယာဉ်ပေါ်မှ ကုမ္ပဏီပိုင်ငွေကျပ် ၁၄၁၄၇၆၈၀၀ ကို ခိုးယူထွက်ပြေးသည့် ကုမ္ပဏီဝန်ထမ်း ယာဉ်မောင်းကျော်ဇင်ဦးအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် Diamond Dragon Co.Ltd မှ ငွေထိန်းဝန်ထမ်းများဖြစ်သည့် မယွန်းဖြူနှင့် မဇင်မာလွင်တို့သည် အဆိုပါယာဉ်မောင်းနှင့်အတူ ကုမ္ပဏီပိုင်မော်တော်ယာဉ် 5D/----- ဖြင့် ကုန်သည်များက စားအုန်းဆီဖိုးငွေအဖြစ် ပေးသွင်းထားသောငွေများကို ထုတ်ယူရန် သွားရောက်စဉ် မယွန်းဖြူနှင့် မဇင်မာလွင်တို့ ကမ္ဘောဇဘဏ်(၁)အတွင်း ငွေများသွားရောက် ထုတ်ယူချိန် ယာဉ်မောင်းသည် အခြားဘဏ်များမှ ထုတ်ယူလာသော စားအုန်းဆီဖိုး ငွေကျပ် ၁၄၁၄၇၆၈၀၀ ကို ယူဆောင်ကာ ကုမ္ပဏီပိုင်ကားဖြင့် ထွက်ပြေးသွားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များကို ပိတ်ဆို့ဖမ်းဆီးရန် ညွှန်ကြားခဲ့ပြီး ထိုသို့ ပိတ်ဆို့ဖမ်းဆီးမှုကြောင့် အောက်တိုဘာ ၂၄ ရက် ည ၇ နာရီခွဲတွင် ခိုးယူမောင်းနှင်သွားသောမော်တော်ယာဉ်အား အင်းစိန်မြို့နယ် ရွှေပြည်သာတံတားအဆင်း မြရောတိုက်တန်းရှေ့တွင် သိမ်းဆည်းရမိခဲ့ပြီး ယာဉ်မောင်းမှာ ငွေများနှင့်အတူ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေသူ ကုမ္ပဏီယာဉ်မောင်းအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် နေထိုင်သွားလာတတ်သော နေရာများသို့ သွားရောက်စုံစမ်းခြင်း၊ ရန်ကုန်မြို့အတွင်း ပိတ်ဆို့ရှာဖွေခဲ့ခြင်း၊ သွားရောက်နိုင်သည့် နေရာများရှိ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်သူ ယာဉ်မောင်း၏ ဓာတ်ပုံကို ဖော်ပြ၍ ဖမ်းဆီးရမိရေးအတွက် အသိပေးကြော်ငြာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူအား ခိုးယူသွားသော ငွေကြေးများနှင့်အတူ တွေ့ရစဉ် (ယာပုံ)

ပြစ်မှုကျူးလွန်သူမှ ခိုးယူလာသည့် ငွေကြေးများကို သံသေတ္တာအတွင်း ဝှက်သိမ်းထားသည်ကို တွေ့ရစဉ် (ဝဲပုံ)



ထွက်ပြေးတိမ်းရှောင်သူ ယာဉ်မောင်းအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့မှုကြောင့် လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာအုပ်စု စက်မှုဇုန်(၃) ဗန်းမော်အတွင်းဝန်လမ်းတိုက်(၂) အခန်း(၁)ရှိ ဒေါ်မြမြဦး အဆောင်တွင် ငှားရမ်းနေထိုင်နေကြောင်း၊ စုံစမ်းသိရှိရပြီး ကျော်ဇင်ဦးမှာ အဆောင်တွင်မရှိဘဲ သော့ခတ်ပိတ်ထားသဖြင့် ရဲတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လျှို့ဝှက်စွာ စောင့်ကြည့်လျက်ရှိစဉ် အောက်တိုဘာ ၃၁ ရက် နံနက် ၅ နာရီတွင် ငှားရမ်းနေထိုင်သည့်အဆောင်သို့ ပြန်လာစဉ် ကျော်ဇင်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ခိုးယူလာသည့် ငွေများကို အဆောင်ခန်းတွင်း အိပ်ရာကွပ်ပျစ်အောက်တွင် သံသေတ္တာနှင့် လက်ဆွဲအိတ်တို့ဖြင့် ခွဲ၍ ဝှက်သိမ်းထားကြောင်းတွေ့ရကာ ခိုးယူလာသည့် ငွေများအနက် ငွေကျပ် ၁၂၉၁ သိန်းနှင့် အခြားပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ကုမ္ပဏီဝန်ထမ်း ယာဉ်မောင်း ကျော်ဇင်ဦးအား အခင်းဖြစ်ပြီးနောက် ခုနစ်ရက်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရပြီး ပြစ်မှုကျူးလွန်သူအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရန် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျောင်းသားငါးဦး ကားနှင့်တိုက်မိ၍ နှစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၃၁** - ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မရင်းကြီးကျေးရွာနှင့် ခေတ်အေးကျေးရွာအကြား ရန်ကုန်-မန္တလေးလမ်းဟောင်းကားလမ်းမကြီးပေါ်တွင် အောက်တိုဘာ ၃၁ ရက် နံနက် ၅ နာရီခွဲက မရင်းကြီးကျေးရွာနေ ကျောင်းသား ငါးဦးမှာ ခေတ်အေး အခြေခံပညာအထက်တန်းကျောင်းသို့သွားနေစဉ် ကားမှာတစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိလာပြီး အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိခဲ့ရာ နှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဇေယျာသီရိမြို့နယ် မရင်းကြီးကျေးရွာနှင့် ခေတ်အေးကျေးရွာကြား မိုင်တိုင်အမှတ် (၂၆၃/၅) နှင့် (၂၆၃/ ၆) ကြား ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင် မရင်းကြီးကျေးရွာနေ ကျောင်းသား ငါးဦးမှာ ခေတ်အေး အခြေခံပညာအထက်တန်းကျောင်းသို့ သွားနေစဉ် ပျဉ်းမနားမြို့ဘက်မှ တပ်ကုန်းမြို့ဘက်သို့ယာဉ်မောင်း ဇော်နိုင်ဝင်း (၄၅ နှစ်) မိတ္ထီလာမြို့နေသူ မောင်းနှင်လာသော 9N/---- fuso ယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ထွန်းနေလင်း (၁၄နှစ်) အဌမတန်း၊ ဇော်မျိုးအောင် (၁၃ နှစ်) အဌမတန်း မရင်းကြီးကျေးရွာနေသူတို့တွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့ကြောင်း၊ ကျန်သုံးဦးမှာ ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**

---

### ချိပ်ပိတ်တင်ဒါဖိတ်ကြားလွှာ
### UN agencies များအတွက် စက်သုံးဆီထောက်ပံ့ခြင်းလုပ်ငန်း
### Reference No.:LRFP - 2017-9130792
### (Re-Advertisement)

UNICEFသည် UN agencies များအား စက်သုံးဆီ ထောက်ပံ့ပေးရန်အတွက် တစ်ဦး(သို့)တစ်ဦးထက်ပိုသော အဖွဲ့များအား ချိပ်ပိတ်တင်ဒါခေါ်ဆောင်မည်ဖြစ်ပါသည်။

စိတ်ပါဝင်စားပြီး ၎င်းလုပ်ငန်းတွင် အတွေ့အကြုံအနည်းဆုံး နှစ်နှစ်ရှိ၍ တရားဝင်မှတ်ပုံတင်ရှိသော ကုမ္ပဏီများအား UNICEF ရုံး၊ အမှတ်(၂၃-A)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါလျှောက်လွှာအား လာရောက်ထုတ်ယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ကုမ္ပဏီများသည် သက်ဆိုင်ရာကုမ္ပဏီမှတ်ပုံတင်မိတ္တူကို တင်ဒါလျှောက်လွှာလာရောက်ထုတ်ယူစဉ်တွင် တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပြီး တင်ဒါနောက်ဆုံးထုတ်ယူနိုင်သောရက်မှာ ၁၇-၁၁-၂၀၁၇ရက်ဖြစ်ပါသည်။

ထို့အပြင် စိတ်ပါဝင်စားသော ကုမ္ပဏီများအား ၁၃-၁၁-၂၀၁၇ ရက် မွန်းလွဲ ၂နာရီတွင် UNICEF ရုံး၌ပြုလုပ်မည့် Pre Bid Meeting အား တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။ ဖော်ပြပါ သတ်မှတ်ရက် မတိုင်ခင် ကိုရဲထွဋ် yhtut@unicef.org သို့ ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ပါသည်။

**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်စွဲ** - ၂၂-၁၁-၂၀၁၇ရက်
မွန်းလွဲ ၂နာရီ

**ဆက်သွယ်ရန်**
**မအိချိုညွန့်**
Supply Officer, Supply & Logistics Section, UNICEF Myanmar
Tel;+9512305960-69(Ext.1563).E-mail enyunt@unicef.org.

### ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့ အငြိမ်းစားအရာရှိများသို့ ဖိတ်ကြားခြင်း

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၊ အငြိမ်းစားအရာရှိများမှ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် တတိယအကြိမ်မြောက် သက်ကြီးဂါရဝပြုပွဲနှင့် မိသားစု မိတ်ဆုံညစာစားပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အငြိမ်းစားအရာရှိများနှင့်ဇနီးများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**နေ့ရက်။** ။ ၅-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)

**နံနက်ပိုင်းအစီအစဉ်**

**အချိန်** - နံနက် ၉နာရီ

**နေရာ** - သံဃမဟာနာယကကျောင်းဆောင်၊ ကမ္ဘာအေးစေတီဝင်း၊ မဟာပါသဏလိုဏ်ဂူအနီး

**ညနေပိုင်းအစီအစဉ်**

အချိန် - ညနေ ၆နာရီ

နေရာ - Gandamar Wholesale(Grand Ballroom) ဂန္ဓမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်

၆-၁၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီတွင် မြို့တော်ဂေါက်ကွင်း၌ အမှတ်တရ ဂေါက်ရိုက်ကစားမည်ဖြစ်ပါသဖြင့် ဂေါက်သီးရိုက်ဝါသနာရှင် အငြိမ်းစားအရာရှိများအား ဖိတ်ကြားအပ်ပါသည်။

ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အခမ်းအနားများသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။


မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေမည်၊ ပွဲခပေးရန်မလို
Ph: 01-2339310, 01-2339355, 01-578044


### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9146 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/5593 Toyota Corolla Fielder NZE 14/S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဘစိန် (ခ)မာမက်ယူစွတ် ၁၂/ပဇတ(နိုင်) ၀၃၉၈၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/2786 Toyota Liteace km 70 P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုး ၁၂/တကန(နိုင်)၀၄၅၃၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### တံဆိပ်အမှတ်အသားမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ သီရိနန္ဒာလမ်း၊ အမှတ် ၃၀၀နေ ဦးရန်နိုင်လင်း ၉/ပဥလ(နိုင်) ၀၀၃၁၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ တံဆိပ်အမှတ်အသားသည် 'ဒိုဒိုး'ပေါင်မုန့် "Do Doe" Bakery သည် ဦးရန်နိုင်လင်း၏ မူပိုင်အမှတ်အသားဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် 'ဒိုဒိုး' ပေါင်မုန့်၊ "Do Doe" Bakery က ထုတ်လုပ်သော အင်္ဂလိပ်-မြန်မာစာတန်းပါ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ်၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေရပြေစာ ဖြတ်ပိုင်းများတွင် ရိုက်နှိပ်၊ ဖိနှိပ်၍ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ထုတ်လုပ်ဖြန့်ချိ သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံစံတူ(သို့) ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲလာပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်အကယ်၍ အဆိုပါ တံဆိပ်အမှတ်အသားအား မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်သုံးစွဲနေသူရှိပါက တရားဝင်စာမှတ်စာတမ်း အပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ** **ဦးရန်နိုင်လင်း**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြိုးသူဇာလင်း(LL.B)** စဥ်-၈၄၈၃/၂၀၁၂

**ဒေါ်ခင်မာကြည်(LL.B)** စဥ်-၁၃၂၉၀/၂၀၁၆

**တရားလွှတ်တော်ရှေ့နေများ**
**'ဖြိုး'အမှုလိုက်နှင့်ဥပဒေအတိုင်ပင်ခံရုံး**
**အမှတ်(၁၂)၊ (B-4)၊ မေခလမ်း၊ (၃)ကွက် ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၃၁၈၉၃၉၉၊ ၀၉-၇၉၅၃၆၁၉၂၆**

### လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ရန် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံလိုသူများ ဖိတ်ခေါ်ခြင်း

တောင်သူဦးကြီးများအနေဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် လယ်ယာလုပ်သားများ ခက်ခဲလာမှုကြောင့်လည်းကောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် လုပ်ငန်း အချိန်မီပြီးစီးရန်လည်းကောင်း၊ အရည်အသွေးကောင်း စိုက်ပျိုးရေးထုတ်ကုန်များ ရရှိရန်အတွက်လည်းကောင်း၊ လယ်ယာလုပ်ငန်း၌လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲလာလျက်ရှိသလို သုံးစွဲလိုအားလည်း များပြားလျက်ရှိပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူဦးကြီးများတန်ဖိုးမြင့်မားသည့် အရည်အသွေးကောင်း လယ်ယာသုံးစက်ကိရိယာများအားကနဦးပေးသွင်းငွေအနည်းငယ်မျှဖြင့် ဝယ်ယူသုံးစွဲနိုင်ရန်လည်းကောင်း၊ ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုအသင်းများတိုးတက်ဖွဲ့စည်း၍ တောင်သူဦးကြီးများ လိုအပ်လျက်ရှိသည့် ထွန်ယက်ရေး၊ ရိတ်သိမ်းခြွေလှေ့ရေးအပါအဝင် လယ်ယာဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရန်လည်းကောင်း ပုဂ္ဂလိက ကဏ္ဍနှင့်ပေါင်းစပ်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ နိုင်ငံတော်ပိုင်းမှလည်း စက်မှုလယ်ယာစခန်းများမှတစ်ဆင့် လုပ်ကွက်ငယ် တောင်သူများအတွက် ဌာနပိုင်စက်ကိရိယာများဖြင့် ဈေးနှုန်းသက်သာစွာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ရာတွင် နိုင်ငံတော်အတွင်း စိုက်ပျိုးဧရိယာများပြားသည်နှင့်အမျှ လယ်ယာသုံးစက်ကိရိယာများအသုံးပြုလိုမှုမှာ ဖြည့်ဆည်းပေးရန် များစွာလိုအပ်လျက်ရှိရာ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ကြီးဌာနလက်အောက်ရှိ စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်စက်မောင်း၊ စက်ပြင်များနှင့်အတူတကွ ပူးပေါင်း၍ တောင်သူ ဦးကြီးများအသုံးပြုလိုသည့် လယ်ယာသုံးစက်ကိရိယာများအား ရင်းနှီးမြှုပ်နှံပြီး ဝန်ဆောင်မှုဆောင်ရွက်လိုသည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မိမိရင်းနှီးမြှုပ်နှံလိုသည့် စက်ကိရိယာများအား ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျလေ့ကျင့်ထားသော အတွေ့အကြုံရှိ ကျွမ်းကျင်စက်မောင်း၊ စက်ပြင်များဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သလို ပြင်ဆင်ရေးလုပ်ငန်းများကိုလည်း စက်မှုလယ်ယာစခန်းများမှ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် မိမိလက်ဝယ်ရှိ ရင်းနှီးမြှုပ်နှံငွေကို စုဆောင်းထားသည်ထက် ပိုမိုစီးပွားရေး တွက်ခြေကိုက်သောလုပ်ငန်းများ အဖြစ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စက်ကိရိယာအသုံးပြုလိုသော တောင်သူများ၏ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့်နှစ်ဦးနှစ်ဖက် အကျိုးရှိစေနိုင်မည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် ပုဂ္ဂိလကပူးပေါင်းဆောင်ရွက်မည့် လယ်ယာဝန်ဆောင်မှု အစီအစဉ်တွင် ပူးပေါင်းပါဝင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မိမိရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ် ရရှိနိုင်မှု ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ စက်ကိရိယာနှင့်ငွေကြေး ကိုင်တွယ်ထိန်းသိမ်းမှု၊ ပူးပေါင်းစီမံခန့်ခွဲမှု အစီအစဉ်အသေးစိတ်များကို သိရှိလိုပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၃၁၂၁၅၊ ၀၆၇-၄၃၁၂၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်ဖြာရွာနေ ဦးဇော် မင်းလွင်၏သား ဇရပ်ကွင်း (အထက) သတ္တမတန်း(C)မှ မောင်နိုင်းနိုင်း၏ အမည်မှန်မှာ မောင်အာကာနိုင်းနှင့် သတ္တမတန်း(D)မှ မောင်ဝိုင်းဝိုင်း၏ အမည်မှန်မှာ မောင်အာကာဝိုင်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/1427, Nissan ADVY11 S/W(4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်လင်းခိုင် ၁၂/ဥကတ(နိုင်)၁၅၄၂၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(၈၁)၊ စဉ့်အိုးဘိုအကွက်၊ ဦးပိုင်အမှတ်(၁၇၂/ခ)၊ ဧရိယာ ၀.၁၁၁၈ ၀၄၃ ဧကရှိ မြေအား ဒေါ်ကြူကြူသင်း အမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး ချထားပေးပါရန် လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့**

# နေပြည်တော်လေဆိပ်တွင် မူးယစ်ဆေးဝါး၊ ဆက်သွယ်ရေးစက်၊ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမှုနှင့်ပတ်သက်၍ အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း၍ ဆက်လက်စစ်ဆေးလျက်ရှိ၊ စစ်ဆေးပေါ်ပေါက်ချက်များအပါအဝင် ထပ်မံစစ်ဆေးပေါ်ပေါက်လာမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်လေဆိပ်တွင် Hotel ACE ကုမ္ပဏီဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းထံမှ မူးယစ်ဆေးဝါး၊ ဆက်သွယ်ရေးစက်၊ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ အောက်တိုဘာ ၁၅ ရက်က ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးဖော်ထုတ်မှုအရ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၂ ပြား၊ ICE ၄ ဒသမ ၅၅ ဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ပစ္စတိုသေနတ် ၁၄ လက်(အပျက် တစ်လက် အပါအဝင်)နှင့် ၎င်းကျည် ၁၀၈၂ တောင့်၊ မောင်းပြန်ရိုင်ဖယ် ခြောက်လက် (အပျက် တစ်လက်၊ မောင်းတုံးမပါ တစ်လက်)၊ ၎င်းကျည် ၁၂၅ တောင့်နှင့် ဆက်စပ်ပစ္စည်းများ၊ သံဘောစေ့/ ပလတ်စတစ်ဘောစေ့ဖြင့် ပစ်ခတ်ရသည့် သေနတ် လေးလက် (ပလတ်စတစ်/သံကိုယ်ထည် ပစ္စတိုပုံစံ သုံးလက်၊ M-16 ပုံစံ တစ်လက်)၊ စကားပြောစက် ၃၅ လုံး (အထိုင်စက် သုံးလုံးပါ) နှင့် ဆက်စပ်ပစ္စည်းများ၊ Drone ၁၄ ခု၊ တရားမဝင်တံဆိပ်များ၊ ကျည်ကာအင်္ကျီပုံစံ ချုပ်ထားသော အနက်ရောင်တူညီဝတ်စုံ Waist Coat ၁၅ ထည်၊ ဒူးလေး သုံးလက် [ ကြိုးပါ (၁)၊ ကြိုးမပါ (၂)] ၊ ကျည်ကာအင်္ကျီ တစ်ထည်တို့အား ဦးဖြိုးကိုကိုတင့်ဆန်း အပါအဝင် ၁၅ ဦးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် အမှုပေါင်း ၁၇ မှုဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လတ်တလော စစ်ဆေးချက်များအရ ဦးဖြိုးကိုကိုတင့်ဆန်းသည် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး ၂၀၀၅ ခုနှစ်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသော အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် သွားရောက်စဉ် အထူးနိုင်ငံကူးလက်မှတ်အား တရားဝင်ရရှိထုတ်ယူခဲ့ပြီး ပြန်လည်ရောက်ရှိသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အပ်နှံရမည်ဖြစ်သော်လည်း ပြည်ပသို့ မကြာခဏ သွားလာလေ့ရှိသဖြင့် လက်ဝယ်တွင် ကိုင်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်အရ သိမ်းဆည်းရမိသော HUMMER ယာဉ်ငါးစီးအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ စာရွက်စာတမ်းများပေးပို့စစ်ဆေးခဲ့ရာ တရားဝင်မှတ်ပုံတင်ထားကြောင်း သိရှိရသော်လည်း အဆိုပါယာဉ်များတွင် လုံခြုံရေးဆောင်ရွက်သည့် ယာဉ်များကဲ့သို့ မီးတန်းများတပ်ဆင်ခြင်း၊ National Security Council (SPECIAL FORCE) SPIRIT DISPILINE POWER စတေကာကပ်လျက်တပ်ဆင်၍ အသုံးပြုခဲ့ခြင်းကြောင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ဆက်စပ်၍ National Security Council ကြေးပြားတံဆိပ်ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သစ္စာလမ်းရှိ နန်းသပြေဆိုင်မှ ပြုလုပ်ပေးခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် အဆိုပါဆိုင်အား ရှာဖွေရာ Lenovo တံဆိပ်ပါ လက်ပ်တော့ကွန်ပျူတာ တစ်လုံး၊ ပရင်တာ တစ်လုံး၊ အက်စစ်အပူမှုန့် တစ်ထုပ်၊ ၁၃ x ၂၄ လက်မရှိ ကြေးပြားတစ်ချပ်တို့အား သိမ်းဆည်းရမိသဖြင့် ဆိုင်ရှင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ဂ)/ ၂၂(ခ)/ ၂၀ အရ အရေးယူမှု နှစ်မှု၊ ၁၅/၁၆(ဂ)အရ အရေးယူမှု တစ်မှု၊ ၁၆(ဂ)/ ၂၂(ခ)အရ အရေးယူမှု တစ်မှု ပေါင်း လေးမှု၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ အရ အရေးယူမှု လေးမှု၊ ပို့ကုန်/သွင်းကုန်ဥပဒေပုဒ်မ ၈ အရ အရေးယူမှု သုံးမှု၊ မြန်မာနိုင်ငံတော် အစိုးရ လျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၆(၁)(က)(င) အရ အရေးယူမှု သုံးမှု၊ လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၁၉-က အရ အရေးယူမှု တစ်မှု၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ)အရ အရေးယူမှု တစ်မှု ပေါင်း နှစ်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၄၈၄ အရ အရေးယူမှု တစ်မှု စုစုပေါင်း ၁၇ မှုဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အဆိုပါဖြစ်စဉ်မှ ဝှက်သိမ်းထားသော လက်နက်ခဲယမ်းများ ကျန်ရှိမှု ရှိ/မရှိ စိစစ်ဖော်ထုတ်မှု၊ လက်နက်ခဲယမ်းများ ဝယ်ယူ၊ သယ်ဆောင်ရာလမ်းကြောင်းနှင့် ကွင်းဆက်တရားခံဖော်ထုတ်မှု၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ကွင်းဆက်တရားခံဖော်ထုတ်မှု၊ တရားဝင်လုံခြုံရေး အဖွဲ့အစည်းနှင့် ဆင်တူသည့် တူညီဝတ်စုံများ၊ တံဆိပ်အမှတ်အသားများ၊ မော်တော်ယာဉ်များ၊ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသော Drone များ၊ ဆက်သွယ်ရေးစက်များ၊ လုံခြုံရေးတပ်ဖွဲ့သုံးဆက်စပ်ပစ္စည်းများအား အသုံးပြုနေကြောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့၏ ရည်ရွယ်ချက် အမှန်ဖော်ထုတ်နိုင်ရေးအတွက် အထူးအမှုစစ်အဖွဲ့ဖွဲ့စည်း၍ ဆက်လက်စစ်ဆေးလျက်ရှိပြီး စစ်ဆေးပေါ်ပေါက်ချက်များအပါအဝင် ထပ်မံစစ်ဆေးပေါ်ပေါက်လာမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

# ပုဇွန်တောင်မြို့နယ်ရှိ ကြေးမုံသတင်းစာတိုက်တွင် ငွေအလွဲသုံးစားပြုရန် ရည်ရွယ်၍ မီးရှို့မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ၅၂ လမ်းထောင့် အမှတ် ၇၇ ရှိ ကြေးမုံသတင်းစာတိုက် မန်နေဂျာရုံးခန်းတွင် အောက်တိုဘာ ၃၀ ရက် ညနေပိုင်းက မီးလောင်မှု တစ်ခုဖြစ်ပွားခဲ့သည်။ ထိုမီးလောင်မှုသည် ဝိုင်ယာရှော့ကြောင့်မဟုတ်ဘဲ ဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ငွေကိုင်တာဝန်ခံ ဒေါ်ဖြူဖြူဝင်းက ငွေအလွဲသုံးစားပြုရန် ရည်ရွယ်ချက်ဖြင့် အခန်းတွင်းသို့ ဓာတ်ဆီပက်ဖျန်းပြီး မီးလောင်မှုဖြစ်ပေါ်စေရန် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပုဇွန်တောင်မြို့မရဲစခန်းမှ သိရသည်။

“ကျွန်တော်တို့ဆီကို ည ၈ နာရီခွဲလောက်မှာ အကြောင်းကြားတယ်။ ကျွန်တော်တို့သွားတော့ မီးတော့ရှို့တာပဲ လောင်မထားဘူး။ ဓာတ်ဆီထည့်ထားခဲ့တဲ့ ပလတ်စတစ်ဘူးခွံကိုလည်း အခန်းထဲမှာ တွေ့ရတယ်။ အထုပ်ကြီးကို ဒီအတိုင်း မြင်နေရတယ်။ အထုပ်ကြီးကို ဖြည်ကြည့်လိုက်တော့ ပိုက်ဆံက နည်းနည်းလေးပဲပါတယ်။ ၅၀၀ ကျပ်တန်အုပ် ၁၀ အုပ်ကျော်ကျော်လေးပဲပါတယ်။ တချို့ဟာတွေက သတင်းစာတွေကို ပိုက်ဆံပုံစံဖြတ်ပြီးတော့ သားရေကွင်းနဲ့ ချည်ထားတာတွေ့ရတယ်။ ကျွန်တော်တို့ CCTV ကြည့်လိုက်တော့ ဘယ်သူတွေ ဝင်ထွက်တယ်ဆိုတာ အကုန်လုံးပေါ်နေတယ်။ CCTV ကြည့်လိုက်တော့ ဘာမှလိမ်လို့မရတော့ဘူး။ ပုဒ်မ ၄၀၉/၄၃၆ နဲ့ အမှုဖွင့်ထားတယ်။ ပုဒ်မ ၄၃၆ က မီးရှို့မှုပေါ့၊ ပုဒ်မ ၄၀၉ ကတော့ ဝန်ထမ်းက အလွဲသုံးစားပြုမှုပေါ့”ဟု ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး ဦးမျိုးသက်က ပြောသည်။

မီးလန့်မှုကို ကြေးမုံသတင်းစာတိုက်မှ ဝန်ထမ်းများက အချိန်မီသိ၍ ငြိမ်းသတ်နိုင်ခဲ့ပြီး မန်နေဂျာရုံးခန်းအတွင်းရှိ မီးခံသေတ္တာမှာ ပွင့်လျက်အနေအထားတွင် တွေ့ရသဖြင့် ပုဇွန်တောင်မြို့မရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း သိရသည်။ အဆိုပါအမှုနှင့် စပ်လျဉ်းပြီး ပုဇွန်တောင်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူပြီး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့**





မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျောက်ဆည်မြို့ ဝေဘူချောင်တွင်
ဝေဠုဆရာတော်ကြီးလယ်ထယ်ဇုဓတင်၍ နှစ်စဉ်ဖျော် ကျင်းပလာခဲ့သော ပူဇော်ပွဲကြီးဖြစ်ပါ၍ (၅၇) ကြိမ်မြောက်
“ဝေဠု ရတနာသုံးပါး ပူဇော်ပွဲကြီး” အား
၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်၊ (၁၁.၁၁.၂၀၁၇)နံနက် (၇:၀၀) တွင် သံဃာတော်အပါး (၁၅၀၀)၊ သီလရှင်/ယောဂီ (၆၅၀) တို့အား
စုပေါင်းလောင်းလှူမည့် ပူဇော်ပွဲကြီးကို အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်အပေါင်းတို့ နိဗ္ဗာန်အကျိုးမျှော်၍ နှီးဆော်လိုက်ပါတယ်ခင်ဗျား...



သီတဂူရွှေပြည့်ဟိန်း စက္ကူဒါနဆေးရုံ နိုဝင်ဘာလ ၂၄၊ ၂၅၊ ၂၆ (၈၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

အောက်တိုဘာလ ၂၀ ရက်တွင် စတင်လက်ခံ၍ နိုဝင်ဘာလ ၂၄၊ ၂၅၊ ၂၆ ရက်များတွင် ၈၅-ကြိမ်မြောက် ဦးရေ (၁၀၇၂၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူရွှေပြည့်ဟိန်း စက္ကူဒါနဆေးရုံ၊ ရွှေပြည့်ဟိန်းကျောင်း၊ ပြည်သာယာ၊ စစ်ကိုင်း။ (ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေး။ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

Mingalar Cinemas www.facebook.com/mingalarcinemas Mingalar Cinemas facebook

| | | | | |
|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | |
| Top Royal (မိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာ ဂမုန်းပွင့် လှည်းတန်း - အင်းစိန် ၀၉ ၇၇၉၀၅၄၆၇၁ ၀၉ ၇၇၉၀၅၄၆၇၂ ၀၉ ၇၇၉၀၅၄၆၇၃ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာ ICON Mall - ပဲခူး ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆ | |
| မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မန္တလေး မြို့မ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာစံပြ (မကွေး) ၀၉ ၇၆၈၅၂၅၇၄၁ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃ | မင်္ဂလာ ရွှေဟသ်ာ (ပဲခူး) ၀၉၄၂၈၈၃၆၆၉၄ ၀၉၄၂၈၈၃၆၆၉၅ ၀၉၄၂၈၈၃၆၆၉၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၉၁-၂ |




**ကန့်ကွက်နိုင်ပါကြောင်း**

သဃ်န်းကျွန်းမြို့နယ်၊ဝေဇယန္တာလမ်း၊ ဝေဇယန္တာဥယျာဉ်အိမ်ရာစီမံကိန်းကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဖက်စပ် ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ရာ ကုမ္ပဏီရရှိသော Shop House (II) အခန်းအမှတ်(၃၀၁)ကို ကုမ္ပဏီမှ ရောင်းချထားသူ ဒေါ်ခိုင်ခိုင် ၁၂/မဂတ (နိုင်)၀၈၀၀၆၆ အမည်ဖြင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် (O/B)ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက် ၁၁၊ အခန်းအမှတ် ၄၀၁သည် တိုက်ခန်းအမည်ပေါက် ဦးလှအေး ၁၂/ကတတ(နိုင်)၀၀၅၀၈၉ဖြစ်ပါသည်။ အဆိုပါအခန်းအမည်ပေါက်ထံမှ ဒေါ်အေးပပမော် ၁၂/ကတတ(နိုင်)၀၀၁၆၆၄က အပြီးအပိုင် လွှဲပြောင်းပေးအပ်သည့် ကတိစာချုပ်ဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂)၊ နေပြည်တော်သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
အိမ်ရာ(၂)၊ မြေနှင့်အိမ်ရာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ကျော်ဝင်းလွင် CDC-49977 ၏ အင်ဂျင် III4 လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၃၇၇၆၀၈

**အမည်ပြောင်း**

တောင်ငူမြို့၊ (၂)ရပ်ကွက်နေ ဦးမျိုးမင်းဆွေ - ဒေါ်တင်လေးလှိုင်တို့၏သား မောင်တင်မင်းထွဋ်အား ယနေ့မှစ၍ မောင်လှိုင်မင်းဦးဟု ပြောင်းလဲခေါ်ပါရန်။

# ဆော့တ်လိတ်စီးတီးရှိ ယူတာတက္ကသိုလ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံး

**ဝါရှင်တန် အောက်တိုဘာ ၃၁**

ဆော့တ်လိတ်စီးတီးရှိ ယူတာတက္ကသိုလ်ပရိဝုဏ်အတွင်း ယမန်နေ့က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောခဲ့သည်။ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ကျောင်းသားများကိုအကာအကွယ်များအတွင်း နေထိုင်ရန်သတိပေးခဲ့သည်။

ရက်ဒ်ဘွတ်တီကန်ယွန်က ကျောင်း၏အရှေ့ဘက်သုတေသနပြုရာနေရာတွင် သေနတ်ပစ်ခတ်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတက္ကသိုလ်ကလည်း လူမှုစာမျက်နှာဖြစ်သော တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

သေနတ်ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း ဆော့တ်လိတ်စီးတီးရဲဌာနက လူမှုစာမျက်နှာဖြစ်သော တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။

သက်ဆိုင်ရာအာဏာပိုင်များက အသက် ၂၄ နှစ်ရှိ အော်စတင်ဘော်တိန်းခေါ်သံသယရှိသူ အမျိုးသားတစ်ဦးကို အပူတပြင်းရှာဖွေလျက်ရှိကြောင်း ရဲဌာနက ဆက်လက်ဖော်ပြခဲ့သည်။

တက္ကသိုလ်ကျောင်းပရိဝုဏ်အနီးရှိ ရထားလိုင်းများကိုလည်း ခေတ္တခဏရပ်တန့်ထားခဲ့ရကြောင်း ဒေသတွင်းသတင်းမီဒီယာတွင် ဖော်ပြခဲ့သည်။

(ရိုက်တာ)



# အေပက်အစည်းအဝေး၌ တောင်ကိုရီးယားသမ္မတနှင့် တရုတ်သမ္မတတို့ တွေ့ဆုံမည်

**ဆိုးလ် အောက်တိုဘာ ၃၁**

နောက်လတွင်ကျင်းပမည့် အေပက်အစည်းအဝေးတွင် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သီးခြားတွေ့ဆုံမည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရုံးက သတင်းထုတ်ပြန်ခဲ့သည်။

ယခုတွေ့ဆုံမှုသည် တရုတ်သမ္မတ ရှီကျင့်ဖျင် ဒုတိယအကြိမ်အရွေးခံရပြီးနောက် ပထမဆုံးတွေ့ဆုံမှုဖြစ်ကြောင်း သိရသည်။ ခေါင်းဆောင်နှစ်ဦးသည် ဇူလိုင်လကလည်း တွေ့ဆုံခဲ့သေးသည်။

အေပက်အစည်းအဝေးသည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေမည့် အလားအလာများနှင့် တောင်ကိုရီးယားတွင် အမေရိကန်တက်ဒ်စနစ်ဖြန့်ကြက်မှုကြောင့် အေးစက်စက်ဖြစ်သွားသော နှစ်နိုင်ငံဆက်ဆံရေးလည်း ပြန်ကောင်းလာစေရန် ဆွေးနွေးသွားမည်ဖြစ်သည်။ နှစ်နိုင်ငံ ခေါင်းဆောင်များသည် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်တိုးတက်မှု စနစ်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။




တရုတ်နိုင်ငံက အမေရိကန်တက်ဒ်စနစ်ဖြန့်ကြက်မှုအပေါ် ဆန့်ကျင်ခဲ့သလို ၎င်း၏တပ်ဖွဲ့ဝင်များကို အဆင့်မြင့်ရေဒါများနှင့် စောင့်ကြည့်နိုင်ကြောင်း ပြောခဲ့သည်။ တက်ဒ်စနစ်ဖြန့်ကြက်ခြင်းသည် တရုတ်ကိုဒေါသထွက်စေကာ တောင်ကိုရီးယားနှင့် ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာများ၌ အေးစက်စက်ဖြစ်စေခဲ့သည်။

စစ်ဘက်ဆိုင်ရာ အရာရှိများသည် တရုတ်အရေးနှင့်ပတ်သက်ပြီး ဆွေးနွေးသွားဖွယ်ရှိကြောင်း နှစ်နိုင်ငံအဆင့်မြင့် အရာရှိများက ပြောခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံဆွေးနွေးမှုကို ဖြစ်နိုင်သမျှ မြန်မြန်စတင်နိုင်ရန် ဆုံးဖြတ်ထားကြောင်း သမ္မတရုံးက ပြောခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# ရှင်ဇိုအာဘေးနှင့် နေတိုးအဖွဲ့ခေါင်းဆောင်တို့တွေ့ဆုံပြီး မြောက်ကိုရီးယားအရေးဆွေးနွေး

**တိုကျို အောက်တိုဘာ ၃၁**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် မြောက် အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ခေါင်းဆောင်တို့က မြောက်ကိုရီးယားသည် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည်ဟု ပြောသည်။ အောက်တိုဘာ ၃၁ ရက်က တိုကျိုမြို့ ဝန်ကြီးချုပ်ရုံး၌ ပြုလုပ်ခဲ့သော အစည်းအဝေးတွင် အာဘေးက မြောက်ကိုရီးယား၏ ကမ္ဘာကြီးကို ခြိမ်းခြောက်နေမှုများမှာ လုံးဝသည်းမခံနိုင်လောက်အောင် ဖြစ်နေကြောင်း ပြောခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြောက်ကိုရီးယားကို နိုင်ငံတကာ အသိုက်အဝန်းက ဖိအားပေးရန် တိုက်တွန်းပြောကြားခဲ့သည်။ နေတိုးအတွင်းရေးမှူးချုပ် ဗိုလ်ချုပ် ဂျန်စတော်တန်ဘာ့ဂ်ျက မြောက်ကိုရီးယားသည် ကမ္ဘာကြီး၏ ရန်သူအဖြစ်ပေါ်ထွက်လာခဲ့ကြောင်း၊ ၎င်း၏ နျူကလီးယားနှင့် ဒုံးကျည်ပစ်လွှတ်မှုများသည် ဥရောပနှင့် မြောက်အမေရိကန်အထိ ရောက်ရှိနိုင်ကြောင်း ပြောခဲ့သည်။



တွေ့ဆုံမှုပြုပြီးနောက် ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်တွင် အာဘေးနှင့် စတော်တန်ဘာ့ဂ်ျတို့က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးကို မြောက်ကိုရီးယားအားဆန့်ကျင်မှုများ ပွင့်လင်းစွာ ပြုလုပ်ရမည်ဖြစ်ကြောင်း တိုက်တွန်းခဲ့သည်။

ထို့အတူ အရှေ့နှင့်တောင်တရုတ်ပင်လယ်များတွင် တရုတ်၏စစ်ရေးဆောင်ရွက်ချက်များအားလုံးနှင့် ပတ်သက်ပြီး တင်းမာမှုများကို မြင့်တက်လာစေနိုင်သည့် မည်သည့်တစ်ဖက်သက်လုပ်ဆောင်ချက်မဆို ဆန့်ကျင်ကြောင်း အဆိုပါကြေညာချက်တွင် ထုတ်ပြန်ခဲ့သည်။

ပင်လယ်ရေကြောင်း အငြင်းပွားမှုများကို နိုင်ငံတကာဥပဒေများအား လိုက်နာကာ ငြိမ်းချမ်းစွာဖြေရှင်းသင့်ကြောင်း ကြေညာချက်၌ ဆက်လက်ဖော်ပြထားသည်။

(အင်န်အိတ်ချ်ကေ)

# ပါရီရာသီဥတုသဘောတူညီချက်၌ အမေရိကန်ပြည်ထောင်စု ပြန်လည်ပါဝင်ရန် တရုတ်မျှော်လင့်

**ပေကျင်း အောက်တိုဘာ ၃၁**

အမေရိကန်ပြည်ထောင်စုအနေဖြင့် ပါရီရာသီဥတုသဘောတူညီချက်တွင် ပြန်လည်ဝင်ရောက်ပြီး ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး ကမ္ဘာ့လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်မည်ဟု တရုတ်နိုင်ငံက မျှော်လင့်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်မှ နုတ်ထွက်လိုက်သော်လည်း ဆွေးနွေးမှုတွင် ဆက်လက်ရှိနေဦးမည်ဟု အမေရိကန်က ပြောကြားပြီးနောက် တရုတ်နိုင်ငံသည် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ညှိနှိုင်းမှုများတွင် အမေရိကန်ပြည်ထောင်စုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ဆန္ဒရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် သန့်ရှင်းသောစွမ်းအင်အသုံးချနိုင်ရေး၊ သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုကြောင်း ပြောခဲ့သည်။

ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်မှနုတ်ထွက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇွန်လ၌ ဆုံးဖြတ်ချက်ချခဲ့သည်။ (ဆင်ဟွာ)

# ဂျာမနီ ဗုံးခွဲတိုက်ခိုက်မှု စီစဉ်သူအဖြစ် သံသယရှိသူတစ်ဦးကို ရဲတပ်ဖွဲ့ဖမ်းဆီး

**ဘာလင် အောက်တိုဘာ ၃၁**

ဂျာမနီရဲများက လူပေါင်းများစွာသေစေခဲ့သည့် အိုင်အက်စ်လှုပ်ရှားမှုဟုယူဆရသော ဗုံးခွဲတိုက်ခိုက်မှုကို စီစဉ်သူအဖြစ် သံသယရှိသူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ဖက်ဒရယ်အစိုးရရှေ့နေရုံးက အောက်တိုဘာ ၃၁ ရက်တွင် ပြောခဲ့သည်။

ယာမန်အေဟုအမည်ပေးထားသော အသက် ၁၉နှစ်အရွယ် ဆီးရီးယားနိုင်ငံသားတစ်ဦးကို ချာဝါရင်မြို့အရှေ့မြောက်ပိုင်း၌ ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါသံသယရှိသူ၏အိမ်ကိုလည်း ဝင်ရောက်ရှာဖွေခဲ့သည်။

ယခုအချိန်အထိရရှိသော သတင်းအချက်အလက်များအရ ယာမန်အေသည် လူအများသေစေရန်ရည်ရွယ်ကာ ဇူလိုင်လမတိုင်မီ ဂျာမနီနိုင်ငံ၌ ဖောက်ခွဲရန် ဆုံးဖြတ်ခဲ့ကြောင်း အစိုးရရှေ့နေရုံးက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

သံသယရှိသူသည် အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ညွှန်းဆိုချက်များ မတွေ့ရသေးကြောင်း သိရသည်။ အစိုးရရှေ့နေရုံးက ၎င်းနှင့် ပတ်သက်သည့်နောက်ဆုံးရသတင်းအချက်အလက်များကို ဆက်လက်ဖော်ပြသွား မည်ဖြစ်ကြောင်း ပြောခဲ့သည်။

(ရိုက်တာ)

# ဘရာဇီးသမ္မတ မကြာသေးမီက ဆေးရုံမှ ဆင်းလာပြီ

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၃၁**

ဆီးကျိတ်ဆိုင်ရာရောဂါကြောင့် သုံးရက်ကြာဆေးကုသမှုခံယူနေသော ဘရာဇီးသမ္မတမိုက်ကယ်တီမာသည် ယမန်နေ့က ဆီရီယိုလိုင်ဘနီစ်ဆေးရုံမှ ဆင်းလာပြီဖြစ်ကြောင်း သတင်းများတွင် မကြာသေးမီကဖော်ပြခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်က ကွန်ဂရက်မှ ၎င်းအပေါ်စွပ်စွဲထားသော ပြစ်မှုနှစ်ခုကို ဝန်ခံမည်လား၊ ငြင်းပယ်မည်လားနှင့်ပတ်သက်ပြီး မဲပေးခဲ့သည်။ ဘရာဇီးလီးယား၌ ဆေးကုမှုခံယူခဲ့ရာမှ မပြီးပြတ်သေးသော ဆေးဝါးကုသမှုကို လွန်ခဲ့သောရက်အနည်းငယ်က နောက်တစ်ကြိမ်ထပ်မံဆေးရုံတက်ကာ ဆေးကုသမှုခံယူခဲ့သည်။ နောက်ပိုင်းတွင် ဆရာဝန်များက ၎င်းကို ခွဲစိတ်မှုပြုရန် လိုအပ်ကြောင်းပြောခဲ့သည်။

ဆရာဝန်က အနားယူခိုင်းထားရာ ၎င်းအနေဖြင့်ဆော်ပိုလို၌ ခေတ္တခဏဆက်လက်နေထိုင်ရဦးမည်ဖြစ်ကြောင်း သိရသည်။ နိုဝင်ဘာလဆန်းပိုင်းတွင် သမ္မတသည် ဘရာဇီးလီးယားသို့ ပြန်လာမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

## နိုင်ငံတကာ သတင်းတိုထွာ

### ပျောက်ဆုံး ရုရှား အမ်အိုင်-၈ ရဟတ်ယာဉ်ကို တွေ့ရှိ

**အော်စလို အောက်တိုဘာ ၃၁**

နော်ဝေနိုင်ငံ ဆဗားဘက်ကမ်းလွန်တစ်နေရာတွင် ပျက်ကျသွားခဲ့သော ရုရှား အမ်အိုင်-၈ ရဟတ်ယာဉ်အပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ကြောင်း နော်ဝေကယ်ဆယ်ရေးအဖွဲ့က မကြာသေးမီတွင် ပြောခဲ့သည်။

ပျက်စီးရဟတ်ယာဉ်အပိုင်းအစများကို ၂၀၉ မီတာအနက်ရှိ ဆဗားဘက်ကမ်းလွန်၌ တွေ့ရှိခဲ့ကြောင်း နော်ဝေကယ်ဆယ်ရေးအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

ရဟတ်ယာဉ်ပေါ်ပါ ရုရှားနိုင်ငံသားရှစ်ဦးလည်း သေဆုံးပြီဟု ယူဆရကြောင်း၊ သို့သော်လည်း ၎င်းတို့ကို ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ရဟတ်ယာဉ်ပေါ်ပါ ရုရှားနိုင်ငံသားရှစ်ဦးမှာ ရဟတ်ယာဉ်အဖွဲ့သား ငါးဦးနှင့် ခရီးသည်သုံးဦးတို့ဖြစ်သည်။

**(ချန်နယ်နယူးအေးရှား)**

### အီရတ်အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများပြုလုပ်ခဲ့

**ကိုင်ရို အောက်တိုဘာ ၃၁**

အီဂျစ်သမ္မတ အက်ဘ်ဒယ်ဖာတ့ဟ် အယ်လ်စီစီက ကာကွယ်ရေးဦးစီးချုပ်သစ်ကို မကြာသေးမီတွင် ပြောင်းလဲခန့်အပ်လိုက်ကြောင်း၊ ထို့အတူ ပြည်ထဲရေးဝန်ကြီးကလည်း နိုင်ငံ၏လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်စီမံခန့်ခွဲမှု ပြုလုပ်လိုသောကြောင့် ဌာနတွင်းရှိ အဆင့်မြင့်အရာရှိအတော်များများကို ရာထူးမှ အနားပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ထိုသို့ အစိုးရအတွင်း တာဝန်ပြောင်းလဲပေးအပ်ခဲ့ပြီး ပြန်လည်ဖွဲ့စည်းမှုများပြုလုပ်ခဲ့သော်လည်း ထိုသို့ပြုလုပ်ခဲ့သည့် အကြောင်းပြချက်အပေါ် တစ်စုံတစ်ရာ မှတ်ချက်မပေးခဲ့ပေ။ သို့သော်လည်း နိုင်ငံအနောက်ပိုင်း သဲကန္တာရဒေသဖြစ်သော ဂီဇာပြည်နယ်တွင် ရဲတပ်ဖွဲ့စစ်ဆင်ရေးတစ်ခု အကြီးအကျယ် တိုက်ခိုက်ခံရပြီး ရဲတပ်ဖွဲ့ဝင် ၁၆ ဦး သေဆုံးခဲ့ပြီးနောက် ယခုကဲ့သို့ အစိုးရအဖွဲ့ပြန်လည်ဖွဲ့စည်းသည့် ဆုံးဖြတ်ချက်များ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ် မွတ်စလင်ညီအစ်ကိုတော်များအဖွဲ့မှ သမ္မတ မိုဟာမက်မာစီကို ဖြုတ်ချရန် စီစီက စစ်ဘက်ဆိုင်ရာကို အကူအညီပေးခဲ့သည့်အချိန်ကတည်းက အီဂျစ်တပ်ဖွဲ့များသည် ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းရှိ မြောက်မြားစွာသော အိုင်အက်စ်တပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ကြသည်။

မကြာသေးမီ နှစ်များအတွင်းက စစ်သွေးကြွများ၏တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် အမြောက်အမြား သေဆုံးခဲ့ကြရသည်။ ဆိုင်းနိုင်းမြောက်ပိုင်းဒေသတွင်း အိုင်အက်စ်သစ္စာခံအဖွဲ့သည် လုံခြုံရေးတပ်ဖွဲ့များ၏ အဓိကရန်သူများ ဖြစ်ခဲ့ကြသည်။

**(ချန်နယ်နယူးအေးရှား)**

# ရဝမ်ဒါနိုင်ငံနှင့် ပလတ်စတစ်အမှိုက်တိုက်ဖျက်ရေး




ရဝမ်ဒါနိုင်ငံ Gisenyi မြို့မှာ လူတွေ ခိုးကြောင်ခိုးဝှက် သယ်ဆောင်နေကြတဲ့ အရာတစ်ခုရှိပါတယ်။ အဲဒီပစ္စည်းကို အစိုးရက တရားဝင် ပိတ်ပင်တားမြစ်ထားပြီး မှောင်ခိုကူးတာကိုမိရင်လည်း ထောင်ဒဏ်အထိ အပြစ်ပေးခံရနိုင်ပါတယ်။ ဒါပေမယ့်လည်း လူတွေကတော့ မရမကခိုးဝှက်ပြီး သယ်ဆောင်နေကြတုန်းပါပဲ။ အဲလောက်တောင် အပြစ်ကြီးတဲ့ပစ္စည်းဟာ ဘာများပါလဲ။ မူးယစ်ဆေးဝါးလား။ ဒါလည်း မဟုတ်ပါဘူး။ ရဝမ်ဒါနယ်စပ်ကိုဖြတ်ကျော်ပြီး သယ်ဆောင်လာတဲ့ တရားမဝင် သတ္တုတွင်းတွေကထွက်တဲ့ ရွှေနဲ့ စိန်တွေလည်း မဟုတ်ပါဘူး။ မှောင်ခိုသမားတွေ ခိုးသွင်းနေတဲ့ပစ္စည်းကတော့ ပလတ်စတစ်အိတ်တွေပဲဖြစ်တယ်။ ပလတ်စတစ်အိတ်တွေဟာ မူးယစ်ဆေးဝါးထက်ပိုဆိုးတယ်လို့ နယ်စပ်မှာ ပလတ်စတစ်မှောင်ခိုကူးသူတွေကို ရှာဖွေဖမ်းဆီးဖို့နဲ့ ရှာဖွေဖမ်းမိထားတဲ့ ပလတ်စတစ်တွေကို စီမံခန့်ခွဲရတဲ့ အရာရှိတစ်ဦးဖြစ်သူ မစ္စတာ Mberabagao က ပြောပါတယ်။ ရဝမ်ဒါနိုင်ငံမှာဆိုရင် ပလတ်စတစ်တင်သွင်းမှု၊ ထုတ်လုပ်မှု၊ သုံးစွဲမှုနဲ့ ပလတ်စတစ်နဲ့ ထုပ်ပိုးမှုတွေကို တရားဝင်တားမြစ်ထားပါတယ်။ ဒါပေမယ့် ခြွင်းချက်အနေနဲ့ကတော့ ဆေးရုံတွေနဲ့ ဆေးဝါးထုတ်လုပ်ဖြန့်ချိမှုတွေမှာတော့ အသုံးပြုခွင့်ပေးထားပါတယ်။ ပြင်သစ်၊ အီတလီနဲ့ တရုတ်နိုင်ငံတို့အပါအဝင် ကမ္ဘာပေါ်မှာ ပလတ်စတစ်အသုံးပြုတာကို ပိတ်ပင်တာ၊ တားမြစ်တာနဲ့ အခွန်စည်းကြပ်တာ ပြုလုပ်ထားတဲ့ နိုင်ငံပေါင်းလေးဆယ်ကျော်မှာ ရဝမ်ဒါနိုင်ငံလည်း အပါအဝင်ပဲဖြစ်ပါတယ်။

ဒါပေမယ့်လည်း ရဝမ်ဒါနိုင်ငံရဲ့ ပလတ်စတစ်ပေါ် တားမြစ်မှုကတော့ ပုံစံတစ်မျိုး ကွဲထွက်လို့နေပါတယ်။ တရားမဝင် ပလတ်စတစ်သယ်ဆောင်တာကို ဖမ်းမိရင် သယ်ဆောင်လာတဲ့ မှောင်ခိုသမားကို အလွယ်တကူပဲ ဒဏ်ငွေတပ်တာ၊ ထောင်ချတာနဲ့ လူထုရှေ့မှာ ဝန်ချတောင်းပန်ခိုင်းတာတွေ ပြုလုပ်ရပါတယ်။ ထောင်ဒဏ်ခြောက်လအထိ ချမှတ်နိုင်ပါတယ်။ ပလတ်စတစ်ကို တရားမဝင်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေကိုလည်း တစ်နှစ်ထိ ထောင်ဒဏ်ချမှတ်နိုင်တယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။ ပေါင်မုန့်တွေထုပ်ပိုးတဲ့အခါမှာလည်း ပလတ်စတစ်သုံးရင် ဆိုင်ရှင်ကို ဒဏ်တပ်လို့ရပါတယ်။ ဒါဟာ နိုင်ငံတစ်ဝန်းလုံးမှာ ပြုလုပ်နေတာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုလှုပ်ရှားမှုရဲ့ အစိတ်အပိုင်းတစ်ခုပါပဲ။

ပလတ်စတစ် စွန့်ပစ်အမှိုက်ဟာ ပျက်စီးဖို့ နှစ်ပေါင်းရာနဲ့ချီပြီးစောင့်ရပြီး တစ်ကမ္ဘာလုံးရင်ဆိုင်နေရတဲ့ ပြဿနာတစ်ခုလည်း ဖြစ်ပါတယ်။ စွန့်ပစ်ပလတ်စတစ်အမှိုက်တွေကြောင့် သမုဒ္ဒရာတွေကို ညစ်ညမ်းစေပြီး ရေနေသတ္တဝါတွေရဲ့ အသက်ရှင်သန်နေထိုင်မှုကို ခြိမ်းခြောက်လာပါတယ်။ ဒီလို အန္တရာယ်များတဲ့ ပလတ်စတစ်ပြဿနာကို နိုင်ငံအသီးသီးကလည်း သူ့နည်းသူ့ဟန်နဲ့ ကိုင်တွယ်ဖြေရှင်းနေကြပါတယ်။ လွန်ခဲ့တဲ့လကတော့ ကင်ညာနိုင်ငံမှာ စည်းမျဉ်းတစ်ခု ထုတ်ခဲ့ပါတယ်။ အဲဒါကတော့ ပလတ်စတစ် ထုတ်လုပ်ရောင်းချ တင်သွင်းသူတွေကို ထောင်ဒဏ်လေးနှစ် ဒါမှမဟုတ် ဒေါ်လာ ၁၉၀၀၀ ဒဏ်ငွေတပ်မယ်လို့ သိရပါတယ်။ ရဝမ်ဒါနိုင်ငံမှာတော့ ပလတ်စတစ်တွေကြောင့် စိုက်ပျိုးရေးကို ထိခိုက်တယ်၊ ပလတ်စတစ်အမှိုက်တွေကြောင့် မိုးရေဟာ မြေကြီးထဲကို ထိုးဖောက်ဝင်ရောက်လို့ မရောက်နိုင်ဘူး။ ဒါကြောင့် သီးနှံတွေကြီးထွားဖို့ ထိခိုက်ရတယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။ ရဝမ်ဒါအမျိုးသမီးတွေဟာ သူတို့ရဲ့ အဝတ်အောက်မှာ ပလတ်စတစ်အိတ်တွေကို ခိုးဝှက်သယ်ဆောင်ပြီး ကွန်ဂိုနယ်စပ်ကနေ ရဝမ်ဒါနိုင်ငံထဲ သယ်ဆောင်ဖို့ ကြိုးစားကြပါတယ်။

ဒါပေမယ့်လည်း ရဝမ်ဒါနိုင်ငံရဲ့ ပလတ်စတစ်အပေါ် ပြင်းပြင်းထန်ထန်ကန့်သတ်မှုတွေကတော့ အောင်မြင်မှုရရှိတယ်လို့ ဆိုရမှာပါပဲ။ ရဝမ်ဒါမြို့တော်နဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ လမ်းမတွေမှာ သန့်ရှင်းနေတာကို တွေ့ရပါတယ်။ အမျိုးသား အမျိုးသမီးတွေအားလုံးဟာ လမ်းတွေမှာ အမှိုက်လှည်းနေတာကို ပုံမှန်လိုလိုတွေ့နေရပြီး သမ္မတအပါအဝင် နိုင်ငံသားအားလုံးဟာလည်း တစ်လမှာ တစ်ခါ သန့်ရှင်းရေးလုပ်ကြတဲ့အခါ ပါဝင်ဆောင်ရွက်ကြတာကို တွေ့ရပါတယ်။ ပလတ်စတစ်သတိပေးမှုတွေကတော့ နေရာတိုင်းမှာ ရှိပါတယ်။ လေဆိပ်ကစလို့ ကျေးရွာတွေအထိ သတိပေးမှုတွေ ရှိနေပါတယ်။ ပလတ်စတစ်ရောင်းချ အသုံးပြုနေတယ်လို့သံသယရှိရင် အာဏာပိုင်တွေကို သတင်းပေးပို့မှုတွေ ပြုလုပ်နိုင်ပါတယ်။ နယ်စပ်မှာ စစ်ဆေးတဲ့အရာရှိကတော့ ကွန်ဂိုနယ်စပ်ကနေ ရဝမ်ဒါတိုင်းပြည်အတွင်းသို့ ဝင်ရောက်သူတွေကို စစ်ဆေးတဲ့အခါ အမျိုးသမီးတွေဟာ ကြက်သွန်နီ၊ အာလူးအစရှိတာတွေကို ပလတ်စတစ်ဘူးတွေနဲ့ သယ်ဆောင်လာကြတာကို စစ်ဆေးတွေ့ရှိရပါတယ်။ အမျိုးသမီးတွေဟာ ပလတ်စတစ်အိတ်တွေကို ရာနဲ့ ထောင်နဲ့ချီပြီး မှောင်ခိုသယ်ဆောင်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီလိုသယ်ဆောင်ရာကနေ အကျိုးအမြတ်လည်းရပြီး အမျိုးသမီးဆိုရင် စစ်ဆေးတဲ့အရာရှိတွေဟာ ရှာဖွေဖို့လည်း မလွယ်ကူပါဘူး။ တချို့အမျိုးသမီးတွေဆိုရင် ပလတ်စတစ်အိတ်တွေကို လက်မောင်းမှာချီပြီး ခိုးဝှက်သယ်ဆောင်လာတယ်။ ရဝမ်ဒါနိုင်ငံမှာ ပလတ်စတစ်သယ်ဆောင်လာမှုကို စစ်ဆေးတာဟာဆိုရင် မူးယစ်ဆေးဝါးကို ရှာဖွေစစ်ဆေးသလိုပဲ တင်းကျပ်ပါတယ်။

ဒါပေမယ့်လည်း လူတွေကလည်း တားမြစ်ထားတဲ့အရာကို မရရအောင် သယ်ယူဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားကြတုန်းပါပဲ။ ရဝမ်ဒါနိုင်ငံဟာဆိုရင် အာဖရိကရဲ့ အသန့်ရှင်းဆုံးတိုင်းပြည်ဖြစ်ပြီး သစ်လွင်နေတဲ့တိုင်းပြည်လည်း ဖြစ်တယ်။ အာဖရိက ၁၅ နိုင်ငံဟာ သူ့နည်းသူ့ဟန်နဲ့အတူ ပလတ်စတစ်အသုံးပြုမှုကို တားမြစ်ကြပေမယ့် ရဝမ်ဒါနိုင်ငံလိုတော့ လုံးဝသန့်ရှင်းနေအောင် မလုပ်ဆောင်နိုင်သေးပါဘူး။ လမ်းမတွေပေါ်မှာ ပလတ်စတစ်အမှိုက်တွေရှိနေပြီး ရေမြောင်းတွေမှာလည်း အမှိုက်တွေနဲ့ ပိတ်ဆို့နေပါတယ်။ ကျွဲ၊ နွားတိရစ္ဆာန်တွေဟာ ပလတ်စတစ်ကိုစားမိပြီး သေဆုံးကြရပါတယ်။ ဘာလို့လဲဆိုရင်တော့ အစာခြေဖျက်နိုင်စွမ်းမရှိလို့ပါပဲ။ ကင်ညာနိုင်ငံလိုနိုင်ငံမျိုးမှာလည်း ပလတ်စတစ်အိတ်တွေကိုလူတွေရဲ့အညစ်အကြေးတွေထည့်ဖို့ အသုံးပြုတာတွေ ရှိနေပါတယ်။ ကမ္ဘာ့တိုက်ကြီးတွေမှာ ထိခိုက်ပျက်စီးမှုနဲ့ပတ်သက်ပြီး ခြိမ်းခြောက်မှုတွေ အများကြီးရှိနေပါတယ်။ သစ်တောပြုန်းတီးခြင်း၊ ရေထုညစ်ညမ်းခြင်း အစရှိတာတွေနဲ့ ကြုံတွေ့နေရပါတယ်။ တချို့သော တိုင်းပြည်တွေဟာလည်း ဒါကိုကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းကြတုန်းပါပဲ။

တချို့ တိုင်းပြည်တွေကျတော့လည်း သီအိုရီပိုင်းအရသာ စည်းကမ်းတွေ ထုတ်ထားတယ်၊ တင်းကျပ်မှုအပိုင်းမှာတော့ လျော့နည်းနေတုန်းပါပဲ။ ကွန်ဂိုနိုင်ငံမှာလည်း ပလတ်စတစ်အသုံးပြုမှုကို ပိတ်ပင်ထားတာပါပဲ။ ဒါပေမယ့် ကွန်ဂိုနိုင်ငံရဲ့ မြို့တော်မှာတော့ အမှိုက်တွေဟာ ပလူပုံ့အောင် ပေါ်များနေပါတယ်။ ဒေသခံတွေကဆိုရင် အမှိုက်များနဲ့ ပြည့်နှက်နေသောမြို့လို့တောင် နာမည်ပြောင်ပေးထားပါတယ်။ ရဝမ်ဒါနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ကွန်ဂိုနိုင်ငံရဲ့ Goma မြို့မှာဆိုရင်လည်း ပလတ်စတစ်အမှိုက်တွေဟာ နေရာအနှံ့ပါပဲ။ ရဝမ်ဒါနိုင်ငံက အလွန်ကိုသန့်ရှင်းနေပြီး Goma မြို့မှာတော့ အလွန်ကို ညစ်ပတ်နေပါတယ်။ အစိုးရဟာလည်း ပလတ်စတစ်ကင်းစင်အောင်လုပ်ဖို့ မစွမ်းဆောင်နိုင်ဘူး။ တကယ်ဆိုရင် ပလတ်စတစ်ဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတယ်လို့ Goma မြို့သားတစ်ဦးက ပြောပါတယ်။ ရဝမ်ဒါနိုင်ငံမှာတော့ ပလတ်စတစ်အသုံးပြုမှုပိတ်ပင်ခြင်းကို ၂၀၀၈ ခုနှစ်ကစပြီး လုပ်ဆောင်ခဲ့ကာ တင်းကျပ်တဲ့၊ ရှုပ်ထွေးတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေချမှတ်ခဲ့ပါတယ်။ ပလတ်စတစ်အသုံးပြုပုံကို အမျိုးမျိုးခွဲခြားသတ်မှတ်ခဲ့ပါတယ်။ အာလူးကြော်နဲ့အခြားအစားအသောက်တွေကိုထုပ်ပိုးတဲ့ ပလတ်စတစ်တွေဟာဆိုရင် အစိုးရကသတ်မှတ်ထားတဲ့ ကုမ္ပဏီတွေကသာ တင်သွင်းခွင့်ရပြီး တင်သွင်းတဲ့ ကုမ္ပဏီတွေဟာလည်း သုံးပြီးသားပလတ်စတစ်တွေကို ဘယ်လိုပြန်ပြီးအသုံးပြုမယ်၊ ဘယ်လိုပြန်ပြီး စုဆောင်းမယ်ဆိုတာ အစိုးရကို ပြန်ပြီးတင်ပြနိုင်ရပါမယ်။ ပလတ်စတစ်အကြည်နဲ့ အစားအသောက်ထုပ်ပိုးမှုကိုတော့ ဟိုတယ်တွေမှာသာ အသုံးပြုခွင့်ပေးထားပါတယ်။ ပလတ်စတစ်ထုပ်ပိုး အသုံးပြုမှုနဲ့ပတ်သက်ပြီး ရှုပ်ထွေးတဲ့ စည်းမျဉ်းတွေကို သတ်မှတ်ထားပါတယ်။ ရလဒ်အနေနဲ့ကတော့ ရဝမ်ဒါနိုင်ငံမှာ သန့်ရှင်းသွားတာတော့ အမှန်ပါပဲ။ ဒါပေမယ့် လုပ်ဆောင်ဖို့ လွယ်ကူတဲ့ အရာတော့မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံနဲ့ ဥရောပနိုင်ငံတွေမှာတောင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူတွေနဲ့ ပလတ်စတစ်လုပ်ငန်းတွေကြား အငြင်းပွားမှုတွေရှိနေဆဲပါပဲ။

ရဝမ်ဒါမှာတော့ ကလေးငယ်တွေကိုလည်း ကျောင်းနေအရွယ်ကတည်းက သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးဖို့၊ ပလတ်စတစ်အသုံးမပြုဖို့ စတာတွေ သင်ကြားပေးပါတယ်။ ဘာပဲပြောပြော ရဝမ်ဒါနိုင်ငံရဲ့ပလတ်စတစ်တိုက်ဖျက်ရေးကတော့ အောင်မြင်တယ်လို့ ဆိုရမှာပါပဲ။

**ကိုးကား-နယူးယောက်တိုင်းမ်**

**တချို့ တိုင်းပြည်တွေကျတော့လည်း သီအိုရီပိုင်းအရသာ စည်းကမ်းတွေ ထုတ်ထားတယ်၊ တင်းကျပ်မှုအပိုင်းမှာတော့ လျော့နည်းနေတုန်းပါပဲ။ ကွန်ဂိုနိုင်ငံမှာလည်း ပလတ်စတစ်အသုံးပြုမှုကို ပိတ်ပင်ထားတာပါပဲ။ ဒါပေမယ့် ကွန်ဂိုနိုင်ငံရဲ့ မြို့တော်မှာတော့ အမှိုက်တွေဟာ ပလူပုံ့အောင်ပေါ်များနေ**

**ခြူးစန္ဒီနွေး**

# နာမည်၊ ဖုန်းနံပါတ်၊ လိပ်စာနှင့် ဖေ့စ်ဘုတ်ခ်အကောင့်ပေးရုံဖြင့် စာအုပ်အခမဲ့ငှားရမ်းဖတ်ရှုနိုင်



**မုံရွာ အောက်တိုဘာ ၃၁**
မုံရွာမြို့ အောင်ချမ်းသာရပ်ရှိ Justice House ဥပဒေရေးရာ အထောက်အကူပြုရုံး၌ ဖွင့်လှစ်ထားသော စာကြည့်ခန်းမှ စာအုပ်များကို နာမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ ဖေ့စ်ဘုတ်ခ် အကောင့်များ စာရင်းပေးသွင်းရုံဖြင့် စာအုပ်ငှားခနှင့် အသင်းဝင်ကြေး တစ်စုံတစ်ရာပေးသွင်းရန်မလိုဘဲ အခမဲ့ငှားရမ်းဖတ်ရှုနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

"လူတစ်ဦးကို စာအုပ်နှစ်အုပ်ငှားနိုင်ပြီး အများဆုံးတစ်ပတ်ငှားနိုင်ပါတယ်။ တစ်ပတ်ကျော်ပြီး ငှားဖို့လိုတယ်ဆိုရင် နှစ်ပတ်အထိ ငှားနိုင်ပြီး သက်တမ်းတိုးမယ့်အကြောင်းကို ဖုန်းနဲ့ဆက်အကြောင်းကြားရုံပါပဲ။ ငှားဖို့စာရင်းပေးထားတဲ့ သူတွေအပြင် မည်သူမဆို စာအုပ်တွေကို စာကြည့်ခန်းမှာ လာဖတ်နိုင်အောင်လည်း စီစဉ်ပေးထားပါတယ်"ဟု စာကြည့်ခန်းတာဝန်ရှိသူက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်နှင့် Peacock Generation Youth Empowerment Society (PGYES) တို့ ပူးပေါင်းစီစဉ်သည့် အဆိုပါ စာကြည့်ခန်းကို မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် သဲအင်းဂူလမ်း ကန်သာယာညှော့ရိပ်မွန်ဘေး လမ်းသွယ်အတွင်းရှိ Justice House ဥပဒေရေးရာ အထောက်အကူပြုအဖွဲ့ရုံးတွင် ဖွင့်လှစ်ထားခြင်းဖြစ်သည်။

စာကြည့်ခန်းအတွင်း အင်္ဂလိပ်ဘာသာစကားဆိုင်ရာစာအုပ်၊ မြန်မာစာပေဆိုင်ရာနှင့် ရသစာတမ်းစာအုပ်၊ စာသင်ခန်းပြင်ပ ပညာရေးဆိုင်ရာစာအုပ်၊ လွှတ်တော်ဆိုင်ရာ သုတေသနစာအုပ်၊ ဘာသာပြန်ရသစာအုပ်၊ အင်တာဗျူးစာအုပ်၊ သမိုင်းသုတစာအုပ်၊ နိုင်ငံရေးအတွေးအခေါ်အယူအဆများစာအုပ် မြန်မာဝတ္ထုရှည်စာအုပ်၊ ဘာသာရေးစာအုပ် စသည်ဖြင့် စာအုပ်အမျိုးအစားမျိုးစုံ စုစုပေါင်း ၆၀၇ အုပ်ကို စုစည်းထားပြီး အလှူခံ၍ဖြစ်စေ၊ ဝယ်ယူ၍ဖြစ်စေ စာအုပ်များ ထပ်မံဖြည့်တင်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

စာအုပ်လှူဒါန်းလိုသူများအနေဖြင့်လည်း စာအုပ်အသစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ လှူဒါန်းနိုင်ကြောင်း စာကြည့်ခန်း ထိန်းသိမ်းရေးအဖွဲ့က နှိုးဆော်ထားပြီး စာကြည့်ခန်းနှင့် ပတ်သက်၍ သိလိုသည်များကို ဖုန်း-၀၉-၇၇၇၇၄၈၈၃၄ သို့ ဆက်သွယ် ၍လည်းကောင်း၊ စာကြည့်ခန်းရုံးတွင်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကွမ်းစားမှုလျော့ကျစေရန် စတစ်ကာများကပ်၍ အသိပညာပေးလျက်ရှိ

**ကျောက်ဆည် အောက်တိုဘာ ၃၁**
နိုင်ငံအတွင်းရှိ ပြည်သူများသည် ကွမ်းယာစားမှု မြင့်တက်လျက်ရှိပြီး ကွမ်းစားသုံးမှုကြောင့် ပါးစပ်နှင့် ပတ်သက်သည့် ကင်ဆာရောဂါအမျိုးမျိုး ဖြစ်ပွားလျက်ရှိရာ ကွမ်းယာတွင်ထည့်သွင်းအသုံးပြုသည့် ပြည်ပနိုင်ငံများမှ တရားမဝင်တင်သွင်းလာသော ဓာတုဗေဒဆေးမွှေးများကို နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းပြီး တားမြစ်အရေးယူ ဆောင်ရွက်မှုများ လုပ်ဆောင်နေသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနကလည်း ပြည်သူများ ကျန်းမာရေးအသိပညာ တိုးပွားစေရေးအတွက် ပညာပေးနည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနက ပညာပေးစတစ်ကာများကပ်၍ ပြည်သူများအား ပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကျောက်ဆည်မြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ယခု အောက်တိုဘာလအတွင်း မြို့ပေါ်ရပ်ကွက်ရှိ ကွမ်းယာဆိုင်များနှင့် ပတ်ဝန်းကျင်နေရာများတွင် ကွမ်းယာစားသုံးမှုကြောင့် ဖြစ်ပွားတတ်သော ကြောက်မက်ဖွယ် ကင်ဆာရောဂါများအကြောင်း ဖော်ပြပါရှိသည့် ပညာပေးစတစ်ကာများကို လိုက်လံကပ်ထားခြင်းဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ ပညာပေးမှုများနှင့်ပတ်သက်၍ ခရိုင်ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာရဲဝင်းနိုင်က "ကျွန်တော်တို့ ကျောက်ဆည်မှာ ကွမ်းယာဆိုင်များဟာ မြို့ပေါ်မှာသာမကဘဲ ကျေးရွာတွေမှာပါ ပိုမိုများပြားလာပြီး ကွမ်းယာစားပြီး ရောဂါဖြစ်ပွားမှုတွေဟာလည်း တိုးပွားလျက်ရှိနေတာကြောင့် ဒီပညာပေးစတစ်ကာတွေကို မြို့ပေါ်မှာရှိတဲ့ ကွမ်းယာဆိုင်များနဲ့ အနီးနားတွေမှာ ကပ်နေတာဖြစ်ပါတယ်"ဟု ပြောသည်။

စတစ်ကာများ ကပ်ရာတွင် လက်ရှိအချိန်၌ စတစ်ကာ အခု ၃၀၀၀ ကို စတင်ကပ်ပေးလျက်ရှိကြောင်းနှင့် ဆက်လက်၍လည်း ကျေးရွာများတွင်ရှိသည့် ကွမ်းယာဆိုင်များတွင်ပါ ပညာပေးစတစ်ကာကပ်ခြင်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ပြန်/ဆက်)**

# စည်းကမ်းကောင်းမွန်သောယာဉ်မောင်းများ ပေါ်ထွန်းရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး၊ ညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်ရုံး) ၌ အရည်အသွေးပြည့်မီသည့် ယာဉ်မောင်းသင်တန်းကျောင်းများပေါ်ပေါက်စေရေး ညှိနှိုင်းဆွေးနွေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက နေပြည်တော် က.ည.န ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး၊ ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးက သင်တန်းကျောင်းများတွင် တက်ရောက်ပြီးသည့် သင်တန်းသားများသည် မော်တော်ယာဉ်ကို အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်သည့် အလေ့အထရှိသူ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို ကောင်းစွာနားလည်ပြီး လမ်းအသုံးပြုသူများအချင်းချင်း စာနာစိတ်ထားရှိတတ်သောသူများဖြစ်မှ သင်တန်းဆင်းလက်မှတ်ပေးခြင်းဖြင့် က.ည.နတွင် ယာဉ်မောင်းလိုင်စင်ဖြေဆိုရာတွင် စနစ်တကျဖြင့် ဖြေဆိုအောင်မြင်ပြီး "ခ"လိုင်စင်ရရှိစေခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းကောင်းစွာနားလည်ပြီး လိုက်နာမောင်းနှင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး ယာဉ်မောင်းစစ်ဆေးရေးဌာန စစ်ဆေးရေးမှူး(၂) ဦးကျော်ဇင်လင်းထိုက်က ပရိုဂျက်တာ ပါဝါပွိုင့်ဖြင့် ဆွေးနွေးတင်ပြပြီး နေပြည်တော်ရှိ ယာဉ်မောင်းသင်တန်းကျောင်းများ ဖွင့်လှစ်ထားသည့် သင်တန်းကျောင်းခုနစ်ကျောင်းမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# မိတ္ထီလာခရိုင်၌ ကလေးနှစ်သိန်းကျော်အား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်

**မိတ္ထီလာ အောက်တိုဘာ ၃၁**
မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်တို့အတွင်းမှ အသက် ကိုးလမှ ၁၅နှစ်ကြား ကလေးဦးရေ နှစ်သိန်းကျော်အား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၏ ပြောကြားချက်အရ သိရသည်။

မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက်က ပြုလုပ်သည့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူးက မိတ္ထီလာခရိုင်အတွင်း မြို့နယ် လေးခုတွင် အသက်ကိုးလမှ ၁၅ နှစ်အတွင်း လူဦးရေ နှစ်သိန်းကျော်ကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသွားရန်ရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုဟူ၍ ကဏ္ဍနှစ်ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးရမည့် အသက်အရွယ် အပိုင်းအခြား လူဦးရေစာရင်းကောက်ယူရေး လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးများ ၊ ပညာရေးဌာန တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များကလည်း ပူးပေါင်းပါဝင်ကူညီကြရန်လိုအပ်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန်းစန်းဝေက ကျန်းမာရေးဦးစီးဌာနအနေဖြင့် မိတ္ထီလာခရိုင်အတွင်း ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ဆောင်ရွက်ရာတွင် ပါဝင်ကူညီကြမည့်သူများအား လေ့ကျင့်သင်တန်းပေးရန်လည်း လိုအပ်ကြောင်း၊ ရောဂါကာကွယ်ဆေး ထိုးနှံပေးရမည့် လူဦးရေ အရေအတွက်မှာ များပြားသကဲ့သို့ အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းမှာလည်း များပြား၍ သက်ဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီပေးကြပါရန် ပြောကြားလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ပညာရေးမှူး၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ကျန်းမာရေးဦးစီးမှူး၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့ခွဲမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**

## သတင်းတို

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ ဝန်ဆောင်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ပြည်သူများ လျှပ်စစ်အသုံးပြုလျှင် သတိပြုလိုက်နာရန်အချက်များ၊ ဆောင်ရန်ရှောင်ရန်အချက်များ ပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးလူမော် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက အောက်တိုဘာ ၂၆ ရက်က မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်း၍ ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ရွှေတောင်)**

# ဂန့်ဂေါ၌ မှုခင်းကျဆင်းရေး ဆွေးနွေး

**ဂန့်ဂေါ အောက်တိုဘာ၃၁**
ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့၊ ဂန့်ဂေါမြို့နယ်ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းဝင်များ ပူးပေါင်းပါဝင်၍ မှုခင်းကျဆင်းရေး အစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်က ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ကြည်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်နှင့် တက်ရောက်လာကြသူများက မှုခင်းကျဆင်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြီးခဲ့သည့်လက ဂန့်ဂေါခရိုင်အတွင်း၌ အမှုကြီးဖြစ်ပွားခြင်းမရှိဘဲ ယာဉ်တိုက်မှု ခုနစ်မှုအပါအဝင် အခြေခံအမှု ၁၁ မှုသာရှိကြောင်းနှင့် ဖျောက်အိုးဖောက်မှု၊ ဆိုင်ကယ်မှု၊ လောင်းကစားမှုစသည့် အမှုသေးပေါင်း ၆၇ ခုကို ကြိုတင်ကာကွယ်နိုင်ခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

**ကျော်သန်းဆွေ(ပြန်/ဆက်)**

# အဖျောက်မြို့က ဂုဏ်ယူစရာ ပိဋကတ်ကျောက်စာများ

**တင်လှိုင်(မိတ္ထီလာ)**

ဗုဒ္ဓမြတ်စွာဘုရားသည် သာသနာတော်အဓွန့်ရှည်စွာ ပပျောက်ကွယ်စေရန်အတွက် ပရိယတ္တိဓမ္မက္ခန် ပိဋကတ်သုံးတန်ကို ဟောကြားတော်မူခဲ့သည်။ ဘုရားဟောပိဋကတ်သုံးပုံကို ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ပေထက်အက္ခရာ၊ ကျောက်ထက်အက္ခရာများ ထုလုပ်၍ ပူဇော်ထားခဲ့သည်။ ထိုပိဋကတ်သုံးပုံကို မန္တလေး မြို့တည်နန်းတည် ဘုရားဒါယကာကြီး မင်းတုန်းမင်းက ၁၂၂၂ ခုနှစ်တွင် မန္တလေးမြို့ ကုသိုလ်တော်ဘုရားကြီးဝင်းအတွင်း ကျောက်စာရေးထိုး ပူဇော်ခဲ့သည်။



ပိဋကတ်သုံးပုံတွင်ပါဝင်သည့် သုတ္တန်များကို ကျောက်စာချပ် ၄၁၀၊ ဝိနည်းငါးကျမ်းကို ကျောက်စာ ၁၁၁ ချပ်၊ အဘိဓမ္မာ ခုနစ်ကျမ်းကို ကျောက်စာ ၂၀၈ ချပ် စုစုပေါင်း ကျောက်စာ ၇၂၉ ချပ် ရေးထိုး၍ လှူဒါန်းပူဇော်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် ပိဋကတ်သုံးပုံကျောက်စာကို အများဆုံး လှူဒါန်းခဲ့သော မင်းတရားကြီးဖြစ်သည်။

ဗုဒ္ဓဘာသာ မကွယ်ပျောက်စေရန်နှင့် ဗုဒ္ဓဘာသာပြန့်ပွားစေရန် ရည်ရွယ်၍ မင်းတုန်းမင်းတရားကြီးက အမြော်အမြင်ကြီးမားစွာဖြင့် ဘုရားဟော ပိဋကတ်သုံးပုံကို ကျောက်စာရေးထိုး၍ ပူဇော်ခဲ့သည့်နည်းတူ မြန်မာနိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများကလည်း သာသနာတော် ထွန်းလင်းပြန့်ပွားရန် ဦးထိပ်ထား၍ ပိဋကတ်သုံးပုံကျောက်စာများ ရေးထိုး၍ လှူဒါန်းထားကြရာ ထိုသို့ လှူဒါန်းထားခဲ့သည့် မြို့ပေါင်း ၁၆ မြို့ရှိသည်ကို လေးစားကြည်ညို ဂုဏ်ယူစရာတွေ့ရသည်။

ဗုဒ္ဓဘာသာ သာသနာ မကွယ်ပျောက်စေရန်အတွက် ပိဋကတ်သုံးပုံကျောက်စာများ ရေးထိုးလှူဒါန်းရာတွင် အများစုပေါင်း၍လည်းကောင်း၊ တစ်ဦးတည်းကလည်းကောင်း ရေးထိုးလှူဒါန်းထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ပိဋကတ်သုံးပုံ ကျောက်စာကို မင်းတုန်းမင်းတရားကြီးက ပထမဆုံး ရေးထိုးလှူဒါန်းပြီးနောက် ရန်ကုန်မြို့ ကျိုက္ကစံဘုရားအနီးတွင် ကျောက်ထက်အက္ခရာတင် ပိဋကတ်သုံးပုံ ကျောက်စာ ၉၅ ချပ်၊ ရေနံချောင်းမြို့ ကျောက်စာရုံကျောင်းတိုက်တွင် ကျောက်စာ ၄၅၀ ချပ်၊ မန္တလေးမြို့ စန္ဒာမုနိဘုရားတွင် ကျောက်စာ ၁၇၇၂ ချပ်၊ မိတ္ထီလာမြို့ ထီးသုံးဆင့်ဘုရားတွင် ၅၉၇ ချပ်၊ နေပြည်တော်မြို့ ပြည်လုံးချမ်းသာဘုရားတွင် ၃၉၉ ချပ်၊ သထုံမြို့ ရွှေစာရံဘုရားကြီးအတွင်းတွင် ၅၈၅ ချပ်၊ အဖျောက်မြို့ လောကမာန်အောင်ဘုရားကြီးအတွင်းတွင် ၇၂၀ ချပ်၊ မင်းကင်းမြို့ ရွှေဘုံသာဘုရားကြီးအတွင်းတွင် ၁၇၁ ချပ်၊ မင်းရွာ ကန်ကြီးကုန်းကျောင်းတိုက်အတွင်းတွင် ၁၅၄ ချပ်၊ သာစည်မြို့နယ် ညောင်ရမ်းရွာ ရွှေမုဋ္ဌောဘုရားကြီးအတွင်းတွင် ၅၁၆ ချပ်၊ သဲတောမြို့ ကိုးတောင်ပြည့်ဘုရားကြီးဝင်းအတွင်းတွင် ၅၁၀ ချပ်၊ ဝမ်းတွင်းမြို့နယ် ဘုရားစုရွာဦးကျောင်းအတွင်းတွင် ၁၁၀ ချပ်၊ ရန်ကုန်မြို့ ကန်ဘဲ့ ပဥ္စနိကာယကျောင်းတိုက်အတွင်းတွင် ၁၀၀၅ ချပ်၊ ပဲခူးမြို့ ရွှေသာလျောင်း ဘုရားအတွင်းတွင် ၅၈ ချပ်တို့ကို ကျောက်စာအလှူရှင် တစ်ဦးချင်းကလည်းကောင်း၊ စုပေါင်း၍လည်းကောင်း လှူဒါန်းခဲ့ကြရာ စုစုပေါင်း မြို့ကြီး ၁၆ မြို့တွင် ပိဋကတ်ကျောက်စာ အချပ်ပေါင်း ၈၉၅၂ ချပ် ရေးထိုးလှူဒါန်းထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးသော ပိဋကတ်သုံးပုံကျောက်စာကို ၁၂၂၂ ခုနှစ်က သာသနာ့ဒါယကာ မင်းတုန်းမင်းကြီးက လှူဒါန်းပြီးနောက် ၃၆ နှစ်အကြာတွင် အဖျောက်မြို့မှ ဘုရားဒါယကာကြီး ဦးပွနှင့်ဇနီး ဒေါ်မမတို့က ပိဋကတ်သုံးပုံကျောက်စာ အချပ် ၇၂၀ ကို ရေးထိုးလှူဒါန်းခဲ့သည်။ ဦးပွမှာ အဖျောက်မြို့နေ အဖ ဦးက၊ အမိ ဒေါ်နန်းရီတို့မှ မွေးဖွားသော အငယ်ဆုံးသားဖြစ်သည်။ ဦးပွသည် အချိန်တန် အရွယ်ရောက်သော် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကျုံတလင်းရွာမှ ဒေါ်မမနှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီးလေးယောက် ထွန်းကားခဲ့သည်။

ဦးပွ၏ ဘဝမှာ စိတ်ဝင်စားဖွယ်ရာကောင်းသည်။ ရိုးသားကြိုးစားမှုကြောင့် သာမန်ပခုံးထမ်း ခေါင်းရွက်ဈေးသည် ကလေးဘဝမှ အဆင့်ဆင့်တိုးတက်ကြီးပွားလာရာ မြေပိုင်ရှင်၊ လယ်ပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်၊ သင်္ဘောပိုင်ရှင်ဘဝသို့ ရောက်ရှိလာခဲ့သည်။ သူဌေးကြီး ဦးပွနှင့် ဇနီး ဒေါ်မမတို့သည် နေ့ညစွာ ကုံလုံလာသည်နှင့်အမျှ အလှူရေစက်လက်နှင့်မကွာ လှူဒါန်းခဲ့သည်။ မိမိဆရာရင်းဖြစ်သော ပထမဘားကူးဂိုဏ်းကြီး၏ နာယက ဂဏာသာမိ၊ ဂဏာစရိယ၊ ပရိယတ္တိဝိသာရဒ၊ ဂန္ထန္တရ ဗဟုသုတ၊ ဂန္တကာရက၊ ဘာသန္တရ ကောဝိဒ၊ ဦးသာဂရ ဆရာတော်ကြီးကို ကျောင်းဆောက်လှူဒါန်း ကိုးကွယ်ခဲ့သည်။ ထို့နောက် ဆရာတော်ကြီး၏ဩဝါဒကိုခံယူ၍ အဖျောက်မြို့တွင် ဉာဏ်တော်ကိုးတောင်အမြင့်ရှိ တပလ္လင်ခွေ ဝေနေယျသုခ လောကမာန်အောင် ပြည်လုံးကျက်သရေရုပ်ပွားတော်အား တည်ထားကိုးကွယ်ပြီး ရုပ်ပွားတော်သီတင်းသုံးတော်မူရာ အလျား ပေ ၁၅၀၊ အနံ ၉၅ ပေရှိ သံထည်များဖြင့် ဆောက်လုပ်ထားသော 'သံတန်ဆောင်းတော်ကြီး' ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဘုရားဒါယကာကြီး ဦးပွသည် လောကမာန်အောင် ပြည်လုံးချမ်းသာဘုရား သံတန်ဆောင်းတော်အတွင်းရှိ ဓမ္မစေတီကျောက်စာတိုက် ငါးတိုက်အတွင်း၌ ၁၂၈၆ ခုနှစ်မှစ၍ ပိဋကတ်သုံးပုံ ကျောက်စာများကို လှူဒါန်းခဲ့သည်။ လှူဒါန်းသော ပိဋကတ်သုံးပုံ ကျောက်စာများမှာ သုတ်သုံးကျမ်း ပါဠိတော် အစုံကို ကျောက်ပြား ၄၀၃ ဆူ၊ အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်အစုံကို ကျောက်ပြား ၂၀၅ ဆူ၊ ဝိနည်းငါးကျမ်း ပါဠိတော်အစုံကို ကျောက်ပြား ၁၁၂ ဆူတို့တွင် လှူဒါန်းခဲ့ခြင်းဖြစ်ရာ ဓမ္မ+ဝိနယနှစ်ရပ် ပိဋကတ်သုံးသွယ် ကျောက်ပြားပေါင်း အဆူ ၇၂၀ တို့ဖြစ်သည်။ ဘုရားဒကာကြီး ဦးပွမှာ သာသနာ့ဒါယကာ မင်းတုန်းမင်းကြီး လှူဒါန်းခဲ့သော မန္တလေး ပိဋကတ်သုံးပုံ ကျောက်စာများကဲ့သို့ ကျောက်စာချပ်ရေ ၇၂၉ ချပ်ကို လှူဒါန်းနိုင်သော်လည်း မင်းနှင့်ပြိုင်၍ မလှူကောင်းဟု အသိစိတ်ဓာတ်ခံယူ၍ ပိဋကတ်ကျောက်စာ ၇၂၀ ချပ်သာ လှူဒါန်းခြင်းဖြစ်သည်ဟု သိရသည်။ ထိုပိဋကတ်ကျောက်စာများကို အဖျောက်မြို့တောရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဦးမေဓင်္ကရဆရာတော်နှင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှ လူပြန်တော်ပညာရှိ ဆရာကြီး ဦးပိုးတို့က တည်းဖြတ်ခဲ့သည်။

အဖျောက်မြို့ ဘုရားဒါယကာကြီး ဦးပွက ပိဋကတ်သုံးပုံကျောက်စာများကို ၁၂၈၆ ခုနှစ်က စတင်သွန်းလုပ်ပူဇော်ခဲ့ရာ ၁၃၁၂ ခုနှစ်မှ ပိဋကတ်သုံးပုံကျောက်စာများ ပြီးစီးခဲ့သည်။ ကျောက်စာအချပ်ရေ ၇၂၀ အတွက် ကျသင့်ငွေကျပ် ၉၇၂၀၀ ကုန်ကျခဲ့သည်။

အဖျောက်မြို့မှ သူဆင်းရဲ ပုခုံးထမ်းဈေးသည်ဘဝမှ ရိုးသားကြိုးစားစွာ စီးပွားရှာခဲ့ရာမှ မြေပိုင်ရှင်၊ လယ်ပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်၊ သင်္ဘောပိုင်ရှင်ဘဝအထိ စီးပွားရေးအောင်မြင်ခဲ့သည့် ဘုရားဒါယကာကြီး ဦးပွဘဝမှာ လေးစားဂုဏ်ယူစရာကောင်းလှသည်။ သူဌေးကြီး ဦးပွသည် သူဌေးဘဝရောက်သော်လည်း ဗုဒ္ဓဘာသာပီပီ အလှူရေစက်လက်နှင့်မကွာ လှူဒါန်းခဲ့သည်။ မိမိဇာတိ အဖျောက်မြို့အတွက် 'ဝေနေယျသုခ လောကမာန်အောင် ပြည်လုံးကျက်သရေ ရုပ်ပွားတော်' တည်ထားကိုးကွယ်ခြင်း၊ ရုပ်ပွားတော်သီတင်းသုံးရန် 'သံတန်ဆောင်းတော်ကြီး' ဆောက်လုပ်လှူဒါန်းခြင်း၊ သာသနာသုံးရပ် တည်တံ့ထွန်းကားပြန့်ပွားစေရန်အတွက် ပိဋကတ်သုံးပုံကျောက်စာများကို တစ်ဦးတည်း လှူဒါန်းခဲ့ခြင်းတို့ကြောင့် အဖျောက်မြို့၏ ဘာသာသာသနာအတွက် ချီးကျူးဂုဏ်ယူ လေးစားစရာကောင်းသည့် ဘုရားဒါယကာကြီး ဦးပွအား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ။

**မှီငြမ်း**
**အဖျောက်မြို့ ပိဋကတ်ကျောက်စာတော်များသမိုင်း**
**(မောင်အေးကျော်-အဖျောက်)**



# ရပ်ကွက်/ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

**တပ်ကုန်း အောက်တိုဘာ ၃၁**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ရပ်ကွက်/ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်က ခရိုင်ပြန်/ဆက်ဦးစီးဌာန Community Centre ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ရပ်ကွက်/ကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီး နေပြည်တော် စာပေစကားဝိုင်းမှ စာရေးဆရာမျိုးမြင့်(မြန်မာစာ)က စာပေဖတ်ရှုရခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် နေပြည်တော် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဝင်းမြတ်ကျော်နှင့်အဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် လိုအပ်ချက်များကို တက်ရောက်လာကြသည့် စာကြည့်တိုက်မှူးများ၊ ကော်မတီဝင်များနှင့် အပြန်အလှန်ဆွေးနွေးပြီး ရပ်ကွက်၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာပေများနှင့် ဂျာနယ်မျိုးစုံတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# မြေပဲရိတ်ချိန်တွင် လုပ်သားငှားရမ်းခများ ဈေးမြင့်လာ

**ညောင်ဦး အောက်တိုဘာ ၃၁**

ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများမှ တောင်သူများ စိုက်ပျိုးခဲ့သော မြေပဲကြီး၊ မြေပဲလေးများ ရိတ်သိမ်းနေသည့်အချိန်အခါ ရောက်ရှိလာပြီဖြစ်သဖြင့် မြေပဲများ ရိတ်သိမ်းရန် လုပ်သားများကို တောင်သူများက အပြိုင်အဆိုင် ငှားရမ်းနေကြရကာ လယ်ယာလုပ်သားရှားပါးမှုနှင့် ကြုံတွေ့နေရပြီး လုပ်သားများတောင်းဆိုသလောက် နေ့စားခပေး၍ ခေါ်နေကြရကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က မိုးနဲ့ အလုအယက်လုပ်ရတယ်။ ဒီနှစ်လည်း စောစောပိုင်းရက်တွေက မိုးရွာတယ်။ နောက်လည်း မိုးရွာလာရင် ရိတ်သိမ်းချိန် မိုးမိမှာစိုးတဲ့အတွက် တောင်သူများက လုပ်သားများကို ဈေးကောင်းပေး ခေါ်ပြီး ငှားကြရတယ်။ မိုးမိရင် မြေပဲရိုးတွေ အောက်ကုန်တယ်၊ မှိုလည်းတက်တယ်။ အဲဒီတော့ နွားစာလည်း မကောင်းဘူး။ မြေပဲအတောင့်လည်း မကောင်းဘူး။ ဒါကြောင့် မိုးမမိအောင် သူ့ဦးငါရ ရိတ်သိမ်းနေကြတာပါ။ ဒါကြောင့် လုပ်သားများကိုလည်း ဈေးကောင်းပေး ခေါ်နေကြရတာ"ဟု ညောင်ဦးမြို့နယ် ခက်လန်းကန်း ကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးညွန့်ဝေက ပြောသည်။

"ကျွန်မ ယာခင်းမှာ လူငှားရင်မလွယ်ဘူး။ လူငှားရင် အမျိုးသားတစ်ယောက်ကို တစ်နေကုန်လုပ်အားခ ကျပ် ၅၀၀၀ ပေးရတယ်။ မိန်းမသားတစ်ယောက်ဆိုရင် လုပ်အားခ တစ်နေကုန်ကျပ် ၃၅၀၀ ပေးခေါ်နေရတယ်။ ဒါကြောင့် ကျွန်မက ကိုယ့်မိသားစုနဲ့ပဲ တစ်ပိုင်တစ်နိုင် ဝိုင်းလုပ်ရတယ်။ နေ့စားအငှားလိုက်စားရတာက အဆင်ပြေသလိုလို ရှိဦးမယ်။ တောင်သူလုပ်စားရတာ အကြွေးပတ်တယ်။ နှစ်ပတ်လည် အကြွေးနဲ့ နပန်းလုံးနေရတယ်။ မိုးနှင့်လေနှင့်လုပြီး အလုပ်လုပ်ကြရတော့ အလုပ်သမားကို ဈေးကောင်းပေးငှားကြရတဲ့အတွက် တောင်သူတော်တော်များများ အခက်အခဲကြုံနေရပါတယ်"ဟု မြေပဲစိုက်ပျိုးထားသည့် တောင်သူအမျိုးသမီးတစ်ဦးက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**



# စပါးမျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန် ယှဉ်ပြိုင်စမ်းသပ်ကွက်များ စိုက်ပျိုးထား

**ဂန့်ဂေါ အောက်တိုဘာ ၃၁**

ဂန့်ဂေါမြို့နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားရေး၊ ဈေးကွက်ဝင် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာနိုင်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ၂၀၁၇ ခုနှစ် မိုးရာသီအတွင်း စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားကြောင်း သိရသည်။

စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်ကို ရွှေဘိုကျေးရွာ၌ စိုက်ပျိုးထားပြီး မိုးစပါးစိုက်ပျိုးနည်းစနစ်များ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားကြောင်း၊ ထိုစမ်းသပ်ကွက်တွင် စပါးအစွမ်းရှိ စိုက်ပျိုးနည်းစနစ်ဖြစ်သည့် SRI စနစ်၊ သိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်း (၁၄) ချက်ဖြင့် စိုက်ပျိုးသည့် BMP စနစ်၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသည့် Seeder စနစ်နှင့် တောင်သူနည်း ကြဲပက်စနစ်တို့ဖြင့်စိုက်ပျိုးထားကြောင်း၊ သုတေသနဖွံ့ဖြိုးရေးနှင့်ဒေသနှင့်ကိုက်ညီပြီး တောင်သူအကျိုးရှိမည့် စပါးစိုက်ပျိုးနည်းစနစ်များကို သိရှိနိုင်စေရေးအတွက် ဖော်ထုတ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ပြီး အရည်အသွေးကောင်း စပါးမျိုးဖြစ်သည့် ရွှေပြည်ဌေး စပါးမျိုးနှင့် အခြား စပါးမျိုးသစ် သုံးမျိုး၊ စုစုပေါင်း အရည်အသွေးကောင်း စပါးမျိုး လေးမျိုးကိုလည်း မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်အဖြစ် စိုက်ပျိုးထားရာ စီးပွားရေး တွက်ခြေကိုက်မည့် သီးနှံဖြစ်သည့်အပြင် ဒေသနှင့်ကိုက်ညီသဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စပါးခင်းသို့ တောင်သူများ လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

## ကမ္ဘာအရပ်ရပ်မှ ပြသမှုပိတ်ပင်ထားသော ရုပ်ရှင်ကားများ နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ် ပွဲတော်ကြီးတွင်ပြသမည့်

**ရန်ကုန်  အောက်တိုဘာ ၃၁**

(၅) ကြိမ်မြောက် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည့် "နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကြီးကို ယခုနှစ် နိုဝင်ဘာ ၃ ရက် မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ရန်ကုန်မြို့ရှိ ဝဇီရာ မဟာဗန္ဓုလပန်းခြံနှင့် ဆူးလေရှန်ဂရီလာဟိုတယ်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ကမ္ဘာ့နိုင်ငံများမှ အစိုးရပိတ်ပင်ထားသော ကားများကို အဓိကထားပြသသွားမည်ဖြစ်ပြီး ကားပေါင်း ၆၀ တွင် ခေတ်နှောင်း မြန်မာရုပ်ရှင်ဇာတ်ကားများဖြစ်သည့် ၁၉၃၄ ခုနှစ်က ဒါရိုက်တာ ဦးတင်မောင် ရိုက်ကူးသော မြဂနိုင်၊ ၁၉၅၀ ခုနှစ်က ဒါရိုက်တာ ဦးတင်မြင့် ရိုက်ကူးသော ပျို့ချစ်လင် ရုပ်ရှင်ဇာတ်ကားတို့ကို ပြသသွားမည်ဟု သိရသည်။

အနာဂတ်ပြည်တွင်းရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး ယခုနှစ်တွင်လည်း ဒုတိယအကြိမ်မြောက်အဖြစ် ပါဝင်ကျင်းပခွင့်ရရှိကြောင်း၊ ပွဲတော်ကြီးအား ကျင်းပလာသည်မှာ (၅)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ အဆိုပါပွဲတွင် မြန်မာနိုင်ငံအနေနှင့် Myanmar Script Fund အစီအစဉ်ကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ယင်းအစီအစဉ်တွင် တက်သစ်စ ရုပ်ရှင်ဖန်တီးသူများအတွက် သင်ကြားရေးများရရှိမည့်အပြင်၊ ပွဲဇာတ်ညွှန်းပြိုင်ပွဲတစ်ရပ်ကိုပါ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည့်ရရှိနိုင်ပြီး၊ ပွဲတော်မတိုင်မီ ရွေးချယ်ပွဲကိုကြိုတင်ပြုလုပ်ပြီး၊ ရွေးချယ်ခံရသော တက်သစ်ရုပ်ရှင်ပရောဂျက်ခုနစ်ခုကို နိုင်ငံတကာ အတွေ့အကြုံအဆင့်ရှိသည့်၊ နိုင်ငံတကာဂျူရီဒိုင်လူကြီးအဖွဲ့က သဘာပတိအဖြစ် ဦးဆောင်ပြီး ရွေးချယ်ကာ ဆုများစွာကိုလည်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Memory Journalism and Culture သတင်းနှင့် ယဉ်ကျေးမှုအစီအစဉ်လည်းပါဝင်ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်နိုင်ပြီး ပြည်တွင်း၊ ပြည်ပ သတင်းထောက် စာနယ်ဇင်းဆရာများက ကြီးကြပ်ကာ သင်ကြားပေးမည်ဟု သိရသည်။ အဆိုပါပွဲကြီးကို ပြန်ကြားရေးဝန်ကြီးဌာနမှနေ၍ ပြည်တွင်းရှိရုပ်ရှင်ကို နှစ်သက်မြတ်နိုးပြီး တန်ဖိုးထားတတ်သောလူငယ်လူရွယ် မျိုးဆက်သစ်များ ပိုမိုတိုးပွားလာစေရန်နှင့် ရုပ်ရုပ်သမိုင်းကြောင်းများကို တွင်တွင်ကျယ်ကျယ် သိရှိနားလည်စေရန် ရည်ရွယ်ပြီး ပြုလုပ်ကြောင်း သိရသည်။ **ကိုလင်း**

## ဂီတသက်တမ်း(၂၁)နှစ်ရှိပြီးဖြစ်သည့် အဆိုတော် ဘိုဖြူ ဂီတအမွေပေးမည့် မျိုးဆက်မရှိဟုဆို



တစ်ကိုယ်တော်တေးစီးရီးပေါင်း ၁၀ ခွေထွက်ရှိခဲ့ပြီး ဂီတ သက်တမ်းနှစ်(၂၁)ရှိပြီဖြစ်သည့် တောင်ကြီးသားအဆိုတော် ဘိုဖြူတစ်ယောက်သူ၏ နောက်ဆုံးထွက်ရှိမည့် တစ်ကိုယ်တော်ခွေကို ယခုနှစ် ဒီဇင်ဘာလပထမပတ်တွင် ရတနာမြိုင် တေးထုတ်လုပ်ရေးကနေထွက်ရှိရန် ပြင်ဆင်နေကြောင်း သိရသည်။ ချယ်ရီပန်းလေးအသည်းပေးမယ်၊ ခေမရဋ္ဌ၊ သက်မဲ့ ဆည်းဆာ၊ ဆန်ရေ၊ တောင်ပေါ်မြေမှ ရိုးရာတေးများ၊ မောတို့ ပျော်ရာတောင်သာယာ၊ အချစ်အတွက် တစ်ဖန်မွေးဖွားခြင်း၊ ပြည့်စုံပါစေ၊ အပေးအယူ၊ ချစ်ထုံးဖြေပါ စသည့်တေးသီချင်းများ ထွက်ရှိခဲ့ပြီး အောင်မြင်မှုများနှင့် ယနေ့တိုင် ပရိသတ်နှစ်သက် လက်ခံအားပေးနေသူတစ်ယောက်လည်းဖြစ်သည်။

**မေး။ ဂီတအတွက် ဖန်တီးမှုလေး တွေရှိရင် ပြောပြပါဦး။**

ဖြေ။ အစ်ကို့ရဲ့မြင်နေကျ ပုံစံလေးအတိုင်းပါပဲ။ အခုနောက်ဆုံးထွက်မယ့် စီးရီးကလည်း သီချင်းအားလုံး ၁၁ ပုဒ်ပါမယ်။ သီချင်းတွေက အားလုံးတော့ပြီးသွားပါပြီ။ သီချင်းခေါင်းစဉ်လေးပေးဖို့ စဉ်းစားနေတုန်းပါပဲ။ တေးရေး ကိုအောင်ရဲ့ သီချင်းလေးတစ်ပုဒ်တော့ လောလောဆယ် ရွေးထားတယ်။ ကိုယ်နဲ့ ပရိသတ်ထပ်တူအကြိုက်တူနိုင်မယ့် သီချင်းတွေတော့ ရွေးတတ်တယ်။ သီချင်းတွေ အပ်ရင်လည်း ဒီလိုပါပဲ။ အစ်ကို့ အခွေတိုင်းမှာ မိဘမေတ္တာဖွဲ့ သီချင်းလေးတွေ အမြဲထည့်ဖြစ်တယ်။ အခုနောက်ဆုံးထွက်မယ့် အခွေဆို အစ်ကို လေးနှစ်ခွဲ လောက်ရှိပြီ စိတ်လည်း ညစ်ရတယ်။ ဒါပေမယ့် အခုထွက်လာမယ့် အရည်အသွေးကတော့ သောက အားလုံးပြေစေခဲ့ပါတယ်။

**မေး။ ကိုယ်တိုင်ခံစားပြီး ရေးထားတာလေးတွေ ဘယ်တော့လောက်တွေ့ရမလဲ။**

ဖြေ။ ဟိုအရင်ကတည်းက အစ်ကိုက သီချင်းမရေးတာပါ။ ရေးလည်း မရေးတတ်ဘူး။ အခုဒီအခွေမှာဆိုလည်း တေးရေးတွေက အယ်ဖြူက သီချင်းငါးပုဒ်၊ ရွှေဂျော်ဂျော်၊ စောခူဆဲ၊ ကိုအောင်၊ မိုးသန့်ဇော်တို့ရေးပေးတဲ့ သီချင်းတွေပါမှာပါ။ အစ်ကိုက အဆိုပိုင်းပဲ အားသန်တယ်လေ။ သီချင်းဆိုတာကိုပဲ လောဘကြီးတယ်။ ကျန်တာ ဘာမှမရှိဘူး။ ဒါပေမယ့် အစ်ကိုတို့ ၂၁ နှစ် အချိန်အခါအထိ ပြုံပြင်မှုမရှိအားပေးနေတဲ့ ပရိသတ်ကိုတော့ ကျေးဇူးတင်တာတော့ အမှန်ပဲ။

**မေး။ တစ်ကိုယ်တော် အမှတ်တရဖျော်ဖြေပွဲတွေ မလုပ်ဘူးလား။**

ဖြေ။ အမှန်အတိုင်းပြောရရင် အစ်ကိုမဆိုနိုင်ဘူးညီလေး။ ဘာလို့လဲဆို အလွန်တာဝန်ကြီးတယ်။ အချို့လူတွေဆိုနေတာကို အစ်ကိုလေး စားပါတယ်။ ဘာလို့လဲဆိုတော့ မလွယ်ဘူးလေ။ ပရိသတ်ကို အစ်ကိုမလုပ်နိုင်တာကြီးကို ချမပြရဲဘူး။ တစ်ယောက်ထဲဆိုဖို့ ဆိုတာလည်း မလွယ်ဘူး။ အစ်ကို့မှာ အဆင်သင့် မဖြစ်သေးပါဘူး။ အင်အားလည်း မရှိဘူး။ ရိုးရိုးစတိတ်ရှိုးလောက်ပဲ အစ်ကိုဆိုချင်တယ်။

**မေး။ ဒီကနေ့ခေတ် ဂီတက ပရိသတ်ကို ထင်သလောက် မဆွဲဆောင်နိုင်တော့ဘူးလို့ ထင်သလား။**

ဖြေ။ ဒါကလည်း ခေတ်ကာလနဲ့ ဆိုင်တယ်ဆိုပေမယ့် အစ်ကိုတို့တုန်းကလောက် သိပ်ဆွဲဆောင်နိုင်မှုပိုင်းက အားနည်းနေတာတွေ့လာရတယ်။ အစ်ကိုတို့တုန်းကဆို သီချင်းတစ်ခွေဖြစ်ဖို့ တအားကို အားစိုက်ခဲ့ရတာလေ။ ဒီဘက်ခေတ်ကတော့ အဆိုတော်တွေလည်း ပေါ်များလာတယ်။ အခွေတွေလည်းထုတ်တာ နေ့တိုင်းလိုလိုတွေ့နေရတယ်။ ဒါကလည်း ခေတ်စနစ်ကြောင့်လို့ အစ်ကိုထင်တာပဲ။ လုပ်ပါ၊ မလုပ်နဲ့ မပြောပါဘူး။ ဒါပေမယ့် ကိုယ်လုပ်တဲ့ သီချင်းတွေကို တန်ဖိုးရှိရှိနဲ့ လေးလေးစားစား လုပ်စေချင်ပါတယ်။

**မေး။ အစ်ကို ဂီတအတွက် မျိုးဆက်က**

ဖြေ။ အစ်ကိုအခုအသက် (၄၉) နှစ်ရှိပါပြီ။ မျိုးဆက်ထားဖို့တော့ မရှိပါဘူး။ အခုအထိလည်း အစ်ကိုက ဂီတကို လေ့လာနေရတဲ့ သူမို့ပါ။ ဦးထီးတို့ဆို မြင်ဆရာ၊ ကြားဆရာပေါ့နော်။ ကိုငှက်တို့သီချင်းတွေကို အစ်ကိုအခုထိ ပြန်နားထောင်ပြီး ကိုယ်မသိတာလေးတွေကို လေ့လာနေရတုန်းပါပဲ။ တချို့နားမလည်တာလေးတွေ လာမေးလို့ရှိရင်တော့ အရပ်စကားအနေနဲ့ ရှင်းပြတတ်တာတော့ရှိတယ်။ ကိုယ်တိုင်မသိသေးတာတွေကို လေ့လာနေရတာမို့ပါ။ **ကိုလင်း**

## မေတ္တာကို အခြေခံရိုက်ကူးထားသည့် "အမည်ပေါက်နဲ့ ကျူး" ရုပ်ရှင်ဇာတ်ကားကြီး

နယူးဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးကနေ ထုတ်လုပ်ရိုက်ကူးပြီး ဇာတ်လမ်း ဇေယျာ (ဦးမိုဒန်)၊ ကိုငယ်လေး(DV5)၊ ဇာတ်ညွှန်း၊ မြမြင့်မိုရ်၊ နေစိုးသော်၊ ဒါရိုက်တာ ဇော်မျိုးတို့ ဖန်တီးရိုက်ကူးသော "အမည်ပေါက်နဲ့ကျူး" ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင် မြင့်မြတ်၊ အိချောပို၊ မေကဗျာ၊ ဇင်ဝိုင်း၊ ဇော်ဦး၊ ဒိန်းဒေါင်၊ ကျော်ထူး၊ ဌက်ပျောကြော်၊ စိုးမိုးကြည်နှင့် အနုပညာရှင်များစွာပါဝင်ထားကြောင်း သိရသည်။ အဆိုပါ ဇာတ်ကားကြီးကို နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ရှိ သမ္မတရုပ်ရှင်ရုံအပါအဝင် မြန်မာတစ်ပြည်လုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသသွားမည်ဟု သိရသည်။

**ဒါရိုက်တာဇော်မျိုး** အဓိကကတော့ ဒီဇာတ်ကားရဲ့နာမည်အရင်းက အမည်ပေါက်ကျူးပေါ့။ အစ်ကိုတို့ ဆင်ဆာတင်လိုက်တဲ့အချိန်မှာ အမည်ပေါက်ကျူးလို့ မရေးဘဲနဲ့ တစ်လုံးထည့်ပေးပါဆိုတော့ အမည်ပေါက်နဲ့ ကျူးဖြစ်တာပေါ့နော်။ ဒီနာမည်ပေးဖြစ်ပုံကလည်း ဦးဇင်ဝိုင်းက အမည်ပေါက်တယ်၊ မြင့်မြတ်က ကျူးကျော်တယ် အဲ့ဒီနှစ်ခုကို Remix လုပ်ပြီးတော့ နာမည်ပေးဖြစ်တာပါ။ ကျွန်တော့်ရဲ့ ဒီကားမှာ ပရိသတ်ကို ပေးချင်တဲ့ Message ကတော့ လူက ဆင်းရဲပေမယ့် သူတို့ဆီမှာရှိတဲ့ မေတ္တာစိတ်ကတော့ ချမ်းသာတယ်။ ဒီကလေးက သူတို့ရဲ့ဘဝတစ်ခုပေါ့နော်။ လူချမ်းသာတွေမှာက ပိုက်ဆံရှိပေမယ့် သူတို့ဆီမှာ မေတ္တာစိတ်ကမရှိတော့ စိတ်ချမ်းသာမှုမရှိတာပေါ့နော်။ အဲ့ဒါလေးကို ပြချင်တာပါ။ ဒီကားရိုက်တဲ့အခါမှာလည်း တကယ့်ကျူးတွေမှာ သွားရိုက်ကူးခဲ့ပါတယ်။ တရာရုံးအပြင်အဆင်ကိုလည်း ကိုယ်တိုင်ဆက်တင်ပြင်ဆင်ပြီးရိုက်ခဲ့တယ်။ ဒီကားကို ရိုက်ရတာ အန္တရာယ်များပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုဟာက ပရိသတ်တွေက ဟာသကားတွေ၊ အချစ်ကားတွေကြိုက်နေကြတဲ့အချိန်မှာ ဒီကားလေးက ပေါက်ပဲ့မလားပေါ့။ပရိသတ်ရဲ့အားပေးမှုကိုရရင်တော့ ပျော်မိမှာပါ။

**ဇင်ဝိုင်း**

ကျွန်တော်တို့မှာ ရိုက်စဉ်အခါကတော့ ဘေးပယောဂအခြေအနေ၊ ကိုယ့်ကျန်းမာရေး အခြေအနေတွေကို အကောင်းဆုံးဖြစ်အောင် လုပ်ကြတာပါပဲ။ ဒါပေမယ့် ပြန်ကြည့်ပြီဆိုတဲ့အခါမှာတော့ လိုအပ်ချက်တွေက အမြဲတမ်းရှိစမြဲပါပဲ၊ ကျွန်တော်က ဒီကားထဲမှာ လူချမ်းသာတစ်ယောက်ပေါ့နော်၊ ကျွန်တော်က ဒီကားမှာ ဦးဘဟိန်းနေရာက သရုပ်ဆောင်ထားတာပါ။ ကျွန်တော်က နိုင်ငံခြားမှာနေရင်းကနေ ပြည်တွင်းမှာ စက်ရုံတစ်ခုထူထောင်ဖို့အတွက် ပြန်လာပြီး အရင်က ဝယ်ထားတဲ့ မြေကွက်လေးမှာ စက်ရုံထောင်မယ်ဆိုပြီးသွားကြည့်တော့၊ အဲ့ဒီမြေနေရာမှာ ကျူးကျော်တဲတွေ ရောက်နေတာတွေ့ရတယ်၊ ဒါကြောင့်မို့ ကျွန်တော်က သက်ဆိုင်ရာလူကြီးတွေနဲ့ပေါင်းပြီးဖယ်ရှားဖို့လုပ်တယ်ပေါ့၊ အဲ့ဒီမှာ လပြည့်ဆိုတဲ့ ကလေးတစ်ယောက်ကိုတွေ့ပြီး သနားချစ်လေးနဲ့ ကျွန်တော်ချစ်ပြီး ကလေးကို မွေးစားဖို့ကြိုးစားတော့တယ်၊ ကလေးကို မွေးစားခွင့်ပေးမယ်ဆို ကျွန်တော်က မြေနေရာမှာ နေနေကြတဲ့ ကျူးကျော်တွေကို မဖယ်ခိုင်းဘူးဆိုပြီး အကျပ်ကိုင်တယ်ပေါ့ဗျာ။ အဓိကကတော့ မေတ္တာတရားကို အခြေခံပြီးရိုက်ထားတဲ့ကားလေးပါ၊ ကိုယ့်ရဲ့မြေးလေးကို ရအောင်ပြန်ယူတဲ့ ကားလေးပါ။

**အိချောပို**

အိချောကတော့ ကျူးကျော်ရပ်ကွက်မှာနေတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ကာရိုက်တာလေးပေါ့လေ။ အစပိုင်းကတော့ အသွက်လူငယ်ပုံစံလေးပေါ့။ဒီကားလေးက သဘာဝကျကျဇာတ်လေးပါ၊ ညီမက ကိုမြင့်မြတ်ရဲ့ ဇနီးနေရာကနေသရုပ်ဆောင်ထားတယ်၊ ကိုချမ်းသာရဲ့ မိန်းမပေါ့နော်၊ ပတ္တမြားဆိုတဲ့ အမျိုးသမီးတစ်ယောက်နေရာကပါ၊ တစ်နေ့မှာမထင်မှတ်ဘဲ အတိတ်မေ့နေတဲ့ ကောင်မလေး နှင်းဆီ(မေကဗျာ)က ကိုယ်ဝန်ကြီးနဲ့ ညီမတို့ ရပ်ကွက်ထဲကိုရောက်လာတယ်။ သူ့ကို သနားတာနဲ့ အိမ်မှာ စောင့်ရှောက်ထားရင်း လပြည့်လေးကို မွေးခဲ့တယ်။ ပြီးတော့ နှင်းဆီက ဦးဘဟိန်းရဲ့ သမီးလေးဖြစ်နေတယ်ပေါ့နော်။ ဇာတ်လမ်းလေးက တကယ်ကိုကောင်းပါတယ်။ မျက်ရည်လည်းဝဲရတဲ့ ကားလေးပါ၊ ကလေးကို ညီမတို့ကလည်း မပေးချင်ဘူး ကလေးကို သံယောဇဉ်ရှိနေတော့ ကိုယ့်သွေးသားလိုဖြစ်နေတာမို့ပါ။

**ကိုလင်း**



# လေ့ကားပေါ်ကပြုတ်ကျရတဲ့အကြောင်းကို ပြောလိုက်တဲ့ ဆိုင်မွန်

X Factor ရဲ့ ပွဲကိုင်ရှင်ဖြစ်သူ ဆိုင်မွန်ဟာ သူလှေကားပေါ်ကပြုတ်ကျရတဲ့ သူ့ရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အသက် ၅၈ နှစ်အရွယ် ဆိုင်မွန်ဟာ သောကြာနေ့မနက်ပိုင်းမှာမူးဝေပြီး လှေကားပေါ်ကပြုတ်ကျခဲ့ပါတယ်။ အဲဒါကြောင့် ဆေးရုံရောက်ခဲ့ပြီး X Factor ရှိုးပွဲကိုတောင် လွဲချော်ခဲ့ရပါတယ်။ သွေးပေါင်ကျတာကြောင့် ရုတ်တရက်မူးဝေပြီး လှေကားပေါ်ကပြုတ်ကျခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက အတော်လေးကိုကြောက်လန့်ခဲ့ရပါတယ်လို့ ထုတ်ဖော်ပြော ကြားခဲ့ပါတယ်။ အခုအချိန်ကစပြီး ကျန်းမာရေးကို ဂရုစိုက်တော့မယ်လို့လည်း ပြောခဲ့ပါတယ်။

The Sun နဲ့အင်တာဗျူးမှာတော့ ဆိုင်မွန်က "ကျွန်တော်ဟာ အဖေတစ်ယောက်ဖြစ်တဲ့အတွက် တာဝန်တွေအများကြီးရှိပါတယ်။ ကျန်းမာရေးကိုလည်း ဂရုစိုက်တော့မယ်"လို့ ဖြေကြားခဲ့ပါတယ်။ သောကြာနေ့မနက်ခင်းမှာ နွားနို့ပူပူလေးသောက်ဖို့ အောက်ထပ်ကိုဆင်းလာခဲ့တာဖြစ်ပြီး အိပ်ရာဆီပြန်အသွားမှာ မူးဝေပြီးပြုတ်ကျခဲ့တာပဲဖြစ်ပါတယ်။ ယခုသီတင်းပတ် X Factor ရှိုးပွဲမှာ ဆိုင်မွန်ရဲ့နေရာမှာ ဒိုင်အဖြစ် Alesha Dixon က ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ X Factor ရှိုးပွဲမှာ ဒိုင်အသစ်ဖြစ်သူ Alesha Dixon ကို ပရိသတ်နဲ့မိတ်ဆက်မပေးခင် ဆိုင်မွန်ဟာ ဒီရှိုးပွဲကို လာနိုင်ဖို့ထိ ပြန်လည်မကျန်းမာသေးဘူးလို့ Deromt o' Leary က ပရိသတ်တွေကို ပြောခဲ့ပါတယ်။ ဆိုင်မွန်ကတော့ သူ့ရဲ့ပရိသတ်တွေကိုမစိုးရိမ်ကြဖို့နဲ့ အခုသီတင်းပတ်X Factor ရှိုးပွဲမှာ လွတ်သွားပေမယ့် အမြန်ဆုံးပြန်လာနိုင်အောင် ကြိုးစားသွားမယ်လို့လည်း ပြောခဲ့ပါတယ်။ **ဟယ်လို** **ခြူး**

# သံစဉ်များနဲ့ကမ္ဘာအစီအစဉ် ၂၀၁၄ ဆုရှင် ချင်းတိုင်းရင်းသူလေး J မိုင်းမိုင်၏ ဂီတလျှို့ဝှက်ချက်

**ရန်ကုန် အောက်တိုဘာ ၃၁**



2014 ဆုရှင် J မိုင်းမိုင်၊ ဒုတိယဆုရှင် ဖြိုးဝေ၊ တတိယဆုရှင် ဇာနည်၊ စတုတ္ထဆုရှင် ထက်ထက်ဝင်းနှင့် level-4 ထိ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သူများဖြစ်သည့် Aဒေး၊ ဝေဝေခိုင်ဝင်းထွဋ်၊ ခွန်းဝတီပြည့်၊ ရှယ်လီဝင်း၊ သက်နဒီဦး၊ စောဝီသူးနှင့်ဝင်းခန့် တို့နှင့်အတူ သီဆိုထားပြီး တေးရေးဆရာ မြင့်မိုးအောင်၊ မင်းချစ်သူ၊ ရယ်ဂျီ၊ စောလင်းမို၊ မိုးမင်းအိမ်နှင့် ကောင်းဇော် တို့ ရေးသားဖန်တီးပေးထားသည့် သီချင်း ၂၂ ပုဒ်ပါဝင်ကြောင်း သိရသည်။

ချင်းပြည်နယ်၏ ဝေးလံလှသည့် နေရာလေးမှာ မွေးဖွားခဲ့ပြီး မကွေးမြို့မှာ ကြီးပြင်းခဲ့သူ၊ ငယ်စဉ်ကလေးဘဝအရွယ်ကတည်းက ဘုရားကျောင်းမှာ ဘုရားသီချင်းတွေသီဆိုပြီး သီချင်းတွေနှင့် ကြီးပြင်းခဲ့သည့် ချင်းတိုင်းရင်းသူလေး J မိုင်းမိုင်က ဆို၊ က၊ ရေး၊ တီး သီချင်းဆိုပြိုင်ပွဲကြီးမှာလည်း ဆုတံဆိပ်တွေ ရရှိခဲ့ပြီး မိမိဘဝအတွက် ဆက်လက်လျှောက်လှမ်းမည့် ခရီးလမ်းကို ကိုယ်တိုင်ရှာဖွေရန် ရန်ကုန်မြို့ကို စွန့်စားစွာ ထွက်လာခဲ့ပြီး "သံစဉ်များနဲ့ ကမ္ဘာ" သီချင်းဆိုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး အဆိုရှင်ဆုကို ရရှိထားသည်။

"ညီမလေးရဲ့အဓိကရည်မှန်းချက်က ကိုယ့်ရဲ့သီချင်းလေးတွေနဲ့ အားလုံးကို စိတ်ချမ်းသာစေချင်တယ်၊ ငယ်ငယ်ကဆို ကိုယ်ဆိုပြတဲ့ သီချင်းလေးတွေ ကို အိမ်က မိဘတွေ၊ အမျိုးတွေ နားထောင်ပြီး လက်ခုပ်တီးရင် အလွန်ပျော်ခဲ့ရပါတယ်။ တဖြည်းဖြည်း အရွယ်ရောက်လာတော့ စစ်ကိုင်းတိုင်းကိုယ်စားပြုအဖြစ်၊ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးမှာ ဆုရခဲ့တယ်၊ အဲ့ဒီကနေ ညီမလေး "သံစဉ်များနဲ့ ကမ္ဘာ"မှာ ပြိုင်ဖြစ်ခဲ့တာပါ။ ဒီပြိုင်ပွဲကြီးကနေ အောင်မြင်တဲ့ ဂီတပညာရှင်တွေ မွေးထုတ်နိုင်ခဲ့တာကို တွေ့ရတော့ ညီမလေး စိတ်ဝင်စားတာနဲ့ ပြိုင်မယ်ဆိုပြီး ဆုံးဖြတ်ချက်ချခဲ့တယ်၊ အဲ့ဒါနဲ့ ရန်ကုန်မြို့ကိုတက်ခဲ့တယ်၊ ကိုယ့်အတွက် ဆုရဖို့ထက်၊ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့ကိုပဲ စိတ်ထဲထည့်ပြီး ပြိုင်ခဲ့ပါတယ်။ လူတွေစိတ်ဝင်စားမှုတွေရှိအောင် ဖက်ရှင်ပိုင်းတွေ၊ အခမ်းအနားကျင်းပမှုတွေကအစ အားလုံးရိုးရိုးရှင်းရှင်းလေးနဲ့ အဆိုပိုင်းကို သီးသန့်လုပ်တဲ့ပွဲလေးပါ"ဟု ဆိုသည်။

"ညီမက ဒီ Melody 2014 Winner ဆုရှင်အဖြစ် ရွေးချယ်ခံရတဲ့ J မိုင်းမိုင်းပါ၊ ပြိုင်ပွဲစဉ်တစ်လျှောက်လုံး အကောင်းဆုံး သူငယ်ချင်းတွေနဲ့ လက်တွဲပြီး ယှဉ်ပြိုင်ခဲ့တာပါ။ ချင်းပြည်နယ်ကနေ လာပြိုင်တယ်၊ ပြီးတော့ ကိုယ့်ရဲ့ပထမဆုံး ပြိုင်ပွဲ လည်းဖြစ်တာမို့ အတွေ့အကြုံ နည်းလွန်းတာကြောင့် စိုးရိမ်စိတ်ကတော့ဖြစ်မိတာအမှန်ပါပဲ၊ ကိုယ့်ရှေ့မှာလည်း ကောင်းတဲ့သူတွေက အများကြီးလေ၊ အဲ့ဒါကြောင့်ပါ၊ ဒါပေမယ့် အကောင်း ဆုံးကြိုးစားယှဉ်ပြိုင်နိုင်ခဲ့ပါတယ်၊ အခုအခွေလေးမှာလည်း ညီမ သီချင်းငါးပုဒ်သီဆိုထားပါတယ်၊ သီချင်းသစ်လေးတွေလည်း ပါပါတယ်"ဟု ပြောသည်။

သူ့အနေဖြင့် ZOMIA Media မှ စီစဉ်ပြီး မြဝတီရုပ်မြင်သံကြားကနေ တင်ဆက်သော "Melody World 2014" အစီအစဉ်တွင်ပါဝင်ယှဉ်ပြိုင်ခဲ့ကာ အကောင်းဆုံး အမျိုးသမီး တေးသံရှင်ဆုကို ရရှိနိုင်ခဲ့ပြီး "Season-8 Melody World Album "အမည်ဖြင့် နိုဝင်ဘာ ၅ ရက်တွင် ထုတ်လုပ်ဖြန့်ချိတော့မည်။ အဆိုပါတေးအယ်လ်ဘမ်တွင် The Best of Melody World

Season-8Melody World Live Show အတွက် ဒါရိုက်တာ ဖြိုး (Zomia)မှ ရိုက်ကူးပေးထားကြောင်း The River Band နှင့် တီးခတ်ပြီး Now Studio တွင် အသံ ဖမ်းယူထားကြောင်း၊ The Sun Music Production မှ နိုဝင်ဘာ ၅ ရက်တွင် လှည်းတန်းစင်တာ၌ ပရိုမိုးရှင်းပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# ကွယ်ပျောက်နေပြီဖြစ်တဲ့ သစ်ဖောင်လုပ်ငန်းခွင် အများသိစေချင်လို့ အတွေ့အကြုံတွေကို ရေးဖြစ်တာပါ

## (စာပဒေသာဆောင်းပါး ပထမဆုရ ကျော်သောင်း(ဘုတလင်)နှင့် တွေ့ဆုံခြင်း)

**စာပဒေသာ ဆောင်းပါး ပထမဆုရ ကျော်သောင်း (ဘုတလင်)**



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ကကြီးမှူး၍ ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရွေးချယ်ရာတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ အမည်စာရင်းကို အောက်တိုဘာ ၂၆ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ စာပဒေသာ(ဆောင်းပါး)ဆုတွင် ပထမဆုကို ဆရာကြီးကျော်သောင်း(ဘုတလင်)၏ ချင်းတွင်းဒေသဖောင်သမားဘဝနှင့် အတွေ့အကြုံစာမျိုးစုံများ စာမူက ရရှိခဲ့သည်။

အဆိုပါ စာပဒေသာ(ဆောင်းပါး) ပထမဆုရရှိသည့် ဆရာကြီးဦးကျော်သောင်း နေထိုင်ရာ မုံရွာမြို့ဘုန်းစိုးရပ်ကွက် ခရေလမ်းသွယ်ရှိ နေအိမ်သို့ အောက်တိုဘာ ၂၉ ရက်က သွားရောက်၍ ပြိုင်ပွဲဝင်စာမူ ရေးသားဖြစ်ခြင်းကို သွားရောက်တွေ့ဆုံမေးမြန်းရာ ဆရာကြီးက ကိုယ်တိုင်ဖြတ်သန်းခဲ့ရသော ဖောင်သမားဘဝ အတွေ့အကြုံများဖြင့် ယှဉ်၍ ပြောပြခဲ့သည်။

"ကျွန်တော့်ဘဝက ဆင်းရဲသားမိဘနှစ်ပါးကမွေးပြီး စာပေပညာသင်ဖို့ဆိုပြီး ၁၉၄၄ ခုနှစ်မှာ ဘုတလင်မြို့နယ် ကွမ်းခြံကျေးရွာအုပ်စု ကွမ်းခြံကျေးရွာ ရွာဦးဘုန်းကြီးကျောင်းမှာ အပ်ပါတယ်။ အဲဒီဘုန်းတော်ကြီးကျောင်းမှာ ရှစ်နှစ်ကျော် စာပေသင်ပြီးတော့ ၁၅ နှစ်သား ၁၉၅၂ ခုနှစ်မှာ ကျောင်းကထွက်ခဲ့ရပြီး ပထမ နွားအငှားကျောင်းခဲ့ရတယ်။ ကျွန်တော့်အဖေက သစ်ဖောင်ခေါင်းလူကြီးဆိုတော့ ၁၆ နှစ်သား ကျွန်တော့်ကို သစ်ဖောင်ခေါ်ခဲ့ပါတော့တယ်။ အဲဒီကနေ သစ်ဖောင်သမားဘဝ ဖြတ်သန်းရင်း ၁၉၅၄ ခုနှစ်မှာ အိမ်ထောင်ကျပါတယ်။ အိမ်ထောင်ကျတော့လည်း ဘဝမျိုးစုံပါပဲ။ အဓိကကတော့ သစ်ဖောင်သမားလုပ်ငန်းပါပဲ။ ဒီကြားထဲမှာ ကွမ်းယာလည်း ရောင်းဖူးသလို လုပ်ငန်းစုံကို သမာအာဇီဝနဲ့ လုပ်ကိုင်ခဲ့ဖူးပါတယ်"ဟု ငယ်ဘဝနှင့် သစ်ဖောင်သမားဘဝ စတင်ရောက်ရှိလာပုံကို ဆရာကြီးက ပြန်ပြောပြသည်။

"သစ်ဖောင်သမားက ၁၉၅၃ ခုနှစ်ကနေ ၁၉၇၄ ခုနှစ်အထိ သစ်ဖောင်သမားဘဝပါ။ လမ်းစဉ်ပါတီခေတ်မှာ မြို့နယ်တရားသူကြီးတာဝန်ကို ထမ်းဆောင်ခဲ့သလို ၁၉၆၇ ခုနှစ်မှာ ကျေးရွာသမဝါယမဆိုင် တာဝန်ခံလုပ်တော့ ဖောင်လုပ်ငန်းကို နားခဲ့ပါတယ်။ ၁၉၇၈ ခုမှာ ကောင်စီလုပ်ငန်းမရှိတော့တဲ့အတွက် ဖောင်လုပ်ငန်းပြန်လုပ်တာ ၁၉၉၅ ခုနှစ်အထိ လုပ်တော့ ဖောင်သမားဘဝ နှစ်ရစ်ပေါင်းလိုက်ရင် ၂၈ နှစ် လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့လုပ်ခဲ့တဲ့ သစ်ဖောင်လုပ်ငန်းတွေက အခု ကွယ်သွားပါပြီ။ အရင်ကတော့ မုံရွာမြို့မှာ သစ်စက်ခြောက်လုံး လည်ပတ်ခဲ့ရာက အခုမရှိတော့ပါဘူး။ သစ်ဖောင်ကြီးတွေရဲ့ အတွေ့အကြုံက ကျွန်တော့်ရင်ထဲမှာ စွဲနေတယ်ပေါ့ဗျာ။ ဒီနေ့မှာ သစ်ဖောင်လုပ်ငန်း ကွယ်နေပြီဆိုတော့ ဒါတွေဟာ သမိုင်းကြောင်းအဖြစ်နဲ့ ရေကြောင်းတွေ သွားလာရတာ ခက်ခဲပုံတွေ၊ မုန်တိုင်းမိပုံတွေကို မှတ်တမ်းအဖြစ်ရှိအောင်ဆိုပြီး ရေးဖြစ်ခဲ့တာဖြစ်ပါတယ်"ဟု သစ်ဖောင်သမားဘဝ အခြေအနေနှင့် စာမူရေးဖြစ်ခဲ့ပုံကို ဆက်ပြောပြသည်။

"အောက်ကြီးစုန်လို့အခေါ်ကမြန်မာပြည်အောက်ပိုင်း ရေ့ဖြူ၊ သောင်တုန်း၊ မအူပင်၊ ဘိုကလေးတို့ဘက် အပြန်မှာ မီးရထားမစီးရဲဘူးဗျ။ သူပုန်ခေတ်ဆိုတော့ မိုင်းဗုံးတွေ တစ်အုံးအုံးထုတော့ ရန်ကုန်ကနေ မန္တလေးဆင်း စာပို့သင်္ဘောကြီးနဲ့ ပြန်ရတာ ကိုးညအိပ် ၁၀ ရက် ကြာပါတယ်။ အဲဒီလို သွားလာခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေကို စုပေါင်းရေးထားတာပါ။ သစ်ဖောင်ကိုင်ရင် ဘယ်ပုံဘယ်နည်းကိုင်ရတယ်ဆိုတာ တိမ်ကောပပျောက်နေပြီဖြစ်တယ်။ ဒါတွေကိုတော့ နောင်လာနောက်သားတွေ ဖောင်လုပ်ငန်းအကြောင်း သိသင့်သိထိုက်တယ်ဆိုပြီး ရေးသားပြိုင်ပွဲဝင်ခဲ့တာပါ။ ဖောင်လုပ်တုန်းက အိမ်ထောင်ကျစောပြီး အသက်ငယ်ငယ်လေးကတည်းက စာပေဝါသနာပါခဲ့ပါတယ်။ ဝါသနာပါတော့ဇနီးထံပေးစာတွေကို စာတိုက်ကြီး စာတိုက်ငယ်တွေကနေ ပို့ပေးပါတယ်။ အဲဒီအကြောင်းတွေလည်း စာမူဆုရတဲ့ စာမူထဲမှာ ပါပါတယ်။ ၁၅ ပြားတန်တံဆိပ်ခေါင်းက ဘယ်လောက်ဝေးတဲ့ အောက်ပြည်အောက်ရွာဖြစ်ပါစေ ခုနစ်ရက်ဆိုရင်ရောက်တဲ့ ဟိုတုန်းက စာတိုက်တွေရဲ့ ဝန်ဆောင်မှု ကောင်းတာတွေကိုလည်း အခုပြည်သူတွေ သိစေချင်လို့ မှတ်တမ်းစာမူမှာ မှတ်တမ်းပြုထားပါတယ်။ ပြိုင်ပွဲဝင်စာမူမှာ ဖောင်သမားအတွေ့အကြုံချည်းပဲ ကိုးပုဒ် ပါဝင်ယှဉ်ပြိုင်ထားတာဖြစ်ပါတယ်"ဟု စာမူများအကြောင်းကို ဆက်ပြောပြသည်။

"ဒီခေတ်က ဖောင်ခေတ်ကုန်သွားပြီ။ သင်္ဘောတင်တဲ့ခေတ်ပါ။ သို့သော် ငါတို့ဘဝ ငါတို့လူဖြစ်တဲ့အချိန်မှာ ဒီလို အင်မတန်ပင်ပန်းဆင်းရဲတဲ့ ဖောင်လုပ်ငန်းကြီးတွေကို ငါတို့ဒီလိုလုပ်ပြီးတော့ လူဖြစ်လာရတယ်။ ဒီလို ဘဝကို တည်ဆောက်လာရတယ်။ ဒီလို ဘဝကို ကြမ်းကြမ်းတမ်းတမ်းနဲ့တည်ဆောက်ပြီး စာပေလောကကနေ ဒီခေတ်လူငယ်တွေ စာပေရေးသားချင်တဲ့စိတ်တွေ ကိန်းအောင်းလာအောင်နဲ့ ကိုလိုနီခေတ်မှ လွတ်လပ်ရေးခေတ်အထိ မမြင်ဖူးမတွေ့ဖူးသူတွေ ဗဟုသုတတွေရပါစေဆိုပြီး ရေးဖြစ်တာပါ။ ဒီလိုရေးသားထားတာကို ပညာရှင်တွေအနေနဲ့ ဆုပေးအပ်တဲ့အတွက် နောက်မျိုးဆက်သစ်တွေလည်း အခုလိုစာပေမျိုး ရေးသားကြစေချင်ပါတယ်"ဟု စာမူများ ရေးသားဖြစ်ခဲ့သည့် ရည်ရွယ်ချက်ကိုလည်း ဆရာကြီးက ဆက်ပြောသည်။

ဆရာကြီးဦးကျော်သောင်း(ဘုတလင်)သည် အသက်၆၇နှစ်အရွယ် ၂၀၀၅ ခုနှစ်တွင် စာပေများစတင်ရေးသားခဲ့ပြီး တရားဥပဒေနှင့်ဆိုင်သည့် ပညာပေးမှုခင်း ဆောင်းပါးများနှင့်အတူ ဘဝနှင့်ရင်းကာ ရရှိလာသည့် အတွေ့အကြုံများဖြင့် ဖောင်သမားအတွေ့အကြုံဆောင်းပါးများ အပါအဝင် ရသစာတမ်းများကို လက်ရှိ အသက် ၈၂ နှစ်အရွယ်အထိ သွက်လက်စွာရေးသားနေဆဲဖြစ်သည့် မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးတစ်ဦးဖြစ်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ကွမ်းယာစားခြင်းကို ကန့်သတ်တားမြစ်ထားသော်လည်း လျော့သွားခြင်းမရှိ

**ဖျာပုံ အောက်တိုဘာ ၃၁**

ပြည်သူများ ကျန်းမာရေးအထောက်အကူဖြစ်စေရေးနှင့် မြို့ပြရုံးဌာနများ သန့်ရှင်းရေးတို့အတွက် ကွမ်းယာစားခြင်းနှင့် အများပြည်သူသွားလာရာ နေရာများတွင် ကွမ်းတံတွေးထွေးခြင်းများကို ဖျာပုံမြို့၌ ကန့်သတ်တားမြစ်ထားသော်လည်း လိုက်နာမှုအားနည်းနေကြောင်း တွေ့မြင်နေရပြီး ကွမ်းစားသုံးသူဦးရေမှာလည်း လျော့မသွားဘဲ တိုးပွားလာနေသည်ကို တွေ့ရသည်။

ရုံး၊ ဌာနများအတွင်း ကွမ်းယာစားခြင်းမပြုရန်နှင့် ကွမ်းတံတွေးထွေးခြင်းမပြုရန်ဟု တားမြစ်ချက်များ ထုတ်ထားသော်လည်း ရုံး၊ ဌာနများအတွင်းမှ အချို့တာဝန်ရှိသူများကိုယ်တိုင် ကွမ်းယာစားနေကြသလို ရုံးခန်းအတွင်းထောင့်များတွင်လည်းကောင်း၊ ရုံးအဆောက်အအုံ လှေကားအတက်အဆင်းထောင့်များတွင်လည်းကောင်း ကွမ်းတံသွေးထွေးထားခြင်းများကိုလည်း တွေ့နေရသဖြင့် ရုံး၊ ဌာနများတွင် အကြီးအကဲမှအစ အောက်ခြေဝန်ထမ်းများအထိ ပြုပြင်ရန်လိုအပ်လျက်ရှိသည်ကို တွေ့ရသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရှေ့တောင်အာရှဒေသတွင် ဆေးရွက်ကြီးထွက်ပစ္စည်းများ စားသုံးခြင်း (ကွမ်းယာစားခြင်း)ပြုလုပ်သူ သန်း ၂၉၀ ရှိကြောင်း၊ ကမ္ဘာ့လူဦးရေ ၏ ၁၀ ရာခိုင်နှုန်းသည် ကွမ်းယာစားလေ့ရှိကြောင်းနှင့် ကွမ်းယာနှင့် ဆေးရွက်ကြီး စားသုံးမှုတို့ကြောင့် အချိန်မတိုင်မီသေဆုံးလေ့ရှိကြောင်း မှတ်တမ်းပြုထားသည်။

**အောင်ဝင်း(ဖျာပုံ)**

# ခန္တီးအကျဉ်းထောင်ကို တရားလွှတ်တော် တရားသူကြီး ကြည့်ရှုစစ်ဆေး

**ခန္တီး အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ချယ်ရီကြည်သည် တိုင်းဒေသကြီးတရားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးနှင့် ခန္တီးခရိုင်တရားသူကြီးတို့လိုက်ပါလျက် ခန္တီးအကျဉ်းထောင်နှင့် ခန္တီးမြို့မရဲစခန်း အချုပ်ခန်းတို့ကို အောက်တိုဘာ ၂၇ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးသည် အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သား အချုပ်သူများအား တွေ့ဆုံ၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ၊ သင့်တင့်မျှတသော အစာအာဟာရ၊ ဆေးဝါးကုသခွင့်များ ရရှိခြင်းရှိ မရှိ၊ အကျဉ်းသူ အချုပ်သူများအား အမျိုးသမီးများလုံခြုံရေးအစောင့်အရှောက်ဖြင့် ထားရှိခြင်း ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးသည် ခန္တီးခရိုင်နှင့် မြို့နယ်တရားရုံးများရှိ တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့သည်။ **ချန်လော**

# ထိုင်းနိုင်ငံတွင် အလုပ်မရသည့် လုပ်သားများအား ကုမ္ပဏီက ကျပ်ရှစ်သိန်းစီ နစ်နာကြေးပေး

**မြဝတီ အောက်တိုဘာ ၃၁**

လပ်ကီးပြည့်ပ အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီဖြင့် ချိတ်ဆက်ပြီး တရားဝင် MOU စနစ်ဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သော်လည်း ရောက်ရှိပြီးရက်ပေါင်း ၄၀ ကျော်သည်အထိ အလုပ်မလုပ်ရသေးသည့် မြန်မာအလုပ်သမား ၄၅ ဦးသည် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကူညီစောင့်ရှောက်ရေးကော်မတီ (AAC)မဟာမိတ်အဖွဲ့၏ ကူညီဆောင်ရွက်မှုဖြင့် အောက်တိုဘာ ၂၇ ရက်က မြဝတီမြို့ အမှတ်(၁)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်းသို့ ရောက်ရှိခဲ့ပြီး အဆိုပါ ကုမ္ပဏီနှင့် အလုပ်သမားများ ညှိနှိုင်းမှုများဆောင်ရွက်ရာ အဆင်ပြေမှုရရှိခဲ့ကြောင်း သိရသည်။



ပြန်လာသည့် အလုပ်သမားများနှင့် ကုမ္ပဏီ တာဝန်ရှိသူများသည် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိဦးသန်းထိုက်၊ နယ်ခြားစောင့်တပ်တပ်နယ်(၃)မှ ဗိုလ်မှူးခင်မောင်ဝင်း၊ (AAC)မဟာမိတ်အဖွဲ့၏ အထွေထွေတာဝန်ခံ ကိုရဲမင်းနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အေဂျင်စီများအဖွဲ့ချုပ်မှ ဦးမင်းစိုးဝင်းနှင့် တာဝန်ရှိသူများရှေ့မှောက်တွင် ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ကာ လုပ်သားတစ်ဦးလျှင် ကုမ္ပဏီက ကျပ်ရှစ်သိန်းစီ နစ်နာကြေးပေးခြင်းဖြင့် ပြေလည်မှုရခဲ့ခြင်းဖြစ်သည်။

လပ်ကီးပြည့်ပ အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်က "ထိုင်းနိုင်ငံ၊ SP Marketing ကုမ္ပဏီအတွက် လုပ်သားများ စေလွှတ်လိုက်တဲ့အပေါ်မှာ အလုပ်အကိုင်မရရှိတဲ့အတွက် အလုပ်သမားတွေအတွက် ကုမ္ပဏီကနေပြီး တာဝန်ယူမှု တာဝန်ခံမှုအပြည့်နဲ့ ပြန်လည်ပြီး သူတို့ရဲ့ နစ်နာကြေးတွေ ပေးအပ်ခြင်းဖြစ်ပါတယ်။ အလုပ်မပေးနိုင်တဲ့ SP Marketing ကုမ္ပဏီကိုလည်း မြန်မာသံရုံးကနေ တစ်ဆင့် အရေးယူဖို့ ကျွန်တော်တို့ စာတင်ထားပါတယ်။ အလုပ်သမားတွေကို အလုပ်ပေးနိုင်ခြင်းမရှိဘဲ လာရောက်ခေါ်ယူတဲ့ SP Marketing အေဂျင်စီရဲ့ ကိုယ်စားလှယ်ကိုလည်း အရေးယူဖို့ စာတင်ထားပါတယ်။ အခုလို ဝိုင်းဝန်းကူညီပေးတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ ကူညီစောင့်ရှောက်ရေးကော်မတီ (AAC) မဟာမိတ်အဖွဲ့၏ အထွေထွေတာဝန်ခံ ကိုရဲမင်းက "အခု မြန်မာနိုင်ငံဘက်ခြမ်း လပ်ကီးအေဂျင်စီကနေပြီးတော့ ထိုင်းနိုင်ငံ SP Marketing ကို အလုပ်လုပ်ရမယ်ဆိုပြီးတော့ ပို့ဆောင်ထားတဲ့ အလုပ်သမားတွေ လုပ်ငန်းခွင်မဝင်ရတဲ့အတွက် စာချုပ်ပါစည်းကမ်းတွေ ပျက်ကွက်ခဲ့ရတဲ့အတွက် လပ်ကီးအေဂျင်စီဘက်ကနေပြီးတော့ အလုပ်သမားတွေ ကုန်ကျခဲ့တာတွေ၊ အလုပ်မရှိဘဲ နေခဲ့ရတာတွေအတွက် အားလုံးညှိနှိုင်းပြီးတော့ တစ်ဦးလျှင် ကျပ်ရှစ်သိန်းစီ ပြန်လည်ပေးအပ်ခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

လပ်ကီးကုမ္ပဏီအနေဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပြီးမှ အလုပ်မရရှိခဲ့သည့် ကျား ၂၃ ဦး၊ မ ၂၂ ဦး၊ စုစုပေါင်း ၄၅ ဦးအား တစ်ဦးလျှင် ငွေကျပ်ရှစ်သိန်းစီ ပြန်လည်ပေးအပ်ရာတွင် အောက်တိုဘာ ၂၈ ရက် ညနေပိုင်းက ပထမအကြိမ်အဖြစ် တစ်ဦးလျှင် ကျပ်ငါးသိန်းစီကို အလုပ်သမားများထံ ပေးအပ်ခဲ့ပြီး ကျန်သော ကျပ်သုံးသိန်းစီကို အောက်တိုဘာ ၃၀ ရက်က ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်း၌ အလုပ်သမားများထံ လက်ရောက် ထမ်းမံပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**ပုသိမ် အောက်တိုဘာ ၃၁**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းကော်မတီတစ်ခုဖြစ်သော ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၂၉ ရက်က ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍ(၂)ရပ်လုံး တိုးတက်ဖို့လိုကြောင်း၊ အစိုးရကဏ္ဍက ၂၀ ရာခိုင်နှုန်းခန့်သာရှိပြီး ပုဂ္ဂလိကကဏ္ဍ ၈၀ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီ(၅)ရပ် ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းကော်မတီငါးခုတွင် အပါအဝင်ဖြစ်သော ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ရေး လုပ်ငန်းကော်မတီအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၏ ငွေကြေးပိုင်းဆိုင်ရာ၊ ချေးငွေကိစ္စတင်ပြချက်များ၊ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ၊ အာမခံဆိုင်ရာကိစ္စရပ်များ၊ စတော့နှင့်ရှယ်ယာ ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ယခင်က အမတော်ကြေး ချေးငွေတစ်မျိုးတည်းသာရှိရာမှ ယခုအခါကျေးလက်ဖွံ့ဖြိုးရေးချေးငွေ၊ မြစိမ်းရောင်ချေးငွေ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းချေးငွေ၊ သမချေးငွေစသည်ဖြင့် ပြည်သူများအား ထုတ်ချေးပေးနေကြောင်း၊ SME ချေးငွေများကိုလည်း တိုးမြှင့်ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းမှချေးငွေများကို စိုက်ပျိုးရေးနှင့်မွေးမြူရေး လယ်ယာကဏ္ဍ ချေးငွေ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကဏ္ဍနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတို့သို့ ဦးစားပေးထုတ်ချေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်ချက်များကို မိမိတို့ကော်မတီက လက်တွေ့အကောင်အထည်ပေါ်လာရန် ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း စသည်တို့ကိုလည်း ဒုတိယဝန်ကြီးက ဆက်လက်ဆွေးနွေးခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ဒေသ၏လိုအပ်ချက်များကို ဆွေးနွေးကာ တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ အမှုဆောင်အဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့် လုပ်ငန်းကော်မတီဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**ပြင်ဦးလွင် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်မြသက်အေးက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များက မိမိတို့ကျေးရွာရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာအုပ်စာစောင်၊ ပရိဘောဂ၊ ရန်ပုံငွေ စသည့် လိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းကာ ခရိုင်ဦးစီးအရာရှိက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်များသို့ ခရိုင်ဦးစီးအရာရှိက စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။

**ဇော်မျိုးထိုက်(ပြန်/ဆက်)**

# ကမ္ဘာ့လက်ဆေးပွဲတော်နေ့ အထိမ်းအမှတ် အကြိုအခမ်းအနား ဇန်းမော်မြို့၌ကျင်းပ

**ဇန်းမော် အောက်တိုဘာ ၃၁**

နိုဝင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လက်ဆေးပွဲတော်နေ့ အထိမ်းအမှတ် အကြိုအခမ်းအနားကို ကချင်ပြည်နယ် ဇန်းမော်ခရိုင် လွယ်ဂျယ်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ဇန်းမော်အခြေစိုက် ဆိုလီဒါရီတီအင်တာနေရှင်နယ်(Solidarity International)အဖွဲ့တို့ ပူးပေါင်း၍ အောက်တိုဘာ ၂၈ ရက်က လွယ်ဂျယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။



အခမ်းအနား မစတင်မီ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ပူးပေါင်းပြီး ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကာ ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား ကစားစေပြီး စနစ်တကျ လက်ဆေးခြင်းကို လက်တွေ့ဆောင်ရွက်စေခဲ့သည်။ ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က အမှာစကားပြောကြားပြီး ဇန်းမော်အခြေစိုက် Solidarity International တာဝန်ခံ ဒေါ်ဆိုင်းဘူက ကမ္ဘာ့လက်ဆေးပွဲတော်နေ့ အထိမ်းအမှတ်အခမ်းအနားပြုလုပ်ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ကျောင်းသား ကျောင်းသူများ၏ တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေး မြှင့်တင်မှုအနေဖြင့် ကလေးများ လက်ဆေးခြင်းအလေ့အထ ရှိစေရန်၊ လက်ဆေးခြင်းစနစ် မှန်ကန်စေရန်နှင့် လက်ဆေးခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရန် ရည်ရွယ်၍ ယခု အခမ်းအနားကို ပညာရေးဌာနနှင့်ပူးပေါင်းကာ ကျင်းပပေးခြင်းဖြစ်ကြောင်း တာဝန်ခံက ပြောကြားသည်။

ဆက်လက်၍ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်၍ ကျပန်းစကားပြောပြိုင်ပွဲနှင့် တစ်ခန်းရပ်ပြဇာတ်တို့ကို ကျောင်းသား ကျောင်းသူလေးများက ယှဉ်ပြိုင် တင်ဆက်ကြပြီး လက်ဆေးပွဲတော်တို့နှင့်ပျော်စာစီစာကုံးပြိုင်ပွဲ၊ လက်ဆေးပွဲတော်နေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် စက်ဘီးစီးပြိုင်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၃၁**

အခြေခံပညာ အားကစားလောကတွင် ကျယ်ပြန့်မှု မရှိသေးသော စက်ဘီးအားကစားနည်းကို ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစားလေ့လာလိုက်စားမှု ရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး မြို့နယ်အလိုက် ကျောင်းပေါင်းစုံအသက် ၁၆ နှစ်အောက် စက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပါဝင်ယှဉ်ပြိုင်ကြသော စက်ဘီးစီးအားကစားသမား ကျောင်းသူ ကျောင်းသား ၂၈၅ ဦးတို့က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ နေရာယူကြပြီး မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးကာ ကျောင်းသားစက်ဘီးစီးသမားများက တာလွှတ်နေရာမှစ၍ ကျုံး ၂၆ လမ်းအတိုင်း ကျုံးနှစ်ပတ် စီးနင်းကြပြီး ကျောင်းသူများက ကျုံးတစ်ပတ်စီးနင်း ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ပထမမှ ဒသမအထိ ဆုရရှိသော ကျောင်းသား ၁၀ ဦးနှင့် ကျောင်းသူ ၁၀ ဦးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝေဇင်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ၂၀၁၇ ခုနှစ်အတွက် မန္တလေးတိုင်းဒေသကြီး ထူးချွန်ကြက်ခြေနီ ရွေးချယ်

**မန္တလေး အောက်တိုဘာ ၃၁**

၂၀၁၇ ခုနှစ်အတွက် မန္တလေးတိုင်းဒေသကြီး ထူးချွန်ကြက်ခြေနီရွေးချယ်ပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ် (၂၇)လမ်းနှင့် (၂၈)လမ်းကြား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါရွေးချယ်ပွဲတွင် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ(ယာယီ)



ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်သီလွင်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ ကိုယ်စားပြုတပ်ဖွဲ့ဝင် ၁၃ ဦး၊ တက္ကသိုလ်/ကောလိပ် ကြက်ခြေနီအသင်း ၁၀ သင်းတို့မှ ကိုယ်စားပြုအသင်းဝင် ၁၀ ဦး စုစုပေါင်း ၂၃ ဦးတို့အား ရေးဖြေ၊ နှုတ်ဖြေ၊ လက်တွေ့ပြုစုနည်းများ၊ စစ်ရေးပြ ဘာသာရပ်ဆိုင်ရာများကို တာဝန်ရှိသူများက စစ်ဆေးခဲ့ကြသည်။

အဆိုပါ ထူးချွန်ကြက်ခြေနီရွေးချယ်ပွဲသို့ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ(ယာယီ) ကော်မတီဝင်များ၊ တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဘုန်းကျော်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပညာရေးဦးစီးဌာန၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တက္ကသိုလ်၊ ကောလိပ် ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြသည်။

၂၀၁၇ ခုနှစ် မန္တလေးတိုင်းဒေသကြီး ထူးချွန်ကြက်ခြေနီ ရွေးချယ်ရာတွင် မြို့နယ်တပ်ဖွဲ့များမှ ကိုးဦး၊ တက္ကသိုလ်/ကောလိပ်များမှ လေးဦး စုစုပေါင်း ၁၃ဦးကို ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအနေဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ မြတိုင်းသင်တန်းကျောင်းတွင် ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ထူးချွန်ကြက်ခြေနီ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး ဆွေးနွေးပွဲ မန္တလေး ဂျက်ဖာဆင်စင်တာတွင် ကျင်းပ

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်းနှင့် (၇၁)လမ်းထောင့်ရှိ အမေရိကန် ဂျက်ဖာဆင်စင်တာ၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အစ္စလာမ်ဘာသာမှ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်သန်းက ကိုရီးယားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော ဘာသာပေါင်းစုံငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ ဂျက်ဖာဆင်စင်တာ တာဝန်ခံ ဦးစောကြွင်စိန်က လူငယ်များနှင့် မတူကွဲပြားသည့် ယုံကြည်သက်ဝင်မှုများအကြား ချစ်ကြည်ရင်းနှီးညီညွတ်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဘဟာအီဘာသာ စသည့် ဘာသာပေါင်းစုံမှ ဘာသာဝင်များက ယနေ့လူငယ်များနှင့် မတူကွဲပြားသည့် ယုံကြည်သက်ဝင်မှုများအကြား အပြန်အလှန်လေးစားစွာ၊ ချစ်ကြည်ခင်မင်စွာဖြင့် လူ့အဖွဲ့အစည်းတွင် သဟဇာတရှိစေရေး ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် လူငယ်များကလည်း မတူညီသည့် ဘာသာဝင် လူငယ်များအကြား ချစ်ကြည်ခင်မင်စွာဖြင့် ပေါင်းသင်းဆက်ဆံနေထိုင်သွားရေး ၎င်းတို့၏ အမြင်များကို ဆွေးနွေးပြောကြားခဲ့သည်။

(ဝ၄ဝ)

## ရိုးရာလက်ဝှေ့မျိုးဆက်သစ် လက်ရည်စမ်းပွဲတွင် အဖွဲ့ချုပ်မှ အပိုဆောင်းငွေများထပ်မံချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပပြီး AH. GA Fighter Group , Modern Myanmar Synergy Group နှင့် H & S Group တို့ ပူးပေါင်းစီစဉ်ကျင်းပသော ပြည်တွင်း ရိုးရာလက်ဝှေ့ကလပ် ၁၀ ခုမှ အားကစားသမားများ မျိုးဆက်သစ်လက်ရည်စမ်းပွဲကြီးကို အောက်တိုဘာ ၂၉ ရက်က ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က သတ်မှတ်ထိုးကြေးအပြင် အပိုဆောင်းငွေများ ထပ်မံပေးအပ်ချီးမြှင့်ခဲ့သည်။

မျိုးဆက်သစ်လက်ရည်စမ်းပြိုင်ပွဲတွင် ပြည်တွင်းရိုးရာလက် ဝှေ့ကလပ်များဖြစ်သော ဇာတိမာန်ကလပ်၊ နဂါးမာန်ကလပ်၊ ရွှေဖူးကလပ်၊ ရွှေပြည်သာကလပ်၊ အဖြူရောင်သွေးသစ်ကလပ်၊ ထွန်းသွင်ကလပ်၊ STL ကလပ်၊ ATM ကလပ်၊ ၁၈၈၆ Mandalay ကလပ်နှင့် ဟံသာဝတီကလပ်တို့မှ မျိုးဆက်သစ်ကစား သမား ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က သတ်မှတ်ထိုးကြေးအပြင် မျိုးဆက် သစ် လက်ဝှေ့သမားတစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ ထပ်မံချီးမြှင့်ပေးခဲ့ပြီး အဆိုပါပြိုင်ပွဲကြီးကို အခမဲ့ကျင်းပခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေနဲ့ မျိုးဆက်သစ်ပြိုင်ပွဲတွေကိုကျင်းပခဲ့တာ နှစ်နှစ်၊ သုံးနှစ်လောက်ရှိပါပြီ။ တကယ်တော့ ရိုးရာလက်ဝှေ့နိုင်ငံတကာထိုးဖောက်နိုင်ဖို့ဆိုတာ မျိုးဆက်သစ်တွေ အဆက်မပြတ်မွေးမြူပေးနိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီလို မွေးမြူပေးနေသလို သူတို့လေးတွေ ရပ်တည်နိုင်အောင်လည်း ပွဲစီစဉ်ပေးမှုတွေ၊ အခုလို ထိုးကြေးအပြင် အပိုဆောင်းငွေလေးတွေကို ချီးမြှင့်ပေးမှသာ ရေရှည်တည်တံ့မှာပါ။ ဒါကိုအဖွဲ့ချုပ်အနေနဲ့လည်း ပြည်တွင်းရိုးရာ လက်ဝှေ့ကလပ်တွေ၊ မျိုးဆက်သစ်တွေအတွက် လေ့ကျင့်ရေးပစ္စည်းကအစ တတ်နိုင်သလောက်ကူညီထောက်ပံ့ပေးမှုရှိခဲ့ပေမယ့် အခုလိုငွေအားနဲ့ ကူညီထောက်ပံ့ပေးမှုကတော့ ဒါဟာပထမဆုံးအကြိမ် ချီးမြှင့်ပေးခဲ့တာပါ။ နောင်လည်းချီးမြှင့်ပေးပြီး စည်းကမ်းပိုင်းဆိုင်ရာ၊ လေ့ကျင့်သင်ကြားပေးမှုပိုင်းဆိုင်ရာကအစ နိုင်ငံတကာအဆင့်မီသွားဖို့ စတင်ဦးတည်နေပါပြီ။ ဒါကို ရိုးရာလက်ဝှေ့ချစ် ပြည်သူတွေအနေနဲ့ အပြုသဘောဆောင်ပြီး ပူးပေါင်းဖို့လိုပါတယ်။ တကယ်တော့ ဝေဖန်တာလွယ်ပေမယ့် လက်တွေ့လိုက်လုပ်ဖို့ဆိုတာ ဘယ်ကဏ္ဍမှာပဲဖြစ်ဖြစ် ပြောသလောက်မလွယ်ပါဘူး"ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သည် မြန်မာ့ရိုးရာလက်ဝှေ့ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မျိုးဆက်သစ်ပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း၌ ပြိုင်ပွဲပုံစံအမျိုးမျိုးဖြင့် ကျင်းပပေးလျက်ရှိပြီး မကြာမီတွင်လည်း AH. GA Fighter Group , Modern Myanmar Synergy Group နှင့် H & S Group တို့က နိုင်ငံတစ်ဝန်း အဆက်မပြတ် ကျင်းပပေးနိုင်ရေးစီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်၊ ဓာတ်ပုံ- မိုးမခ**



**မျိုးဆက်သစ်လက်ရည်စမ်းပွဲတွင် နေလင်းဟန်(၁၈၈၆ မန္တလေး)နှင့် စောနီသွေး (S.T.L)ယှဉ်ပြိုင်ထိုးသတ်စဉ်**

---


### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ နောင်ချိုလမ်း၊ မြေကွက်အမှတ် ၉၁၁၊ အလျားပေ၄၀×အနံပေ ၆၀ ခန့် အကျယ်အဝန်းရှိ ဦးဝင်းလှိုင် ISN-၅၅၇၄၅၂၊ ၁၂/အစန(နိုင်)၁၀၁၄၈၆ အမည်ပေါက် မြေချပါမစ်မြေကွက်ကို အမည်ပေါက်သူထံမှ စာချုပ်ဖြင့်ဝယ်ယူထားသည့် ဒေါ်အေးမြင့်အောင် ၁၂/ရကန(နိုင်)၀၂၀၉၀၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်နီ(ပျဉ်းမနား)**
**အထက်တန်းရှေ့နေ(စဉ်-၁၆၉၅၁)**
**၁၀၃၇၊ သင်းဝင် ၅ လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၇၉၅၆၂၈၁၃၀**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သပိတ်ကျင်းမြို့ မြို့နယ်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၅၇**

| | | |
|---|---|---|
| နန္ဒာကိုကို | **နှင့်** | ဇော်ရှိုင်း |
| အမှတ်(၁)ရပ်ကွက်၊ | | တောင်လယ်ကျေးရွာ |
| ဇရပ်ကွင်းကျေးရွာ၊ | | သပိတ်ကျင်းမြို့နယ် |
| သပိတ်ကျင်းမြို့နယ် | | (ယခုနေရပ်လိပ်စာမသိသူ) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာနေ ဇော်ရှိုင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်ပါသည်။

**(မျိုးမင်းသိန်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**သပိတ်ကျင်းမြို့နယ်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်6K/7650 HONDA CIVIC S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမြင့် ၁၂/ရကန(နိုင်)၀၅၂၃၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ် (၃၄/အောင်ချမ်းသာ-ခ)၊ ဦးပိုင်အမှတ် ၂၅၊ ဧရိယာ ၀ဒသမ၁၁၀ ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်စန္ဒာဝင်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန္ဒာဝင်း(ဘ) ဦးဘိုဌေး ၅/မရန(နိုင်)၀၁၇၄၁၇က ကျွန်ုပ်၏ မိတ်ဆွေများသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေများကလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါက်တာဇော်လင်းမြင့် -** | **ဦးအောင်ကိုလတ်(LL.B)** |
| **ဒေါက်တာအေးဖြူဖြူဌေး** | **(စဉ်-၉၇၁၃)** |
| **ဒေါက်တာကိုကိုလွင် -** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါက်တာချိုလွင်နီ** | **၃၈လမ်း၊ ၇၈×၇၉လမ်းကြား၊** |
| | **မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့** |
| | **ဖုန်း-၀၉-၂၀၃၄၄၄၈၊ ၀၉-၇၉၂၀၃၄၄၄၈** |

### အင်ဂျင်နီယာ ဦးလှကိုကို(RSE-0174)သို့ တောင်းပန်ခြင်း

ကျွန်တော်၏ Top One Sisters Co.,Ltd သည်အင်ဂျင်နီယာ ဦးလှကိုကို (RSE-0174)ထံမှ ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်းမပြုဘဲ ဦးလှကိုကို၏ RSE လက်မှတ်နှင့်Profileတို့အား ကုမ္ပဏီ၏ Consultant အဖြစ် ထည့်သွင်းဆောင်ရွက်ခဲ့ခြင်း ပြုလုပ်ခဲ့ပါသည်။ နောက်နောင်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ BRCCA (Bago Region Construction Control Authority)၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။ နောင်အလားတူအမှားမျိုးမဖြစ်ပွားစေရန် စနစ်တကျ ကြီးကြပ်မည်ဖြစ်ပြီး ပြုလုပ်ခဲ့သည့်ကိစ္စအမှားများအတွက် ဦးလှကိုကို (RSE-0174)မှလည်း ခွင့်လွှတ်ကျေအေးပေးနိုင်ပါရန် တောင်းပန်အပ်ပါသည်။

**ဦးသိုက်ထွန်းဇော်**
**အုပ်ချုပ်မှုဒါရိုက်တာ**
**Top One Sisters Co.,Ltd**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၇၂၇၈၅ Zong shen 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လွင် ၁၄/သပန(နိုင်) ၁၀၀၁၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၁၃/က၊ မြေကွက်တည်နေရာ အမှတ်(၁၃/က)၊ ရတနာလမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးမြင့်ဦး ၁၂/ဥကတ(ပြု) ၀၀၀၄၃၄ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဦးထံမှ အရောင်းအဝယ်စာချုပ် ၃၉၅၆/၁၃(၂၉-၁၀-၁၃)ဖြင့် ဒေါက်တာကျင်ထွန်း ၁၂/လသန(နိုင်)၀၀၆၃၁၁၊ ဒေါ်ခင်အေး ၁၂/ဥကတ(နိုင်)၀၈၅၀၇တို့မှ ဝယ်ယူခဲ့ပြီး ဒေါက်တာကျင်ထွန်း ၁၂/လသန(နိုင်) ၀၀၆၃၁၁ထံမှ စွန့်လွှတ်စာချုပ် ၄၄၇၃/၁၄(၄-၈-၁၄)ဖြင့် ဒေါ်ခင်အေး ၁၂/ဥကတ(နိုင်)၀၈၅၀၇မှ ရရှိခဲ့ပြီး ဒေါ်ခင်အေးထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၆၇၉/၁၄ (၁၂-၈-၁၄)ဖြင့် လွှဲအပ်ခံရသူ SP ဒေါ်နန်းဖြူနှင်း ၁၃/ကတန(နိုင်)၀၆၃၁၀၆မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၈-၅၇၉/၁၇(၉-၈-၁၇)နှင့် ဦးမြင့်ကြည်၊ ဦးမြင့်ဦး အမည်ပေါက် ဂရန်တွင် ဦးမြင့်ကြည် အစုမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူမှ ဂရန်ခွဲထုတ်ပြီး ဖြစ်၍ ဦးမြင့်ဦး အစုအတွက် (၂၀'×၆၀')ကျန်ရှိကြောင်း မှတ်သားထားသည့် ဂရန်မူရင်းကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး လျှောက်ထားသူမှ ဝန်ခံကတိပြုစာ တင်ပြလာသဖြင့် SP ဒေါ်နန်းဖြူနှင်း ၁၃/ကတန(နိုင်)၀၆၃၁၀၆၏ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃-အမ်၊ မြေကွက်အမှတ်-I Class ၇၊ မြေကွက်တည်နေရာအမှတ်(၉၆၊ ၉၈၊ ၁၀၀)၊ စကားစိမ်းလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ဦးစိုးလွင် ၁၂/ကတတ(နိုင်)၀၂၁၆၁၉ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးလွင် ၁၂/ကတတ(နိုင်)၀၂၁၆၁၉ ကိုယ်တိုင်မှ ဂရန်မူရင်းတင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)၊ မြေကွက်အမှတ် (၄၀၀/ခ)၊ မြေကွက်တည်နေရာအမှတ် ၄၀၀/ခ၊ မောင်းမကန်ကမ်းသာယာလမ်း၊ ၁၉/က-ရပ်ကွက်၊ ဒဂုံတောင် ဦးမြင့်ဆွေ CM-၀၁၄၅၉၄ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမြင့်ဆွေ(CM-၀၁၄၅၉၄)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၇၇၉/၂၀၀၈) ဖြင့် GPရသူ ဦးဘုန်းသစ် ၁၂/စခန(နိုင်)၀၅၉၈၄၈မှGP ပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် GPမရုပ်သိမ်းသေးကြောင်း၊ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝအား တာဝန်ယူပါကြောင်း ၁၄-၁၀-၂၀၁၆ ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း (၂၀၀၉) ခုနှစ်တွင် ဘဏ်ငွေချေးရန် လျှောက်ထားခဲ့သော မြေပုံမှာ အမည်ပေါက်ခြင်း မရှိသဖြင့် ထုတ်ယူခဲ့ခြင်း မရှိကြောင်းနှင့် ပိုင်ဆိုင်မှု အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၃/၁၁၂၀/၁၇ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်(မြေပုံကူး) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### အမည်ပြောင်း

မင်္ဂလာဒုံ မြို့နယ်၊ ထောက်ကြန့် အထက(၃)၊ အဋ္ဌမတန်း(က)မှ ဦးဝင်းအောင် ၁၂/မဂဒ(နိုင်)၀၂၇၁၀၇၏ သမီး မထက်ထက်ရွှေစင်အား ယနေ့မှစ၍ မခိုင်ဝတ်ရည်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မခိုင်ဝတ်ရည်ထက်**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် (ဆ-၂)၊ ဦးပိုင်အမှတ်(၃၄-က)၊ ၄ရွှေဝါ× ဇလပ်ဝါလမ်း၊ ၇၁×၇၂လမ်းကြားရှိ ဦးကွန့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ဆွေဇင်မွန် ၇/မလန(နိုင်)၀၄၂၉၆၁မှ မြေကွက်ဖိုး ပေးသွင်းပြေစာပျောက်ဆုံး၍ ထုတ်ပေးသည့် ဒဏ်ကြေးငွေစာ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၄၂)၊ ၇၃×၇၄လမ်းကြား၊ ငွေတော်ကျီကုန်းလမ်းမြောက်ဘက်ရှိ ဦးမင်းမင်းသန်း အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်အေးကြည် ၉/မမန(နိုင်)၀၀၄၂၂၇ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင် ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

# မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၂၅)နှစ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် ငွေရတုအထိမ်းအမှတ် ညစာစားပွဲဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ (၂၅)နှစ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် ငွေရတုအထိမ်းအမှတ် ညစာစားပွဲအား ၂၀၁၇ခုနှစ် နိုဝင်ဘာ ၁၆ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် Novotel Hotel ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အစည်းအဝေးတက်ရောက်ခွင့်ဖိတ်စာ၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေး အစီရင်ခံစာများကို ၁-၁၁-၂၀၁၇ ရက်မှ ၁၀-၁၁-၂၀၁၇ ရက်အတွင်း အသင်းရုံးခန်း၌ အစည်းအဝေးတက်ရောက်ခွင့်ရှိသူ အသင်းသားကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အစည်းအဝေးတက်ရောက်ရာတွင် လက်ဆောင်ပစ္စည်းများထုတ်ယူရန်နှင့် ကံစမ်းမဲ အစီအစဉ်များရှိပါသဖြင့် ဖိတ်စာနှင့်တကွ တက်ရောက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ အစည်းအဝေးတွင် မေးမြန်းအကြံပြုဆွေးနွေးလိုပါက ၁၀-၁၁-၂၀၁၇ ရက် နောက်ဆုံးထားပြီး ဆီအသင်းရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ကြိုတင်ပေးပို့မေးမြန်းနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးချုပ် တည်ရှိရာ UMFCCI အဆောက်အအုံ၊ အမှတ်(၂၉)၊ အခန်းအမှတ် ၉၀၂၊ ကိုးလွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၂၃၁၄၂၉၆၊ ၀၉-၄၄၄၄၃၇၂၉၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မွန်ပြည်နယ်
## ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့ပြလမ်းနှင့်ကိုယ့်အားကိုယ်ကိုးဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် (၈၀/၁၀၀)ကတ္တရာ(၁၅၂၆)တန်အား ဝယ်ယူလိုပါသဖြင့် အောက်ပါ အစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ရယူနိုင်မည့်ရက် အချိန်၊ နာရီ** - ၆-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၃၀ နာရီ မှ ညနေ ၄း၃၀နာရီ

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက်၊အချိန်၊နာရီ** - ၁၇-၁၁-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီ

(ဂ) **နေရာ** - မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၊ မော်လမြိုင်မြို့

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ

(က) တင်ဒါတင်သွင်းသည့် ကုမ္ပဏီအမည်နှင့် တရားဝင်သွင်းကုန်ခွင့်ပြု အထောက်အထား

(ခ) ကတ္တရာအရည်အသွေးအား MES(သို့)လမ်းဦးစီးဌာန(ရုံးချုပ်) စစ်ဆေးထောက်ခံချက်

(ဂ) ကတ္တရာတင်သွင်းမှုအပေါ် Custom Duty ပေးဆောင်ပြီး အထောက်အထားတို့နှင့်အတူ လျှောက်ထားရပါမည်။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၂၀၇၀၁၉၆၀ နှင့် ၀၉-၅၂၃၂၂၅၂တို့သို့ ရုံးချိန်အတွင်းမေးမြန်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

---

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန(ဧည့်ရိပ်သာ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကွပ်ကဲမှုအောက်ဧည့်ရိပ်သာမှ အောက်ဖော်ပြပါအိပ်ရာနှင့်ဆက်စပ် ပစ္စည်း(၅)မျိုး (ယိုးဒယား)(၁၀၀၀)စုံ၊ တရုတ်(၁၂၀၀)စုံနှင့် ဆီလီကွန်ခေါင်းအုံး(၁၁၀၀)လုံးတို့အား (Commercial Tax, With Holding Tax အပါ) ဧည့်ရိပ်သာအရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အတိုင်းအတာ | အရေအတွက် |
|---|---|---|---|
| (က) | ကိုရီးယားစောင်(အထူ) (တရုတ်) | အလျား၇' x အနံ ၅' ၆" | ၁၂၀၀ ထည် |
| | ယိုးဒယားစောင်(အထူ) | အလျား၇' x အနံ၅' ၆" | ၁၀၀၀ ထည် |
| (ခ) | တစ်ယောက်အိပ် နိုင်လွန်ဇာခြင်ထောင် (အပြာရောင်) (ပြည်တွင်းဖြစ်) (အထက်ရှဲ ၄" အောက်ရှဲ ၆"၊ အနားကွပ် ၁/၃၀ ပေါ် ပလင်ပိတ်စဖြစ်ရမည်၊ ပိတ်သားကောင်းမွန်ရမည်။) | အလျား၆' ၅"x အနံ၃' ၅"x အမြင့်၆' | ၂၂၀၀ လုံး |
| (ဂ) | အိပ်ရာခင်း(တရုတ်) | အလျား၇' x အနံ၅' | ၁၂၀၀ ထည် |
| | အိပ်ရာခင်း(ယိုးဒယား) | အလျား၇' x အနံ၅' | ၁၀၀၀ ထည် |
| (ဃ) | ခေါင်းအုံးစွပ်(တရုတ်) | အလျား၂၃"x အနံ၁၅" | ၁၂၀၀ ထည် |
| | ခေါင်းအုံးစွပ်(ယိုးဒယား) | အလျား၂၃"x အနံ၁၅" | ၁၀၀၀ ထည် |
| (င) | ဆီလီကွန်ခေါင်းအုံး(Lover) | အလျား၂၃"x အနံ၁၅" | ၁၀၀၀ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁-၁၁-၂၀၁၇ရက်မှစ၍ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၁၁-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်မည့်ရက်မှာ ၁၇-၁၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များအား နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၁) အုပ်ချုပ်မှုရုံးတွင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၈၁၀၈၃၅၆၊ ၀၆၇-၈၁၀၈၁၈၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဃ/၅၉၅၉၆ New Ambo 125, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပလှိုင် ၉/မရမ(နိုင်)၀၄၈၅၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၈**

| | | |
|---|---|---|
| ဦးဦးကျော် ဒုတိယအထွေထွေမန်နေဂျာရုံး မန္တလေးတိုင်းဒေသကြီး၊ရှမ်းပြည်နယ် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ မန္တလေးမြို့။ | နှင့် | ဦးတင်ဝင်းလှိုင် ဥက္ကဋ္ဌ၊ အမှတ်(၁၃၁)၊ ပထမထပ်၊ လမ်း(၃၀)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| **တရားလို** | | **တရားပြိုင်** |

ဦးတင်ဝင်းလှိုင် ဥက္ကဋ္ဌ၊ အမှတ်(၁၃၁)၊ ပထမထပ်၊ လမ်း(၃၀)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ တရားလိုက သင့်အပေါ်ပေးသွင်းရန် ရွှေကြွေးကျန် (၃၄)ကျပ်သား၊ ကာလတန်ဖိုး(၂၈၂၈၈၀၀၀ိ/)ရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ယင်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် နိုဝင်ဘာ ၁၀ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက် ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၈**

| | | |
|---|---|---|
| ဦးဦးကျော် ဒုတိယအထွေထွေမန်နေဂျာရုံး မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ မန္တလေးမြို့ | နှင့် | ဦးဝင်းဆွေ ဒါရိုက်တာ တိုက်(၅)၊ အခန်း(၇)၊ ဝေဠုဝန်တိုက်သစ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| **တရားလို** | | **တရားပြိုင်** |

ဦးဝင်းဆွေ ဒါရိုက်တာ၊ တိုက်(၅)၊ အခန်း(၇)၊ ဝေဠုဝန်တိုက်သစ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ တရားလိုက သင့်အပေါ်ပေးသွင်းရန် ရွှေကြွေးကျန် (၃၄)ကျပ်သား၊ ကာလတန်ဖိုး(၂၈၂၈၈၀၀၀ိ/)ရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ယင်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် နိုဝင်ဘာ ၁၀ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ အကွက်အမှတ်(၆/၂)၊ ဦးပိုင်အမှတ်(၁၂/၂)၊ မြေဧရိယာ ၀ဒသမ ၂၄၂၉ဧကရှိ မြေကွက်အား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဒေါ်ခင်မြတ်ညွှန့် ၁/မကန(နိုင်)၀၆၀၈၆၀မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြတ်ညွှန့် ၁/မကန(နိုင်)၀၆၀၈၆၀**
**ခြံအမှတ်(၄၂/B)၊ ပန်းမဥ္ဇူလမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၁၇·က)၊ ၅၄လမ်း၊ ဘုရင့်နောင်နှင့် အောင်ဇေယျ လမ်းကြားရှိ ဦးမြင့်အောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ထွန်းမယ် ၉/မနတ(နိုင်)၀၂၃၁၇၃ မှ မြေစလစ်၊ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## နူဂျန်ဘီ(ခ)ဒေါ်သင်းသင်းမော် ၁၀/ရမန(နိုင်)၀၉၂၇၅၃ နှင့်
## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၆လမ်း၊ တိုက်အမှတ်(၃၆)၊ ၆-လွှာနေ နူဂျန်ဘီ(ခ)ဒေါ်သင်းသင်းမော် ၁၀/ရမန(နိုင်)၀၉၂၇၅၃ နှင့် မိုဟာမက်စအစ်(ခ)ဦးမျိုးနိုင် ၁၂/ပဘတ(နိုင်)၀၀၆၁၀၈ တို့သည် လွန်ခဲ့သော (၃)နှစ်ခန့်က အစ္စလာမ်တရားတော်နှင့်အညီ နေကာထိမ်းမြားခဲ့ကြပြီး ၂၇-၁၀-၂၀၁၇ ရက်တွင် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် အစ္စလာမ် တရားတော်နှင့်အညီ တာလတ်(ခ်)ပေး၍ အသိသက်သေများရှေ့မှောက်တွင် တရားဝင်ကွာရှင်းပြီးဖြစ်ပါသည်။ မိုဟာမက်စအစ်(ခ)ဦးမျိုးနိုင်နှင့် နောက်နောင် တွင် နူဂျန်ဘီ(ခ)ဒေါ်သင်းသင်းမော်တို့သည် မည်သည့်ပတ်သက်သော ကိစ္စရပ် အဝဝမှန်သမျှတို့သည် သက်ဆိုင်ခြင်းမရှိသည့်အပြင် နိုနိုကျောက်မျက်ရတနာ ရောင်းဝယ်ရေး (၂၉လမ်း-အောက်လမ်း)ရှိ ဆိုင်နှင့် ကျွန်တော် မိုဟာမက်စအစ် (ခ)ဦးမျိုးနိုင် မည်သို့မျှမသက်ဆိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မိုဟာမက်စအစ်(ခ)ဦးမျိုးနိုင်**
**၁၂/ပဘတ(နိုင်)၀၀၆၁၀၈**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၉-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ(၂၁)တွင် ဦးလှကြိုင် ၁၂/ဥကတ(နိုင်)၀၂၂၄၇၅အစား ဦးလှကြိုင် ၁၂/ဥကတ(နိုင်)၁၂၂၄၇၅ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၄၂၁၁၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၉)၊ ဦးပိုင်အမှတ်(၂၀)၊ ၄၅×၄၆ လမ်းကြား၊ မနော်ဟရီ× နှင်းဆီလမ်းကြားရှိ ဦးကျော်ဝင်း အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးထွန်းလင်းမြင့် ၅/စကန(ဧည့်)၀၀၀၀၃၄မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## ကြော်ငြာစာအမှတ်(၁/၂၀၁၇)
## လျှောက်လွှာခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက်လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း | ခန့်ထားမည့်ဦးရေ | လိုအပ်သောအနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(စီမံရေး)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁ | B.E(Mechanical)<br>အင်ဂျင်နီယာဘွဲ့(စက်မှု) |
| (ခ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(တွင်းတူး) (ဘူမိရူပဗေဒဌာန)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁ | B.E(Mechanical)<br>အင်ဂျင်နီယာဘွဲ့(စက်မှု) |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(စက်မှု) (ဘူမိရူပဗေဒဌာန)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁ | B.E(Mechanical)<br>အင်ဂျင်နီယာဘွဲ့(စက်မှု) |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(ပိုက်လိုင်း)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂ | B.E(Mechanical)<br>အင်ဂျင်နီယာဘွဲ့(စက်မှု)<br>B.E(Civil)<br>အင်ဂျင်နီယာဘွဲ့(မြို့ပြ) |
| (င) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(လျှပ်စစ်)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃ | B.E(EP)<br>အင်ဂျင်နီယာဘွဲ့<br>(လျှပ်စစ်စွမ်းအား) |
| (စ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>(ဆက်သွယ်ရေး)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁ | B.E(EC/IT)<br>အင်ဂျင်နီယာဘွဲ့(အီလက်ထရွန်နစ်/<br>သတင်းနည်းပညာ) |
| (ဆ) | တိုင်းထွာရေး(၂) (ဘူမိရူပဗေဒ)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁ | B.E(Civil)<br>အင်ဂျင်နီယာဘွဲ့(မြို့ပြ) |
| (ဇ) | ဘူမိဗေဒလက်ထောက်(၂)<br>(ဘူမိဗေဒဌာန)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂ | B.Sc(Geology)(Q)/<br>B.Sc(Geology)(Hons)<br>B.Sc(Geology)+DAG<br>(Petro)<br>သိပ္ပံဘွဲ့(ဘူမိဗေဒ)(အထူးအောင်)<br>သိပ္ပံဘွဲ့(ဘူမိဗေဒ)(ဂုဏ်ထူးတန်း)<br>သိပ္ပံဘွဲ့(ဘူမိဗေဒ)+အသုံးချ<br>ဘူမိဗေဒဒီပလိုမာ(ရေနံ) |
| (ဈ) | ဘူမိရူပဗေဒလက်ထောက်(၂)<br>(ဘူမိရူပဗေဒဌာန)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂ | B.Sc(Geol/Phys) (Q)<br>B.Sc(Geol/Phys) (Hons)<br>သိပ္ပံဘွဲ့(ဘူမိဗေဒ/ရူပဗေဒ)<br>(အထူးအောင်)/(ဂုဏ်ထူးတန်း)<br>B.E(EP/EC)<br>အင်ဂျင်နီယာဘွဲ့<br>(လျှပ်စစ်စွမ်းအား/အီလက်ထရွန်နစ်) |
| (ည) | သုတေသနလက်ထောက်(၂)<br>(သုတေသနဌာန)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁ | B.Sc(Chemistry/IC)<br>(Q)/(Hons)<br>သိပ္ပံဘွဲ့(ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ)<br>(အထူးအောင်)/(ဂုဏ်ထူးတန်း) |
| (ဋ) | ဘူမိဗေဒလက်ထောက်(၂)<br>(စီမံရေးဌာန)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂ | B.Sc(Geology)(Q)/<br>B.Sc(Geology)(Hons)<br>B.Sc(Geology)+DAG<br>(Petro)<br>သိပ္ပံဘွဲ့(ဘူမိဗေဒ)(အထူးအောင်)<br>သိပ္ပံဘွဲ့(ဘူမိဗေဒ)(ဂုဏ်ထူးတန်း)<br>သိပ္ပံဘွဲ့(ဘူမိဗေဒ)+အသုံးချဘူမိဗေဒ<br>ဒီပလိုမာ(ရေနံ) |
| (ဌ) | ဒု-ကြီးကြပ်ရေးမှူး<br>(ပစ္စည်းစီမံဌာန)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂ | B.E(Mechanical) (Civil)<br>အင်ဂျင်နီယာဘွဲ့(စက်မှု/မြို့ပြ) |
| (ဍ) | ဒု-ကြီးကြပ်ရေးမှူး<br>(စွမ်းအင်မူဝါဒ)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁ | B.C.Sc(Q)(Hons)/ B.A(Eng)(Q)<br>(Hons) ကွန်ပျူတာသိပ္ပံဘွဲ့<br>(အထူးအောင်)/ဂုဏ်ထူးတန်းဝိဇ္ဇာဘွဲ့<br>(အင်္ဂလိပ်စာ)<br>(အထူးအောင်)/(ဂုဏ်ထူးတန်း) |

၂။ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ၃၀-၁၁-၂၀၁၇ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ လုပ်ငန်းသဘာဝအရ ရေနံမြေအခြေစိုက်စခန်းများ၊ အစမ်းတွင်းများ၊ သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်းများ၊ ဘူမိရူပဗေဒတိုင်းတာရေးစခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် အမှတ်စဉ်(ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)တို့အား အမျိုးသားများသာ လျှောက်ထားရန်ဖြစ်ပါသည်။ အမှတ်စဉ်(က)၊ (ဍ)အတွက်အမျိုးသမီးများလျှောက်ထားရန်ဖြစ်ပါသည်။
(ခ) ၃၀-၁၁-၂၀၁၇ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
(ဂ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီးကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် (၂)နာရီမေးခွန်းလွှာရေးဖြေစာမေးပွဲကိုဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၃)ခုကို ဖြေဆိုရမည်။
(က) မြန်မာစာ
(ခ) အထွေထွေဗဟုသုတ
(ဂ) အင်္ဂလိပ်စာ

၄။ စာမေးပွဲအစီအစဉ်ကို သတင်းစာများ၌ထပ်မံကြေညာပါမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်။

၅။ စာမေးပွဲဝင်ကြေးငွေ ၅၀၀/-(ကျပ်ငါးရာတိတိ)ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဘဏ်စာရင်းအမှတ်(OA010745) သို့လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)ရန်ကုန်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဘဏ်စာရင်းအမှတ်(OA010180) သို့လည်းကောင်းပေးသွင်းရပါမည်။

၆။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ(စာတိုက်အမည်ပါ)ဖော်ပြရမည်။ လျှောက်လွှာနှင့်အတူ
(က) ဝင်ကြေးပေးသွင်းသည့်ငွေကြေးပြေစာလက်ခံမူရင်း(သို့မဟုတ်)ချလန်မူရင်း၊
(ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်
(ဂ) အမှတ်စာရင်းမိတ္တူမှန်
(ဃ) အသက်အတွက်တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန်
(င) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်၊ (၆)လအတွင်း ရိုက်ကူးထားသောကာလာလိုင်စင်ဓာတ်ပုံ(၁)ပုံ
(စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိတစ်ဦးထံမှ ၁-၁၁-၂၀၁၇ရက်နောက်ပိုင်းရရှိထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်မူရင်း။
(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူမှန်တို့ပူးတွဲပါရှိရမည်။

၇။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့်ပြည့်စုံကြောင်းဆေးလက်မှတ်တင်ပြနိုင်ရမည်။

၈။ လျှောက်ထားသူများသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူး (အထွေထွေစီမံခန့်ခွဲရေး)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်နှင့် အထွေထွေမန်နေဂျာ(သာကေတကမ်းလွန်အခြေစိုက်စခန်း) ရန်ကုန်တိုင်းဒေသကြီးတို့တွင် စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ်(သို့မဟုတ်) ချလန်ကိုပြသ၍ တစ်စောင်လျှင် ၁၀၀၀/-နှုန်းဖြင့် ဝန်ထမ်းများအတွက် နှစ်စောင်နှင့် ဝန်ထမ်းမဟုတ်သူများအတွက် တစ်စောင်ဝယ်ယူဖြည့်သွင်းလျှောက်ထားရပါမည်။

၉။ (က) ဝန်ထမ်းများသည်လျှောက်လွှာတစ်စောင်ကိုမိမိတို့ဝယ်ယူသည့်ဌာနတွင် ၂၀၁၇ခုနှစ် နိုဝင်ဘာ ၃၀ရက်အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်သည့်ဌာနအကြီးအကဲမှတစ်ဆင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။
(ခ) ဝန်ထမ်းမဟုတ်သူများအတွက်လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့်ဌာနများတွင် ၂၀၁၇ခုနှစ် နိုဝင်ဘာ ၃၀ရက် အရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၁၀။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၁၀)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရပါမည်။

၁၂။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါတွင်လည်းကောင်း၊ မိမိစရိတ်ဖြင့်လာရောက်ကြရမည်။ လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါ ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏မူရင်းများကိုတင်ပြကြရပါမည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

---

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ (၇၀ x ၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိုဗ္ဗာန်ကို အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁ သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁ သိန်း |
| ၃။ | အခန်းတံခါး | ၂ သိန်း |
| ၄။ | ရေချိုးခန်း | ၃ သိန်း |
| ၅။ | ကုဋီတစ်ခန်း | ၅ သိန်း |
| ၆။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉ သိန်း |
| ၇။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ | သံဃာလေးပါးနေတစ်ခန်း | ၂၀ သိန်း |
| ၁၀။ | ဓာတ်လှေခါး | ၂၅၀ သိန်း |
| ၁၁။ | ဘုရားခန်း | ၅၀ သိန်း |
| ၁၂။ | စာသင်ခန်းမဆောင် | ၁၀၀ သိန်း |
| ၁၃။ | ဆွမ်းစားမဆောင် | ၃၅၀ သိန်း |
| ၁၄။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |
| ၁၅။ | ကွန်ကရစ်တိုင်တစ်လုံး | ၃ သိန်း |
| ၁၆။ | စာချဆရာတော်များနေတစ်ခန်း | ၂၅ သိန်း |
| ၁၇။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀ သိန်း |
| ၁၈။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅ သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း - ၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရ်စည်လမ်းမတော်
(Account No.061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9) ဘဏ်စာရင်းသို့နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

## အမည်ပြောင်း

ပူတာအိုမြို့၊ ဟိုခိုရပ်ကွက်နေ ဦးရွှေအောင်-ဒေါ်စောတီတို့၏သား ဦးစောနွဲ့ဇော်လင်း ၁/ပတအ(နိုင်)၀၄၅၁၅၆ အား ဦးသန်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သန့်ဇင်မင်း ၁/မကန(နိုင်)၁၅၄၃၂၀၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၇၁၀၇၁၂၉**

---

## အိုးအိမ်ဝန်ထမ်းဟောင်းများ လူမှုကူညီမှုအသင်း၏ သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ

၁။ အိုးအိမ်ဝန်ထမ်းဟောင်းများ လူမှုရေးကူညီမှုအသင်း၏ စတုတ္ထအကြိမ်မြောက်(၇၅)နှစ်နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်းများ ပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ ဝန်ထမ်းဟောင်းများနှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများအားလုံး ကြွရောက်ပူဇော်ကန်တော့နိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

(က) **ကျင်းပမည့်ရက်** - ၁၃-၁၁-၂၀၁၇ ရက် (တနင်္လာနေ့) အမျိုးသားနေ့
(ခ) **ကျင်းပမည့်အချိန်** - နံနက်၉း၀၀နာရီ
(ဂ) **ကျင်းပမည့်နေရာ** - ဆောက်လုပ်ရေးဓမ္မာရုံ၊ ရွှေတိဂုံဘုရားလမ်း၊ တောင်ဘက်မုခ်အနီး

၂။ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| | |
|---|---|
| ဦးကျော်ဝင်း<br>ဖုန်း-၀၉-၅၀၀၂၄၀၉ | ဦးဆွေသန်းမောင်<br>ဖုန်း-၀၉-၅၁၂၈၂၉၂ |
| ဦးကြည်<br>ဖုန်း-၀၉-၅၀၄၄၄၀၉ | ဦးသန်းအောင်<br>ဖုန်း-၀၉-၄၅၀၀၀၆၈၈၁ |
| ဒေါ်ခင်ဝင်း<br>ဖုန်း-၀၉-၄၀၀၀၀၁၂၃ | ဒေါ်ခင်မာဆွေ<br>ဖုန်း-၀၉-၇၃၀၄၅၇၂၇ |
| ဒေါ်မြင့်မြင့်သန်း<br>ဖုန်း-၀၉-၂၅၀၀၃၈၈၂၈ | |

**အလုပ်အမှုဆောင်အဖွဲ့**

## အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပမည် မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) (၉၇)နှစ်မြောက် အမျိုးသားနေ့၊ နံနက် ၉း၀၀နာရီမှ မွန်းလွဲ ၁၃း၀၀နာရီထိ အသင်းတိုက်တည်ရှိရာ အမှတ်(၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်ရှိ မြတ်မွန်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ မြို့မဟောင်းများ၊ ဆရာ/ဆရာမဟောင်းများနှင့် ထ(၂)ဒဂုံ/ထ(၃)ဒဂုံ ကျောင်းသားကျောင်းသူဟောင်းများအားလုံးတက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမျိုးသားနေ့တွင် မြို့မ ထ(၂)ဒဂုံ/ထ(၃)ဒဂုံကျောင်းသားကျောင်းသူဟောင်းများ နံနက် ၆း၀၀နာရီတိတိမြို့မကျောင်းရှေ့၌ စုရပ်ထားပြီး ၆း၃၀နာရီတွင် ရွှေတိဂုံဘုရား ရင်ပြင်တော် စနေထောင့်ရှိ အမျိုးသားအထိမ်းအမှတ်ကျောက်တိုင်သို့ (ဒုတိယအကြိမ်) ရေးမူမပျက် လမ်းလျှောက်ချီတက်၍ ဂါရဝပြုကြမည်။

**အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၆-၂၀၁၈)**
**ဖုန်း-၀၁-၂၅၀၁၅၃၊ ၀၉-၇၃၀၁၁၇၀၇**

---

## ယောပညာသင်ထောက်ပံ့ကြေးလျှောက်လွှာခေါ်ယူခြင်း

၁။ ယောပညာသင်ထောက်ပံ့ရေးအဖွဲ့မှ ချီးမြှင့်မည့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်နိုင်ရန်အတွက် လျှောက်ထားနိုင်ပါသည်။

၂။ ယောဒေသများဖြစ်သော ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထု၊ ဆောမြို့နယ်များနှင့် ပုလဲမြို့နယ်၊ ၅၅မိုင်စခန်းအထက်မှ ဂန့်ဂေါနယ်စပ်တောင်ပေါ်ဒေသထိ ဒေသများမှ ၂၀၁၇ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများဖြစ်ရမည်။

၃။ ဆေးတက္ကသိုလ်နှင့်ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်နှင့် နည်းပညာကောလိပ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များ၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းများ၊ ရေကြောင်းပညာတက္ကသိုလ်၊ စက်မှုလက်မှုသိပ္ပံ၊ ဝိဇ္ဇာတက္ကသိုလ်များမှဘာသာရပ်ထူးချွန်ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်လွှာပုံစံတွင် မိမိလက်ရေးဖြင့် ဖြည့်စွက်ပြီးပူးတွဲပါလိပ်စာသို့ ၁၅-၁၂-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို အောက်ဖော်ပြပါလိပ်စာ၌ လူကိုယ်တိုင်ဖြစ်စေ၊ လူကြုံနှင့်ဖြစ်စေ တောင်းခံရယူနိုင်ပါသည်။

**ယောပညာသင်ထောက်ပံ့ရေးအဖွဲ့**
**အမှတ်(၁၁၇/ခ)၊ ၇၇လမ်း၊ ၂၈×၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၆၆၃၅၇၊ ၀၂-၃၀၇၉၈၊ ၀၂-၂၄၉၄၉**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၈၉၈/ခ၊ မြေကွက်တည်နေရာအမှတ် ၈၉၈/ခ၊ ရတနာပုံ ၅ လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် ဦးစံထွန်း CI-၀၀၉၈၀၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးစံထွန်းသည် ၂၉-၆-၁၉၉၇ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ရွှေ ၁၂/သကတ(နိုင်)၀၂၄၅၄၉မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိပြီး အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူများမရှိသည်မှာ မှန်ကန်ပါကြောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၁၀-၃-၂၀၁၇ ရက်စွဲပါ ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ် ၂၁၁/၂၀၁၇၊ ထပ်ဆင့်ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်ရွှေ ၁၂/သကတ(နိုင်)၀၂၄၅၄၉ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၉၈/၂၀၁၂ (၂၉-၂-၂၀၁၂)ရသူ ဒေါ်မာလာ ၁၂/သကတ(နိုင်)၀၂၆၄၅၇မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်ထောင်အဆောက်အအုံတစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၀၆၀၇ Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းကြည်(ခ)စိုင်ကျင် ၉/မရမ(နိုင်)၀၆၀၀၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ မြို့မ ၂ ရပ်ကွက်နေ ဦးရမ်းရာသန်း ၇/ဖမန(နိုင်)၀၉၈၇၂၁၏သား မောင်စိန် ၇/ဖမန(နိုင်)၂၂၁၀၄၆သည် မိသားစုများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။

**ဦးရမ်းရာသန်း**
**ဇေယျာဝတီမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/4681 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## အများသိစေရန်

ကျွန်မ၏ခင်ပွန်း ဦးမြင့်အေး ၁၂/အစန(နိုင်)၀၈၉၃၄၅ သည် သဘောမတူသောကိစ္စကို ပြုလုပ်ပါသဖြင့် ၎င်းနှင့် ပတ်သက်သမျှကိစ္စအဝဝကို မိသားစုအနေဖြင့် တာဝန်ယူ ဆောင်ရွက်ဖြေရှင်းပေးမည်လုံးဝမဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။)

**ဇနီး-ဒေါ်မြမြသက် ၁၂/အစန(နိုင်)၀၉၄၃၇၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၁၄၇၃၉ Honda Wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမောက်မွန် ၁၃/မယန(နိုင်)၀၀၇၁၉၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှကျင်
**ပခုက္ကူခရိုင်-ကမ္မမြို့**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၄)လမ်းရှိ November Embroidery Centre မှ MD ဦးတင်ဆန်း၏မိခင်ကြီး ဒေါ်လှကျင်သည် ၃၀-၁၀-၂၀၁၇ရက် နံနက် ၃း၃၀ နာရီတွင် ပခုက္ကူခရိုင်၊ ကမ္မမြို့၊ အမှတ်(၅) ရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျာနှင့်ဝန်ထမ်းများ**
**NOVEMBER EMBROIDERY CENTRE**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဦးမောင်ကြိုင်(ခ)ဦးငွေကြိုင် (ထားဝယ်)
**အသက်(၈၃)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်နေ (ဦးအေးလှိုင်-ဒေါ်အေးခင်)တို့၏သား၊ (ဦးအာဘစ်-ဒေါ်မြသင်း)တို့၏သားသမက်၊ ရန်ကုန်မြို့နေ(ဒေါ်ကာ ငွေး)၏ခင်ပွန်း၊ ဒေါ်ညညဝင်း-ဒေါက်တာမျိုးနိုင်၊ ဒေါ်ယုယုငွေး-ဦးနေလင်းအောင်(ချမ်းမြေ့သာပရိဘောဂ)၊ ဦးကျော်ကျော်စန်း၊ (ဒေါ်ဝါဝါငွေး)၊ ဒေါ်စန္ဒာဝင်းတို့၏ဖခင်၊ မောင်ကောင်းဇေယျလင်း၊ မဝင်းလဲ့ရွှေရည်ပိုင်၊ မောင်မြတ်သီဟ၊ မယွန်းရွှေရည်ဟန်တို့၏အဘိုးသည် ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၀-A) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားအသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## လွမ်းဆွတ်သတိရခြင်း
**ပုလဲမြ**

သြဂုတ်လမှာ ငါးနှစ်ပြည့်ခဲ့ပြီ၊ နိုဝင်ဘာ ၂ ရက်မှာတော့ စိတ်အာရုံနဲ့ တွေ့ကြပြန်ပြီ၊ လူချင်းဆုံရပါစေလို့ ဆုတောင်းပြည့်ခဲ့ရင် ဘဝသစ်တစ်ခုစကြမယ်၊ ကိုယ်တိုင် သိရမဲ့အသိမျိုး မသိမိခဲ့ဘူး။ စိတ်ပျော်အောင်နေ၊ ကောင်းမှုပြု၊ ရသမျှကုသိုလ်ယူ၊ မင်းအတွက်လဲပါစမြဲ။

**အုန်းမောင်**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၇)၊ ဦးပိုင်အမှတ်(၁၂၁)၊ ၅၃လမ်း၊အနော်ရထာ×ဘုရင့်နောင်လမ်းကြားရှိ ဒေါ်တင်ကြည် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ဟေသီစိုး ၅/မသန(နိုင်)၀၀၁၈၅၄မှ မြေစလစ်၊ မြို့သစ် တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လုစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကြော်ငြာစာ

မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၅၀)၊ ဦးပိုင်အမှတ် (၁၈+၁၉)၊ ၃၇×၃၈လမ်းကြား၊ ၇၆×၇၇ လမ်းကြားရှိ ဒေါ်အုံ့မယ်အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဖြစ်သူ ဦးညို၊ မိခင်ဖြစ်သူ ဒေါ်အုံ့မယ်၊သမီး ဖြစ်သူ ဒေါ်အမာတင်၊ သမက်ဖြစ်သူ ဦးခင်မောင်လွင်၊ သားဖြစ်သူ ဦးခင်အောင်သန်းတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောသား၊သမီး၊ မြေးနှင့် ချွေးမတို့ဖြစ်သော ဒေါ်မမလေး ၉/မရတ(နိုင်)၀၅၈၂၅၂၊ ဦးခင်မောင်စန်း ၉/မရတ(နိုင်)၀၅၈၂၀၃၊ ဒေါ်ဝေဝေထွန်း ၉/မရတ(နိုင်)၀၅၈၂၈၈၊ မသင်္ဂြိုဖြိုး ၉/မရတ(နိုင်)၀၀၁၅၄၅၊ မောင်ကျော်မင်းဦး ၉/မရတ(နိုင်)၁၀၉၁၈၈တို့မှ ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ဒေါ်ခင်ခင်အေး
**(Betty)**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း၊ အမှတ်၄(D)နေ (ဦးလွန်းဘင်-ဒေါ်နှင်းလှ)တို့၏သမီး၊ (ဦးဘညွန့်-ဒေါ်သန်းရင်)တို့၏သမီးချွေးမ၊ (ဦးအေးမြင့်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်တင်မျိုးမြင့်၊ ဒေါက်တာစိုးနောင်-ဒေါက်တာခင်သူလွင်၊ ဒေါ်ကြည်ကြည်မြင့်-ဒေါက်တာပိုင်စိုး၊ ဒေါက်တာပြုံးပြုံးမြင့်-ဒေါက်တာကျော်ခင်စော၊ ဒေါက်တာခင်စောမြင့်-ဦးစောဝ်ကြာဖူးတို့၏မိခင်၊ ကိုစိုးမိုး၊ ကိုအေးအောင်-မနှင်းနှင်းယု၊ ဒေါက်တာစန္ဒီစိုးနောင်-Deri Trigg၊ ကိုစောဝ်လောင်မိုင်း၊ ကိုပြည့်သူအောင်၊ ကိုစည်သူအောင်၊ ဒေါက်တာအိန္ဒြီစိုး၊ မစောဝ်မိုထာနီနှင့်မောင်စောဝ်ဆေးမိုင်းတို့၏အဘွားသည် ၂၈-၁၀-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၇ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် သန်းထွန်း CDC-46948 ၏ သင်္ဘောသားPSC&RB လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၃၅၄၆၅၀၈**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/7314 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
### ဦးဘိုကျင် (ဇီးကုန်းမြို့) B.Sc(Eng;Mech-1957)
**အင်ဂျင်နီယာချုပ်(ငြိမ်း)**
**မြန်မာ့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း ရပ်ကွက်၊ ပန်းလှိုင်လမ်း(ဟုမ်းလမ်း)၊ အမှတ် (41 B)၊သဇင်လမ်းသွယ်၊ ရွှေသံလွင်ပန်းလှိုင် အဆင့်မြင့်အိမ်ရာနေ (ဦးဖူး-ဒေါ်မယ်တင်)တို့၏သား၊ ဇီးကုန်းမြို့နေ ဒေါ်တင်ဦး၏မောင်၊ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမင်းဦး-ဒေါ်ကေသီ(Singapore)၊ ဦးမျိုးမင်းလတ်-ဒေါ်မြမြသီ(USA)၊ ဒေါ်ယဉ်မင်းချောတို့၏ဖခင်၊ မမေဂန်ဇွန်လတ်၊ မခင်နှင်းစုတို့၏ အဘိုးသည် ၂၈-၁၀-၂၀၁၇ရက် (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်ဖဖ-၉၊ ဦးပိုင်အမှတ်၂၁၊ ၄၅×၄၆လမ်းကြား၊ မနော်ဟရီ×နှင်းဆီလမ်းကြားရှိ ဦးခင်မောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးထွန်းလင်းမြင့် ၅/စကန(ဧည့်)၀၀၀၀၃၄မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဖြူဖြူမြင့်
### Director(KTK Electrical Engineering Co., Ltd.)
### အသက်(၄၆)နှစ်

Myanmar Electrical Business Group Public Co., Ltd. (BOD) ဦးကျော်သိန်းခိုင် (KTK)၏ ဇနီးဖြစ်သူသည် ၂၈-၁၀-၂၀၁၇ရက် မွန်းလွဲ ၁၂း၀၃ နာရီတွင် ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာမွန်ရာသုဂတိသို့ရောက်ရှိပါစေ။

**MEB Group Public Co., Ltd. ၏(BOD အဖွဲ့ဝင်များ)**

| | |
|---|---|
| 1. Alpha Power | 8. Myanmar Padauk |
| 2. Grand Dynamic | 9. Royal Power |
| 3. HT-LT | 10. Standard Power |
| 4. King Electrical Power | 11. Solar Rays |
| 5. Kyaw Nyo Myat | 12. Tun Tun Maung |
| 6. Multi Power(M.P.E.C) | 13. United Power |
| 7. Myanma Ah-hla (U Myat Min) | 14. Winner Power |

---

## (၃)နှစ်ပြည့်အလွမ်း
### ဦးသန်းမြင့် (ရုံးအဖွဲ့မှူး-ငြိမ်း၊ စီမံ/ဘဏ္ဍာဝန်ကြီးရုံး)
**အသက်(၈၈)နှစ်**
**(၁-၁၁-၂၀၁၄) - (၁-၁၁-၂၀၁၇)**

ကျေးဇူးရှင် ချစ်သောဖေဖေ ခေါ်ခွင့်၊ အသံလေးမကြားနိုင်တော့တာ (၃)နှစ်ပြည့်ခဲ့ပြီး မေမေကတော့ (၉)နှစ်(၉)လရှိခဲ့ပါပြီ၊ မိဘကျေးဇူးလွန်ကြီးမားသမို့ ဖေဖေ့ပုံတူလေးကို နေ့ညမပြတ် ဂါရဝထားရှိရိုးဦးခိုက်လျက်ပါ ဖေဖေ၊ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် သမီးလှူဒါန်းခဲ့သမျှ ကောင်းမှုကုသိုလ်အဝဝအား မြင့်မြတ်သော ဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါနော် ဖေဖေနှင့် မေမေရေ အမျှ အမျှ အမျှ

**သမီးကြီး-မမြင်မြင့်နိုင်**
**အကောက်ခွန်ဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးခိုင်(စစ်တွေ) အသက်(၇၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ(၃)လမ်း၊ အမှတ်(၄/၅A)နေ ဦးမောင်နု(အတွင်းရေးမှူး၊ ရခိုင်သဟာယအသင်း)၏ဇနီး ဒေါ်အေးခိုင်သည် ၂၉-၁၀-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရခိုင်သဟာယအသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးအောင်သိန်းမြင့် (ငြိမ်း)
**General Manager (Royal Pansay Co.,Ltd)**
**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၆ရပ်ကွက်၊ တိုက် ၂၀/၁၀၄၊ အောင်ဇေယျအိမ်ရာနေ ဒေါ်သွင်သွင်အေး၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးအောင်သိန်းမြင့်(ငြိမ်း) အသက်(၆၁)နှစ်သည် ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၂၅နာရီတွင် ကွယ်လွန်သွား ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်း ကြေကွဲရပါသည်။

**Royal Pansay Co.,Ltd မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးနေမိုး အသက်(၅၁)နှစ်
**ဒုဥက္ကဋ္ဌ(အငြိမ်းစားဆရာ/ဆရာမကြီးများ အကြီးစားကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းတော်ကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ) (က·ဘ·ကအဖွဲ့)**

၁၉၈၃-၁၉၈၄ အထက (၆) ဗိုလ်တထောင် (စိန့်ပေါလ်) ကျောင်းသားဟောင်း သူငယ်ချင်းဖြစ်သူ ဦးနေမိုးသည် ၂၈-၁၀-၂၀၁၇ ရက်နေ့ နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**က·ဘ·ကအဖွဲ့**
**၁၉၈၃-၁၉၈၄ ကျောင်းသားဟောင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဖြူဖြူမြင့်
**ဂုဏ်ထူးဆောင်အလှူရှင်**
**ရခိုင်သဟာယအသင်း(ရန်ကုန်)**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပယ်လမ်း၊ အမှတ် ၁၁၁နေ ဦးကျော်သိန်းခိုင် (MD, KTK Electrical Engineering Co.,Ltd.)၏ဇနီး ဒေါ်ဖြူဖြူမြင့်သည် ၂၈-၁၀-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၁၂း၀၃နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရခိုင်သဟာယအသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### မဖြူဖြူမြင့်
**Director(KTK Electrical Engineering Co.,Ltd.)**
**အသက်(၄၆)နှစ်**

သူငယ်ချင်း ဦးကျော်သိန်းခိုင်၏ဇနီး မဖြူဖြူမြင့်သည် ၂၈-၁၀-၁၇ ရက်တွင် ဗန်ကောက်မြို့ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်ရောက်ငယ်သူငယ်ချင်းများ(သံတွဲမြို့)**
**ကျော်စွာမြင့်၊ အိအိ၊ မော်စီ၊ မိစိမ့်၊ စိုးစိုး၊ သန္တာ၊ စမ်းမင်း၊ မေမိုး၊ သင်းမြ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဖြူဖြူမြင့်
**အသက်(၄၆)နှစ်**
**Director (KTK Electrical Engineering Co.,Ltd.)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပယ်လမ်း၊ အမှတ်(၁၁၁)နေ ဦးကျော်သိန်းခိုင် (MD,KTK Electrical Engineering Co.,Ltd.)၏ဇနီး၊ မမြတ်ကေရီခိုင် (Grade-5-D,YTS)၏မိခင်သည် ၂၈-၁၀-၂၀၁၇(စနေနေ့)မွန်းလွဲ ၁၂း၀၃နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**S.E.C Co., Ltd. မိသားစု**

## ဒေါ်ဖြူဖြူမြင့်(သံတွဲ)
**အသက်(၄၆)နှစ်**
**Director (KTK Electrical Engineering Co., Ltd.)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပယ်လမ်း၊ အမှတ်(၁၁၁)နေ ဦးအောင်မြင့် (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ တိ/မွေးကုဦးစီးဌာန)-ဒေါ်နုရွှေတို့၏သမီးကြီး၊ ဦးရွှေသိန်း(RTC-သံတွဲ-ငြိမ်း)-ဒေါ်တင်မေသိန်းတို့၏သမီးချွေးမ၊ ဦးကျော်သိန်းခိုင် (MD, KTK Electrical Engineering Co., Ltd.)၏ ဇနီး၊ မမြတ်ကေရီခိုင် (Grade-5-D, YIS)၏မိခင်၊ ဦးအောင်ဇော်မြင့်-ဒေါ်ခင်သီတာစိုး၊ ဒေါက်တာအောင်ဇော်လတ်-ဒေါက်တာမင်းမင်းဝင်း၊ ဦးကျော်လင်း-ဒေါ်နုဝါမြင့်၊ ဦးမင်းစိုး-ဒေါ်အေးသက်မွန်၊ ဦးမြင့်ဇော်-ဒေါ်နှင်းနုခိုင်တို့၏ မမကြီး၊ မကေခိုင်သစ်၊ မောင်အံ့မင်းခန့်၊ မောင်ဖွဲ့ဝေယံ၊ မောင်မြင့်မြတ်ကျော်၊ မမြတ်မိုးဇင်၊ မောင်မြတ်လင်းဘို၊ မောင်ဟိန်းထက်ဇံ၊ မောင်ထက်သီဟဦးတို့၏ ကြီးကြီးသည် ၂၈-၁၀-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁၂း၀၃ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၁၇ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၊ ခန်းမ(၁-က)မှ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၃-၁၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွေး (ညွှန်ကြားရေးမှူး)
**ပညာရေးဝန်ကြီးဌာန၊ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန**
**အသက်(၅၉)နှစ်**

သထုံမြို့၊ ကျောင်းကုန်းရပ်ကွက်မင်းလမ်း၊ အမှတ် ၁၂၆နေ (ဦးအောင်ချမ်းသာ-ဒေါ်သန်းညွန့်)တို့၏သား၊ ရွှေပေါက်ကံမြို့သစ်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၁၄/၈/၁၂၁၂နေ (ဦးသန်းမြင့်-ဒေါ်သန်းအေး)တို့၏သားသမက်၊ ဦးခင်မောင်ကြည်(ဒု-ညွှန်၊ ငြိမ်း၊ နယ်စပ်စည်ပင်)၊ ဒေါ်ခင်မေညွန့်(မူအုပ်၊ ငြိမ်း)၊ ဒေါ်ခင်မေဌေး(အလပြ၊ ငြိမ်း)၊ ဦးခင်မောင်အေး(တိုင်းမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့မီးရထား)တို့၏ညီ/မောင်၊ ဒေါက်တာခင်မေအေး၏အစ်ကို၊ (ဒေါ်ခင်စန်းဝင်း)၊ (ဦးမောင်မောင်ခိုင်)၊ ဦးအောင်နိုင်မြင့်၊ ဒေါ်သီတာအေး၊ ဒေါ်ဝင်းပပ၊ ဒေါ်သန္တာအေးတို့၏အစ်ကို၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက် ၁၀၅၊ အခန်း ၂၄နေ ဒေါ်ခင်အေးဝင်း (ကျောင်းအုပ်ကြီး၊ အထက-၁၊ ဒဂုံအရှေ့)၏ချစ်လှစွာသောခင်ပွန်း၊ မအေးဇကရီထွေး(နဝမတန်း၊ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း၊ မလှိုင်)၏ဖခင်သည် ၃၀-၁၀-၂၀၁၇ ရက်(တနင်္လာနေ့)နံနက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ခရေအိမ်ရာ၊တိုက် ၁၀၅မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၇ရက် (တနင်္ဂနွေ နေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ထွေး (ညွှန်ကြားရေးမှူး)
**ပညာရေးဝန်ကြီးဌာန၊ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန**
**အသက်(၅၉)နှစ်**

ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးသည် ၃၀-၁၀-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူမြင့်
**Director (KTK Electrical Engineering Co.,Ltd)**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးကျော်သိန်းခိုင်(MD.KTK Electrical Engineering Co.,Ltd)၏ဇနီး ဒေါ်ဖြူဖြူမြင့် Director (KTK Electrical Engineering Co.,Ltd)သည် ၂၈-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**I.E.M Company Limited မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူမြင့်
**အသက်(၄၆)နှစ်**

အထက(၂)အင်းစိန် ကျောင်းသူဟောင်းဖြစ်သော မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အားကိုးရသော အစ်မကြီးသည် ၂၈-၁၀-၂၀၁၇ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်ဆေးရုံကြီး၌ မထင်မှတ်ဘဲ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ အစ်မကြီး ကောင်းရာသုဂတိလားပါစေ။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့နှင့်**
**အထက(၂)အင်းစိန် ကျောင်းသားကျောင်းသူဟောင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူမြင့်
**Director (KTK Electrical Engineering Co.,Ltd.)**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပယ်လမ်း၊ အမှတ် ၁၁၁နေ ဦးကျော်သိန်းခိုင် (MD, KTK Electrical Engineering Co.,Ltd.)၏ဇနီး ဒေါ်ဖြူဖြူမြင့်သည် ၂၈-၁၀-၂၀၁၇ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်**
**ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**ချမ်းမြေ့မေတ္တာဆေးရုံ(သန်လျင်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါက်တာဒေါ်ရင်မေ (၂-အငြိမ်းစား)
**ဆမ-၁၇၃၀ လူမှုဖူလုံရေး**
**အသက်(၈၇)နှစ်**

ဗန်းမော်မြို့၊ ဆေးရုံကုန်းနေ(ဦးစံဂျိမ်း-ဒေါ်သက်မေ)သူနာပြုအုပ်(ငြိမ်း)တို့၏သမီး၊ (ဒေါ်ရင်ဆွေ) EPC ရုံးအုပ်-ဦးလဖိုင်လ(စစ်မှုထမ်း၊ ငြိမ်း)တို့၏ အစ်မ၊ (ဦးကျော်ထွန်း၊ အငြိမ်းစား တပ်မတော်-ရေ)၏ဇနီး၊ ဒေါ်ခင်မေအေး (USA)၊ ဒေါ်တင်မေဌေး(USA)-ဦးတင်မွန်သန်း(USA)၊ ဒေါ်နှင်းနှင်းအေး (Bliss-Full INN-ညောင်ရွှေ)၊ ဦးအောင်ကျော်ဦး(i-Green Company)၊ ဒေါ်ခင်ခင်လေး - ဦးကိုကိုဦး (အမိန့်ရအပေါင်ဆိုင်နှင့် ဆိုင်ကယ်ရောင်းဝယ်ရေး၊ မော်ကျွန်း)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃၀-၁၀-၂၀၁၇ရက် ည ၈း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ခ/၉၉၊ ကေတုမတီလမ်းနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ အောက်မေ့ဖွယ် ဝတ်ပြုအစည်းအဝေးအား ၅-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ပခုက္ကူခရိုင်အသင်း(ရန်ကုန်)
## ဦးတင်အုန်းကြိုင် (ပခုက္ကူ)
**အသက်(၇၆)နှစ်**

ပခုက္ကူမြို့နေ(ဦးဘကြိုင်-ဒေါ်လှရင်)တို့၏သား၊ ဒေါ်ခင်သောင်း၏မောင်၊ ဒေါ်ညွန့်ရီ၏အစ်ကို၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၃)ရပ်ကွက်၊ ကြေးတိုင်စု(၂) လမ်း၊ အမှတ် ၁၀၆၃နေ ဦးအေးသိန်း-ဒေါ်ကလျာကြိုင်(ကာကွယ်ရေးဝန်ကြီးဌာန)၊ ဦးရဲနန္ဒလွင်-ဒေါ်မာမာကြည်တို့၏ဖခင်၊ (ဒေါ်တုတ်တုတ်)၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၀-၂၀၁၇ရက်(တနင်္လာနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၃၁-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဘုရား၊ သိမ်၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ခင်လှမြင့်
**အသက်(၇၁)နှစ်**

သာစည်မြို့နယ်၊ ကုန်းတောအနောက်ကျေးရွာနေ (ဦးဟန်ရင်)-ဒေါ်ခင်ရွှေတို့၏သမီး၊ ရဲမှူးကြီးခင်မောင်လတ်(ငြိမ်း၊ သတင်းတပ်ဖွဲ့)၏ဇနီး၊ ဦးဟန်ထွန်းဦး C/O F.G G.E win - ဒေါ်ကေသီမွန်၊ ဦးဇော်ဇော်လင်း-ဒေါ်ခင်မြင့်ဦး၊ (ဦးဝင်းလတ်ဦး)၊ ဦးဇော်မင်းမောင် (လ/ထ-ကထိက၊ အရှေ့ပိုင်း)-ဒေါ်ခင်သွယ်သွယ်ဦး၊ ဦးဝင်းမင်းလတ်(C/O F.G)-ဒေါက်တာသီရိရွှေစင်တို့၏မိခင်၊ ခင်ရတနာဇော်၊ မောင်မင်းနိုင်ဇော်၊ မောင်အောင်ကောင်းမြတ်၊ အိန္ဒြာမင်းမောင်၊ အောင်သွေးဦး၊ မခင်ရတီထွန်းတို့၏အဘွားသည် ၃၀-၁၀-၂၀၁၇ရက် ည ၁၁း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၇ရက်တွင် အနောက်ကုန်းတောင်ကျေးရွာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၇ရက်တွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ အမှတ် ၁(က)၊ ၄လမ်းတောင်နှင့် ကုန်းဘောင်အနောက်ကျေးရွာတို့သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုဇော် (B.Ed-၇၄)
**အသက်(၆၇)နှစ်**

ဦးကိုကိုဇော် ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)သည် ၂၅-၁၀-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် (၅း၅၇)နာရီတွင် ရန်ကုန်မြို့(ခုတင်-၅၀၀) ဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းမြင့်မြတ်ရာ ဘုံဘဝသို့ရောက်ပါစေ။

**(၁၉၆၉-၁၉၇၄)ပညာရေးဘွဲ့ရသူငယ်ချင်းများ**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပြည့်စိုး အသက်(၅၂)နှစ်
**ကောင်စစ်ဝန်ချုပ်၊ ကော်လ်ကတ္တားမြို့၊ အိန္ဒိယသမ္မတနိုင်ငံ**

အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့၊ မြန်မာကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးပြည့်စိုးသည် ၂၇-၁၀-၂၀၁၇ရက် (သောကြာနေ့) ဒေသစံတော်ချိန် နံနက် ၁၁နာရီတွင် တာဝန်ထမ်းဆောင်စဉ် ရုတ်တရက်ကွယ်လွန်သွားသည့်အတွက် ဆရာ၏ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန 2013 batch**
**(ဌာနစုမှူး-ဒုတိယအတွင်းဝန်)မှ တပည့်များ**

## ဦးခိုင်မင်းဦး
**(Y.C.D.C)**
**အသက်(၄၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် ၈၉နေ (ဦးဘိုလေး-ဒေါ်မြင့်မြင့်)တို့၏သား၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ လေးထောင့်ကန် စံပြကျေးရွာနေ ဦးအုန်းခင်-ဒေါ်သန်းရွှေတို့၏သားသမက်၊ ဦးအေးနိုင်-ဒေါ်မိုးစန္ဒာဦး၊ ဦးကျော်မင်းဦး-ဒေါ်အေးအေးလွင်၊ဦးကြည်ဝင်း-ဒေါ်စန်းဝင်း၊ဦးသန်းညွန့်-ဒေါ်ဝေဝေ၊ (ဦးမြင့်ဌေး)-ဒေါ်ညွန့်မြိုင်၊ ဦးတင်လေး-ဒေါ်အေးအေး၊ ဦးအေးမင်း-ဒေါ်ရီမော်၊ ဦးအုန်းမြင့်ထွန်း-ဒေါ်သိန်းသိန်း၊ ဦးကျော်မိုး-ဒေါ်ဝင်းဝင်းလှိုင်တို့၏ညီ/မောင်၊ ဒေါ်ယုနှင်းထွေး၏အစ်ကို၊ မသဲဆုကျော်၊ မနှင်းကြယ်စင်တို့၏ဦးလေး၊ ဒေါ်လှလှရီ(Y.C.D.C)၏ ချစ်လှစွာသောခင်ပွန်း၊ မကြယ်စင်သွန်း၏ဖခင်သည် ၃၀-၁၀-၂၀၁၇ရက်(တနင်္လာနေ့)ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုအောင်အောင်
**CDC-60558 (OILER)**
**(Raffles Technical Services PTE,Ltd)**
**အသက်(၃၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ ၁၅လမ်း၊ အမှတ် (၁၀၃၇/က)နေ ဦးသိန်းဆွေ-ဒေါ်ဥမ္မာမြင့်တို့၏သား၊ ဦးခင်မောင်လွင်-ဒေါ်လဲ့လဲ့မြင့်တို့၏တူသား၊ဦးမျိုးဝေ - (ဒေါ်ခင်ဝင်း)တို့၏ သားသမက်၊ မမျိုးအေးအေးငြိမ်း၏ခင်ပွန်း၊ဦးအာကာစိုး(ကပရ/နေပြည်တော်)၊ ဒေါ်ယဉ်ယဉ်ဝင်း(ဗဟိုဘဏ်/နေပြည်တော်)၊ (ဦးဒီပါစိုး)-ဒေါ်ယဉ်ယဉ်ဝင်း (ကျန်းမာရေး/နေပြည်တော်)၊ (ကိုထင်လင်းစိုး)တို့၏ ညီမောင်၊ တူ၊ တူမ နှစ်ယောက်တို့၏ ဦးလေးသည် ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အေးထွန်း (ဖြူးမြို့)
**အသက်(၈၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ဈေးရပ်ကွက်၊ ပဲခူးလမ်းတောင်ပိုင်းနေ (ဦးဘထွန်း-ဒေါ်အေးသင်)တို့၏သမီး၊ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ ဘုရားလမ်းနေ (ဦးဘအို-ဒေါ်အုံးညွန့်)တို့၏သမီးချွေးမ၊ (ဗိုလ်မှူးလှတင်)(အမြောက်တပ်)၏ဇနီး၊ ဦးမြင့်ထွေး-ဒေါ်ဥမ္မာတင်၊ ဗိုလ်မှူးရဲထွန်းမြတ်(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်မေသန်းထွန်း၊ ဦးနေဝင်းလှ(PIL)-ဒေါ်မိုးမိုးလှိုင်တို့၏ချစ်လှစွာသောမိခင်၊ မသင်းပွင့်ဖြူထွန်း၊ မဖွေးခြိမ့်ဖြူထွန်း၊ မအိနေလှိုင်ဖြိုး၊ မသီရိမေဇင်ထွန်း၊ မအေးမြရတနာ၊ မပန်းအိမ့်ဖြူထွန်း၊ မောင်မြတ်သွေး၊ မောင်ရဲနေဝင်းတို့၏ အဘွားသည် ၃၀-၁၀-၂၀၁၇ရက် (တနင်္လာနေ့) ည ၈း၄၈နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ (R-5) ကံ့ကော်(၁)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အေးထွန်း(ဖြူးမြို့)
**အသက်(၈၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဈေးရပ်ကွက်၊ ပဲခူးလမ်းတောင်ပိုင်းနေ (ဦးဘထွန်း-ဒေါ်အေးသင်)တို့၏သမီး၊ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ ဘုရားလမ်းနေ (ဦးဘအို-ဒေါ်အုံးညွန့်)တို့၏သမီးချွေးမ၊ [ဗိုလ်မှူးလှတင် (အမြောက်တပ်)]၏ဇနီး၊(ဦးမောင်ကို-ဒေါ်တင်ရီ)၊(ဦးဝင်း-ဒေါ်ခင်စု)၊ (ဦးလှသောင်း-ဒေါ်ခင်နု)၊ [ဒုမှူးကြီးသိန်းထွန်း(ငြိမ်း)-ဒေါ်ခင်ဝင်း] တို့၏ညီမသည် ၃၀-၁၀-၂၀၁၇ရက် (တနင်္လာနေ့) ည ၈း၄၈နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ (R-5) ကံ့ကော်(၁)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ထားဝယ်အသင်း
## ဦးမောင်ကြိုင် (ထားဝယ်)
**ထားဝယ်အသင်း နာယက**
**အသင်းဝင်အမှတ်(၁၄၇၁)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၀-A) နေ (ဦးအေးလှိုင်-ဒေါ်အေးခင်)တို့၏သား၊ (ဦးအာဘစ်-ဒေါ်မြသင်း)တို့၏ သားသမက်၊ (ဒေါ်ကာဌေး)၏ခင်ပွန်းသည် ၂၉-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ကိုအောင်အောင်
**CDC-60558 (OILER)**
**(Raffles Technical Services PTE,Ltd)**
**အသက်(၃၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ ၁၅လမ်း၊ အမှတ် (၁၀၃၇/က)နေ ဦးသိန်းဆွေ-ဒေါ်ဥမ္မာမြင့်တို့၏သား၊ဦးမျိုးဝေ-(ဒေါ်ခင်ဝင်း)တို့၏သားသမက်၊ ဦးကျော်သူ (Ocean World PTE LTD,MD)-ဒေါ်သူဇာဝင်း (လယ်ပြ၊ ငြိမ်း)၊ ဒေါ်မျိုးအိအိဝင်းတို့၏ညီ/မောင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေး၊ မမျိုးအေးအေးငြိမ်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၉-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းညွန့်(ခ)ဦးတင်မောင်မြင့် အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၃လမ်း၊ အမှတ် ၁၅၊ ပထမထပ်(ယာ)နေ (ဦးမောင်ဘဏ်-ဒေါ်အေးတင်)တို့၏သား၊ (ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ ဦးထွန်းလှအောင်-ဒေါ်လှလှဌေး၊ ဦးအုန်းကြည်-ဒေါ်ခိုင်ခိုင်ဌေး၊ အရှင်သောဘဏ(ဖားအောက်တောရ)၊ ဦးဇော်ဌေး-ဒေါ်စန်းစန်းနွဲ့၊ ဦးရဲလွင်-ဒေါ်လွင်လွင်ဌေး၊ ဒေါ်ဝါဝါဌေးတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၃၁-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးညွန့်ခင် အသက်(၈၅)နှစ်
**အရာခံဗိုလ်(ငြိမ်း)၊ ဗဟိုဆေးတပ်(မင်္ဂလာဒုံ)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်နေ (ဦးထွန်းရင်-ဒေါ်လောက်)တို့၏သား၊ ညောင်ဦးမြို့၊ ရေဝင်ရပ်ကွက်နေ(ဦးဘကြင်-ဒေါ်ဂျမ်း)တို့၏သား သမက်၊ မင်္ဂလာဒုံမြို့နယ်၊ ၃(ခ)ရပ်ကွက်၊ ၉လမ်းနေ ဦးခင်မောင်ရွှေ-ဒေါ်နီနီခိုင်၊ ၂(ခ)ရပ်ကွက်နေ ဦးခင်မောင်ညွန့်-ဒေါ်သီတာချစ်၊ ဒေါ်ခင်မြအေး (ဒုဦးစီးမှူး၊ ပြည်တွင်းအခွန်၊ အင်းစိန်)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃၀-၁၀-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၇ရက် နံနက်တွင် အထက်ပါ မင်္ဂလာဒုံမြို့နယ်၊ ၃(ခ)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း) (ပေါင်းတလည်)
**ကြည်း-၁၃၁၅၂၊ OTS(၄၉)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန**
**အသက်(၆၆)နှစ်**

ပြည်ခရိုင်၊ ပေါင်းတလည်မြို့နေ (ဦးအောင်မြင့်-ဒေါ်သန်းရွှေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးကျော်ဒင်-ဒေါ်ညွန့်ရီ)တို့၏သားသမက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာအိမ်ရာ(၁)၊အမှတ် ၁၉၉၊ မြလမ်းသွယ်(၂)လမ်းနေ (ဒေါ်အေးချစ်ကျော်၊ အလက-၉၊ အင်းစိန်၊ ငြိမ်း)၏ခင်ပွန်း၊ ပေါင်းတလည်မြို့နေ ဦးစိုးအောင်လွင်(မြန်မာ့ဆက်သွယ်ရေး၊ ငြိမ်း)၊ ဒေါ်ခင်ခင်အောင်(ကျောင်းဆရာမ၊ ငြိမ်း)တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဒေါ်အုန်းချစ်ကျော်၏မောင်၊ ဒုရဲမှူးထွန်းချစ်ကျော်(ငြိမ်း)၊ဒေါ်သီဂီချစ်ကျော်တို့၏အစ်ကို၊ ဗိုလ်မှူးလွှမ်းအောင်(တပ်မတော်-ရေ)-ဒေါ်မြတ်ငြိမ်းချမ်း၊ ဗိုလ်ကြီးထူးဝေအောင်(စစ်တက္ကသိုလ်)၊ ဦးထက်ဝေအောင်(MRTV- တပ်ကုန်း)တို့၏ဖခင်၊ မအေးမြသံသာချို(ES4E) Grade-V ၏အဘိုးသည် ၃၁-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၅၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၁-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန္ဒာထွန်း အသက်(၅၁)နှစ်
**ဒု-ဦးစီးမှူး (တိုင်းစည်ပင်၊ ထားဝယ်မြို့)**

မန္တလေးမြို့၊ မောရဂီဝါရပ်နေ ဦးသန်းထွန်းအောင်(ဦးစီးအရာရှိ၊ ငြိမ်း၊ တိုင်းထွေ/အုပ်)-ဒေါ်ခင်ဆွေဦးတို့၏သမီး၊ မော်လမြိုင်မြို့နေ ဦးခင်မြိုင်-ဒေါ်ဌေးသွင်တို့၏သမီးချွေးမ၊ ဦးအောင်စိုး(ဆက်သွယ်ရေး၊ ကော့သောင်းမြို့)၏ ချစ်လှစွာသောဇနီး၊ မောင်ကောင်းဆက်လင်း၊ မောင်အောင်ဟိန်းသန့်တို့၏မိခင်၊ ဦးလှသိန်း(ထွေ/အုပ်)-ဒေါ်သန္တာထွန်း(ကော့သောင်း ထွေ/အုပ်)၊ ဦးနေထွန်းသန်း(မကွေးတိုင်း ထွေ/အုပ်)-ဒေါ်နီလာထွန်း(ကျောက်ဆည်ခရိုင်၊ လဝက)၊ ဗိုလ်ကြီးအောင်နိုင်ထွန်း-ဒေါ်စန္ဒာစိုး၊ ဦးဟိန်းကျော်အောင်(လဝက၊ဝန်ကြီးရုံး)-ဒေါ်ဇာခြည်ထွန်းတို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၁-၂၀၁၇ရက် (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူမြင့်
**Director (KTK Electrical Engineering Co.,Ltd)**
**အသက်(၄၆)နှစ်**

ဦးကျော်သိန်းခိုင်(MD.KTK Electrical Engineering Co.,Ltd)၏ဇနီး ဒေါ်ဖြူဖြူမြင့်သည် ၂၈-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စက်ရုံမှူးနှင့်ဝန်ထမ်းမိသားစု**
**ဇေကရီစက္ကူစက်ရုံ(ပလိပ်)**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူမြင့်
**Director (KTK Electrical Engineering Co.,Ltd)**
**အသက်(၄၆)နှစ်**

ဦးကျော်သိန်းခိုင်(MD.KTK Electrical Engineering Co.,Ltd)၏ဇနီး ဒေါ်ဖြူဖြူမြင့်သည် ၂၈-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးခင်မောင်စိုး-ဒေါ်တင့်တင့်ဌေး မိသားစု**
**စက်ရုံမှူး(ဇေကရီ စက္ကူစက်ရုံ-ပလိပ်)**

## ဝမ်းနည်းကြေကွဲခြင်း

KTK ELECTRICAL ENGINEERING CO., LTD.၏ MANAGING DIRECTOR ဦးကျော်သိန်းခိုင်၏ချစ်လှစွာသော ဇနီး ဒေါ်ဖြူဖြူမြင့်သည် ၂၈-၁၀-၂၀၁၇ရက် (စနေနေ့)တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MYANMA POWER SPECTRUM CO.,LTD.**



ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံ ဆုတောင်းပွဲအခမ်းအနား ကျင်းပစဉ် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ဘာသာပေါင်းစုံဆုတောင်းပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြီးမှူး၍ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ဘာသာပေါင်းစုံ ဆုတောင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက မြို့တော်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်တော်ကြီးများ၊ ငြိမ်းချမ်းရေး ချစ်မြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထေရဝါဒဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ မဟာယာနဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာတို့မှ အမျိုးသမီးငယ် ငါးဦးစီက စင်မြင့်ပေါ်သို့ တက်ရောက်ကာ ငြိမ်းချမ်းရေးဖယောင်းတိုင်ကြီးငါးတိုင်တွင် မီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့က စင်မြင့်ပေါ်သို့ ကြွရောက်၍ ဆုတောင်းမေတ္တာ ပို့သပေးပြီး အဆိုတော် ကိုအောင်က "လောကကြီးရဲ့မောင်းနှင်အား"အမည်ရှိ သီချင်းဖြင့် ဖျော်ဖြေပေးသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

## ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် သတ်မှတ်ခံရ

**နေပြည်တော် အောက်တိုဘာ ၃၁**

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အကြံပေးကော်မတီ၏ အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက် အထိ ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံ အသီးသီးမှ မှတ်တမ်းအမွေအနှစ်ပေါင်း ၁၃၀ အဆိုပြု တင်သွင်းရာ မြန်မာနိုင်ငံမှ ပုဂံ ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင် မင်းတရားကြီး၏ ခေါင်းလောင်းစာအပါအဝင် မှတ်တမ်း အမွေအနှစ် ၇၈ ခုအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခံရကြောင်း သိရသည်။ **(အောက်ပုံ)**

ပုဂံရွှေစည်းခုံဘုရား ရင်ပြင်တော်ပေါ်ရှိ ဘုရင့်နောင် ခေါင်းလောင်းကြီးကို မြန်မာသက္ကရာဇ် ၉၁၇ (အေဒီ ၁၅၅၇) ခုနှစ်တွင် ဆင်ဖြူရှင်ဘုရင့်နောင်မင်းတရားကြီးက သွန်းလုပ်၍ ချိတ်ဆွဲလှူဒါန်းခဲ့ကာ ခေါင်းလောင်းပေါ်တွင် မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာဖြင့် ရေးထိုးထားကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✪



ရခိုင်ပြည်နယ်မှာပြန်လည်စိစစ် လက်ခံရေးနဲ့ပတ်သက်လို့ သဘောတူညီချက်မရသေးဘူး။ ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်ပြီ စိစစ်လက်ခံဖို့လည်း အသင့်ပဲ။ ဟိုဘက်က သဘောတူညီချက်မရလို့ဘဲ ဒီအစီအစဉ်တွေ နှောင့်နှေးကြန့်ကြာနေတယ်

စာ » ၈

ဆောတ်လိတ်စီးတီးရှိ ယူတာတက္ကသိုလ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံး

စာ » ၁၄

# MMA ပြိုင်ပွဲ၌ အောင်လအန်ဆန်က စိန်ခေါ်သူကို နှစ်ချီအတွင်းအနိုင်ယူမည်ဟု ကြုံးဝါးပြောဆို



**MMA ကစားသမား အောင်လအန်ဆန် နည်းပြနှင့်အတူ လေ့ကျင့်နေစဉ်** ဓာတ်ပုံ- မင်းထက်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံ၌ နိုဝင်ဘာ ၃ ရက်တွင် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် MMA (ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ) အတိုက် ပြိုင်ပွဲကြီး၌ အဓိက Main Fight ပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည့် MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ မြန်မာပြည်ဖွား အောင်လအန်ဆန်နှင့် ဟောင်ကောင်နိုင်ငံသား အလိန်းနဂါလာနီတို့ ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲစဉ်များနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြန်မာပလာဇာမြေညီထပ်၌ ကျင်းပရာ အောင်လ အန်ဆန်က စိန်ခေါ်သူ အလိန်းနဂါလာနီကို နှစ်ချီအတွင်းအနိုင်ယူ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း ကြုံးဝါးပြောဆိုသည်။

အဆိုပါပြိုင်ပွဲကြီးကို လာမည့် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံကြီး၌ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲကြီး ကို One Championship အဖွဲ့ကြီးနှင့် မြန်မာလက်ခမောင်း တို့ အဓိက ပူးတွဲ ဦးဆောင်စီစဉ်ကျင်းပခြင်းဖြစ်ပြီး ယှဉ်ပြိုင် ထိုးသတ်မည့်တွဲဆိုင်းများမှာ အဓိက Main Fight အဖြစ် ကချင်ပြည်နယ်ဖွား MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ အောင်လအန်ဆန်နှင့် *စာမျက်နှာ ၅ ကော်လံ ၃* ❍



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊


ဓာတ်ပုံ-ကောင်း

# မြို့ပြရန်ကုန်စက်မှုဇုန်

ဝေယံဦး

**ရန်ကုန်မြို့ စက်မှုဇုန်များတွင် ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ပြီး ခေတ်မီနည်းပညာများကို အသုံးပြုကာ နိုင်ငံတကာ ဈေးကွက်များကို ထိုးဖောက်နေရာယူနိုင်ပါက လုပ်ခလစာများ တိုးတက်လာမည် ဖြစ်ရာ ရန်ကုန်မြို့ပြက အရှိန်အဟုန် ပြင်းပြင်းဖွံ့ဖြိုးတိုးတက်လာကာ လူငယ် လူရွယ်များအတွက် အိပ်မက်မြို့တော် ဖြစ်လာမည်မှာ အမှန်ပင်။**

နံနက် ၄ နာရီထိုးသည်နှင့် မအေးသီ အိပ်ရာက ထလိုက်သည်။ ကိုယ်လက်သန့်စင်၊ မျက်နှာသစ်လိုက်ပြီး ထမင်းအိုးတည်ကာ ဘုရားကိုရည်မှန်း၍ လက်အုပ်ချီရှိခိုးသည်။ ပြီးနောက် အတူနေ မိန်းကလေးအဖော်များကိုလည်း နှိုးကာနေသည်။ တစ်နေ့တာကို ဖြတ်သန်းရန် ပြင်ဆင်ရသည်။ သူမလိုအရွယ်တူ မိန်းကလေးငယ်များစွာနှင့် လှိုင်သာယာကားစက်ရုံ၊ အလုပ်ရုံများ၌ လာရောက် လုပ်ကိုင်နေကြခြင်းဖြစ်ရာ အများစုမှာ အထည်ချုပ်စက်ရုံများ တွင် ဖြစ်သည်။

နေရပ်ဇာတိကို စွန့်ခွာကာ မိသားစုစားဝတ်နေရေး၊ ပုံမှန်ဝင်ငွေတစ်ရပ် ရရှိရေး၊ ဘဝတိုးတက်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် ရန်ကုန်မြို့သို့ အနယ်နယ် အရပ်ရပ်မှ လူငယ်လူရွယ်များ အရှိန်အဟုန်ဖြင့် ရောက်ရှိလာရာ ရန်ကုန်မြို့လူဦးရေက တစ်နေ့တခြား တိုးပွားလာပြီဖြစ်သည်။ လက်ရှိအချိန်၌ လူဦးရေ ခုနစ်သန်းကျော်ရှိနေပြီဖြစ်သော ရန်ကုန်မြို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ အများဆုံးဖန်တီးပေးနိုင်သည်မှာ စက်မှုဇုန်ပင်ဖြစ်သည်။

ရန်ကုန်မြို့ပတ်ပတ်လည်တွင် စက်မှုဇုန်များတည်ရှိနေရာ လက်ရှိအနေအထား၌ စက်မှုဇုန်ပေါင်း ၂၉ ဇုန်ရှိနေပြီး ဖြစ်သည်။ ထိုစက်မှုဇုန်အားလုံးနီးပါး လုပ်ငန်းများလည်ပတ်နေပြီဖြစ်ရာ လူငယ်လူရွယ်အရေအတွက် သိန်းနှင့်ချီကာ အလုပ်အကိုင်များ ပေးထားနိုင်နေသည်ကို တွေ့ရသည်။ စီးပွားရေးမြို့တော် အသွင် ပီပီပြင်ပြင်ရောက်ရှိလာသည့် ရန်ကုန်မြို့တွင် လက်ရှိလည်ပတ် နေသော စက်မှုဇုန်များအနက် လှိုင်သာယာစက်မှုဇုန်သည် အလုပ်သမားဦးရေ အများဆုံးနှင့် အကြီးဆုံး ဇုန်တစ်ခုလည်း ဖြစ်နေသည်။ လှိုင်သာယာစက်မှုဇုန်တွင် စက်မှုဇုန် ၁၊ စက်မှုဇုန် ၂၊ စက်မှုဇုန် ၃၊ စက်မှုဇုန် ၄၊ စက်မှုဇုန် ၆ နှင့် စက်မှုဇုန် ၇ တို့ ပါဝင်သလို စက်မှုဇုန် ၅ လည်း တည်ရှိနေသည်။ ရွှေလင်ပန်း စက်မှုဇုန်သည်လည်း လှိုင်သာယာမြို့နယ်အတွင်း တည်ရှိနေ ရာ လှိုင်သာယာမြို့နယ်က ရန်ကုန်မြို့တွင် အကြီးဆုံး စက်မှုဇုန် အဖြစ် တည်ရှိနေခြင်းဖြစ်သည်။

အလုပ်သမားဦးရေ အများဆုံးပါဝင်လုပ်ကိုင်နေသော လှိုင်သာယာစက်မှုဇုန်ကြောင့် လှိုင်သာယာမြို့နယ်သည်လည်း အခြေခံလူတန်းစား အများဆုံးနေထိုင်ရာ မြို့နယ်တစ်မြို့နယ် ဖြစ်လာသည်။ ရန်ကုန်မှ ဧရာဝတီတိုင်းဒေသကြီးသို့ ထွက်ပေါက်မြို့နယ်တစ်မြို့နယ် ဖြစ်သလို ရန်ကုန်မြို့သို့ ဝင်ရောက်ရာ ဝင်ပေါက်တစ်ပေါက်လည်းဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးမှ လူငယ်လူရွယ်အများဆုံး လာရောက်အလုပ်လုပ်ကိုင်ရာ စက်မှုဇုန်လည်းဖြစ်သည်။

ရန်ကုန်မြို့ကို စက်မှုဇုန်များဖြင့် ဝိုင်းရံထားသလိုရှိနေရာ အကျယ်အဝန်း ၃၅ ဧကရှိသော တောင်ဥက္ကလာပ စက်မှုဇုန်၊ ဧက ၁၂၀၈ ဒသမ ၆၉၅ ဧက ကျယ်ဝန်းသော ဒဂုံ(ဆိပ်ကမ်း) စက်မှုဇုန်၊ အကျယ်အဝန်း ၄၇၅ ဒသမ ၃၇၄ ဧကရှိသော တောင်ဒဂုံစက်မှုဇုန် (၁)၊ အကျယ်အဝန်း ၂၁၄ ဒသမ ၃၇၄ ဧကရှိသော တောင်ဒဂုံစက်မှုဇုန် (၂)၊ အကျယ်အဝန်း ၅၃ ဒသမ ၃၁၆ ဧက ရှိသည့် တောင် ဒဂုံစက်မှုဇုန်(၃)၊ အကျယ် အဝန်း ၂၅ ဧက ရှိသော မြောက် ဒဂုံ စက်မှု ဇုန်၊ အ ကျယ် အဝန်း ၆၆၆ ဧက ရှိသည့် အရှေ့ဒဂုံ စက်မှုဇုန်၊ အ ကျယ် ၉၄ ဒသမ ၆၄ ဧက ရှိသော ရွှေ ပေါက်ကံ စက် မှုဇုန်၊ အ ကျယ် အဝန်း ဧက ၂၀၀ ရှိသည့် သာကေတ စက်မှုဇုန်၊ မင်္ဂလာဒုံ စက်မှုဇုန်၊ ဧက ၅၆၀ ဒသမ ၀၆ ဧကရှိသည့် ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံ ဂါးဒင်း စီးတီးနှင့် အမှတ် ၃ လမ်းမဘေးတွင်ရှိသော ရန်ကုန် စက်မှုဇုန်၊ ရွှေပြည်သာစက်မှုဇုန် (၁၊ ၂၊ ၃၊ ၄)၊ မြောင်းတကာ စက်မှုဇုန်၊ ဝါးတရာ စက်မှုဇုန် စသည်တို့တည်ရှိရာ ရန်ကုန်မြို့သည် အနယ်နယ်အရပ်ရပ်မှ လူငယ်များ ဘဝရပ်တည်ရေးအတွက် အလုပ်အကိုင်ပေးနိုင်ခြင်း ဖြစ်သည်။



"ရန်ကုန်မြို့မှာရှိတဲ့ စက်မှုဇုန်တွေနဲ့ စက်ရုံတွေက တောင်ကိုရီးယားနိုင်ငံမှာရှိတဲ့ စက်မှုဇုန်နဲ့ စက်ရုံတွေအတိုင်းပဲ။ ဘာမှ မကွာခြားဘူး။ စက်ရုံတစ်ရုံ အရွယ်အစားကလည်း ဒီအတိုင်းပဲ။ ဒါပေမယ့် သူတို့စက်ရုံတွေက ခေတ်မီနည်းပညာ တွေသုံးပြီး ထုတ်ကုန်အရည်အသွေးမြင့်မားကြတယ်။ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်တယ်။ ဓာတ်အားအပြည့်အဝရတယ်။ လုပ်ခ လစာကို ကောင်း ကောင်းပေးနိုင် တယ်" ဟု တောင်ကိုရီးယားနိုင်ငံ စက်ရုံတစ်ရုံ၌ သွားရောက် အလုပ်လုပ်ကိုင်ခဲ့ဖူးသည့် သူငယ်ချင်း ကိုအောင်မော်က ပြောပြဖူးသည်။

ရန်ကုန်မြို့ စက်မှုဇုန်များတွင် ဓာတ်အား အပြည့် အဝ သုံးစွဲနိုင်ပြီး ခေတ်မီ နည်း ပညာ များကို အသုံးပြုကာ နိုင်ငံတကာ ဈေး ကွက်များကို ထိုးဖောက် နေရာယူနိုင်ပါက လုပ်ခလစာ များ တိုးတက်လာမည်ဖြစ်ရာ ရန်ကုန်မြို့ပြက အရှိန်အဟုန်ပြင်းပြင်း ဖွံ့ဖြိုးတိုးတက်လာကာ လူငယ်လူရွယ် များအတွက် အိပ်မက်မြို့တော်ဖြစ်လာမည်မှာ အမှန်ပင်။

ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်ကို အကောင် အထည်ဖော်နေရာ အချို့လုပ်ငန်းများ လည်ပတ်နေကြပြီ ဖြစ်သည်။ မြန်မာ-ဂျပန် ပူးပေါင်းအကောင်အထည်ဖော်နေ သော သီလဝါအထူးစီးပွားရေးဇုန်သည် မြေဧက ၂၄၀၀ ပေါ်၌ တည်ဆောက်နေခြင်းဖြစ်ရာ ဇုန်(A) အပိုင်း(၁) တွင် စင်ကာပူ၊ ဂျပန်၊ တရုတ်၊ ထိုင်း၊ ဟောင်ကောင်တို့မှ စီးပွားရေးလုပ်ငန်းရှင် များက လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေရာ ၂၀၁၈ ခုနှစ်တွင် ထုတ်ကုန်ပစ္စည်းများ ထွက်ရှိလာနိုင်တော့မည်ဖြစ်သည်။ ဇုန် (B) တွင်လည်း မြေဧက ၇၀၀ ပေါ်၌ စီမံကိန်းများ စတင် ဆောင်ရွက်နေပြီး ၂၀၂၂ ခုနှစ်တွင် လုပ်ငန်းများ လည်ပတ်ကာ ထုတ်ကုန်များ စတင်ထုတ်လုပ်နိုင်တော့မည်ဖြစ်ရာ သီလဝါ အထူးစီးပွားရေးဇုန်ကြီး စတင်လည်ပတ်ပါက စုစုပေါင်း အလုပ် အကိုင်အခွင့်အလမ်း တစ်သိန်းခန့်အထိ ပေးနိုင်တော့မည် ဖြစ်သည်။ ရန်ကုန်မြို့လူဦးရေက အလုပ်အကိုင်ပေးနိုင်စွမ်းရှိသည် နှင့်အမျှ အခြေချနေထိုင်မှု များပြားလာမည်ဖြစ်သည်။

တစ်ဖန် ညောင်နှစ်ပင်စက်မှုဇုန်ကိုလည်း မြန်မာနှင့် တောင်ကိုရီးယားတို့ ပူးတွဲပြီး မြန်မာက ၄၀ ရာခိုင်နှုန်း၊ တောင်ကို ရီးယားက ၆၀ ရာခိုင်နှုန်းတို့ဖြင့် အကောင်အထည်ဖော်ရန် သဘောတူညီမှု ရရှိထားပြီဖြစ်သည်။ အကျယ်အဝန်းမြေဧက ၅၇၀ ပေါ်၌ တည်ဆောက်မည့် ညောင်နှစ်ပင်စက်မှုဇုန်ကို ၂၀၁၈ ခုနှစ် နှစ်ဆန်းကာလတွင် စီမံကိန်းလုပ်ငန်းများ စတင်တော့ မည်ဖြစ်ရာ ရန်ကုန်မြို့၏ လူနေထိုင်မှု၊ စီးပွားရေးလုပ်ငန်းများ ကြီးထွားမှုများက လျင်မြန်စွာ တိုးတက်မြင့်မားလာမည်မှာ အမှန်ပင်။

ရန်ကုန်မြို့ရှိ စက်မှုဇုန်များ အရှိန်အဟုန်ဖြင့် လည်ပတ်ပါက ရန်ကုန်မြို့သည် မကြာမီနှစ်အတွင်း လူဦးရေ ၁၀ သန်းကျော် နေထိုင်သည့် မီဂါစီးတီးအဖြစ် ရောက်ရှိလာတော့မည်ဖြစ်သည်။ နိုင်ငံတကာတွင် လူဦးရေ ၁၀ သန်းကျော်နေထိုင်သော မြို့ကြီး များစာရင်း၌ ရန်ကုန်မြို့လည်း ပါဝင်လာတော့မည်ဖြစ်ရာ အိမ်ရာ စီမံကိန်းဓာတ်အားရရှိမှုများ၊ ရေစနစ်၊ သန့်ရှင်းရေးစနစ်များ အတွက် ကြိုတင်ပြင်ဆင်စီစဉ်မှုများ မလွဲမသွေဆောင်ရွက် ရတော့မည်ဖြစ်သည်။

ထိုအချိန်ကာလ၌ မအေးသီတို့လို အထည်ချုပ်စက်ရုံ အလုပ်သမလေးများအတွက် လုပ်ခလစာကောင်းကာ အိမ်ခန်း တစ်ခန်းတော့ ပိုင်ဆိုင်နိုင်ဖို့ အခွင့်အရေးရှိလာမည်မှာ အမှန်ပင်။

# ရန်ကုန်မှာကားမောင်းမယ်ဆိုရင်

## လိုင်စင်လေးတော့ ဆောင်ထားသင့်



ဓာတ်ပုံ - ထိန်လင်း

**သတင်းဆောင်းပါး - ထင်ပေါ်ဝင်း(ကမာရွတ်)**

ရန်ကုန်မြို့တော်သည် မြန်မာနိုင်ငံ၏ လူဦးရေအထူထပ်ဆုံး မြို့ကြီးတစ်မြို့ဖြစ်သည်။ လူဦးရေ များပြားလာသည်နှင့် အမျှ အဆိုပါလူများ သွားလာရန် မော်တော်ယာဉ်များလည်း လိုအပ်လာသည်။ မော်တော်ယာဉ်များ လိုအပ်သည်နှင့်အညီ ကျွမ်းကျင်သော မော်တော်ယာဉ်မောင်းများလည်း လိုအပ်လာလျက်ရှိသည်။

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ စီးပွားရှာကာ ဘဝသစ်ကို ထူထောင်လိုသော လူငယ်လူရွယ်အများစုက ငွေရှာကောင်းသော မြို့တော်ရန်ကုန်ကို စိတ်ဝင်တစား ရှိလှသည်။ နေရာအတည်တကျ အလုပ်လုပ်လိုသော အမျိုးသမီးငယ်များအတွက် လှိုင်သာယာ၊ ရွှေပြည်သာတို့ကဲ့သို့ စက်ရုံ၊ အလုပ်ရုံများရှိရာနေရာကို အဓိကပစ်မှတ်ထားလာရောက်ကြသကဲ့သို့ လူငယ်အမျိုးသားတို့ကလည်း လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် ကြုံရာဝင်ရောက်လုပ်ကိုင်ရင်း အခွင့်အရေးကောင်းကို စောင့်မျှော်တတ်ကြသည်။ ငွေလုံးငွေရင်းကလေး အတန်ငယ်စုမိလာသောအခါ အချို့က လမ်းဘေးတွင် ဆိုင်ဖွင့်ကြသည်။ အချို့က အုံနာကြေးပေးကာ မောင်းရသော အငှားယာဉ်မောင်းများအဖြစ် လည်းကောင်း၊ အိမ်ကားမောင်းယာဉ်မောင်းများအဖြစ် လည်းကောင်း ငွေရှာကြသည်။

လူငယ်လူရွယ်အများစုက စွန့်စားမှုကို နှစ်သက်ကြသည်။ ကားပြတင်းပေါင်ပေါ် လက်တင်ရင်း ဟန်ပါပါ မောင်းနှင်နေကြသော နောင်တော်ယာဉ်မောင်းကြီးများကို အားကျကြသည်။ ဥပဒေကို သူတို့မသိ၊ ကျွမ်းကျင်မှုကို မစောင့်နိုင်သော လူငယ်အများစုက ယာဉ်မောင်းသင်တန်းတက်အပြီး ရန်ကုန်မြို့၏ လမ်းမများ၌ ယာဉ်ထိန်းရဲမရှိသည့် ညပိုင်းကို အလုပ်ချိန်အဖြစ်ရွေးချယ်၍ အငှားယာဉ်မောင်းအဖြစ် စမ်းသပ်မောင်းနှင်သည်။ ယာဉ်မောင်းသက်ကလေး အတော်အသင့် ရလာပြီးချိန်၊ ယာဉ်မောင်းလိုင်စင် လက်ဝယ်ရလာချိန်တွင် အလုပ်ချိန်ကိုနေ့ပိုင်းသို့ ပြောင်းလဲကြသည်။

ရန်ကုန်မြို့တွင် မွေးဖွားကြီးပြင်းသူများက ကိုယ်ပိုင်မော်တော်ယာဉ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယာဉ်မောင်းလိုင်စင်ကိုရရှိအောင် ရယူထားတတ်ကြသည်။ ရန်ကုန်တွင် အလုပ်လျှောက်ထားမှုများအနက် အဆိုပါ ယာဉ်မောင်းလိုင်စင်က မရှိမဖြစ် အရေးကြီးသည်။ အရေးပါသော ကုမ္ပဏီရာထူးနေရာများအတွက် သီးသန့်ယာဉ်မောင်း ခန့်အပ်ရန်မလိုဘဲ ယာဉ်တစ်စီးငှားပေးလိုက်ရုံဖြင့် အဆင့်မြင့် ဝန်ထမ်းတစ်ဦးကို ခန့်ထားနိုင်သည်။ သို့ဖြင့် ရန်ကုန်တွင် နေထိုင်သူတစ်ဦးအတွက် ယာဉ်မောင်းလိုင်စင်က မရှိမဖြစ် အရေးပါလာသည်။

"အရင် မော်တော်ယာဉ်အသစ်တွေ မသွင်းခင် ၂၀၁၀-၂၀၁၁ နှစ်ဦးပိုင်း လောက်ကဆိုရင် လိုင်စင်ဖြေတဲ့သူက ဒီလောက်မရှိဘူး။ ခုနောက်ပိုင်းကားအသစ်တွေ တင်သွင်းလာတယ်။ ကုမ္ပဏီတွေ အလုပ်ခေါ်တဲ့နေရာမှာလည်း ယာဉ်မောင်းလိုင်စင်ပါတဲ့သူကို ပိုပြီးတော့ ဦးစားပေးလာတယ်။ အိမ်တွေမှာလည်း ကားတွေရှိလာကြတဲ့အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုတဲ့သူက အလွန်များ လာပါတယ်။ အရင်တုန်းကဆိုလို့ရှိရင် တစ်ရက်ကို ၆၀၀ - ၇၀၀ လောက်ကို စစ်ပေးရတယ်။ မိုးမလင်းခင် ရုံးတံခါးမဖွင့်ခင်ကတည်းက သူတို့တွေက ရုံးပေါက်ဝမှာ တန်းစီပြီး အများကြီး စောင့်ဆိုင်းနေကြရတယ်။ နံနက် ၇ နာရီခွဲ ရုံးတံခါးဖွင့်လိုက်တာနဲ့ တံုကင်ကို အပြေးအလွှားယူကြရတယ်။ နေရာရဖို့အတွက် တိုးကြဝှေ့ကြ၊ ရန်ဖြစ်ကြနဲ့ပေါ့၊ Online Booking မစခင်ကပေါ့။ အဲလိုနဲ့ လာရောက်ဖြေဆိုတဲ့ သူတွေ အဆင်ပြေအောင်ဆိုပြီး ကျွန်မတို့က Online Booking စနစ်ကို လုပ်ပေးတာပေါ့။ လူဦးရေကိုလည်း ကန့်သတ်လိုက်တာပေါ့။ ၄၀၀ ဆိုပြီးတော့။ ကျွန်မတို့ ဝန်ထမ်းအင်အားနဲ့ မျှတတဲ့အလုပ်ကိုပဲ လုပ်ပေးနိုင်အောင်လို့ပါ။ ဖြေတဲ့သူတွေရော ဝန်ထမ်းတွေပါ သက်သောင့်သက်သာနဲ့ အဆင်ပြေအောင် ဒီစနစ်ကို ဆောင်ရွက်ပေးတာပါ"ဟု ယာဉ်မောင်းလိုင်စင်ဖြေဆိုရာတွင် ဝန်ဆောင်မှုပေးနေရပုံနှင့် ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်မောင်းလိုင်စင် အမျိုးအစားများအလိုက် ဝန်ဆောင်မှုပေးနေရပုံနှင့်ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် "ကျွန်မတို့ မြင်သာရုံးအနေနဲ့ကတော့ ယာဉ်မောင်းလိုင်စင်ရေးဖြေကို မြင်သာရုံးဘက်မှာစစ်ပေးတယ်။ ဒီရုံးမှာ အနောက်ပိုင်းခရိုင်ရုံးလည်း ရှိတယ်။ အဲဒီမှာတော့ (သ)လိုင်စင်အသစ်တွေလုပ်ပေးတယ်။ အနောက်ပိုင်းခရိုင် လိပ်စာထဲမှာပါတဲ့သူတွေပေါ့။ (ခ)သက်တမ်းတိုး၊ (သ)လိုင်စင်သက်တမ်းတိုး၊ (ဃ) (င) သက်တမ်းတိုး အဲဒါတွေ ဆောင်ရွက်ပေးပါတယ်။ နောက် လိုင်စင်ပျောက်သွားလို့ရှိရင်လည်း ပျောက်မိတ္တူပေါ့။ အဲဒါလေးတွေ စိစစ်ပြီးတော့ ပြန်ထုတ်ပေးပါတယ်"ဟု ၎င်းက ဆက်လက်ရှင်း ပြသည်။

လိုင်စင်ဖြေဆိုရန် လျှောက်ထားသူ များပြားမှုကြောင့် အထူးဝန်ဆောင်မှုတစ်ရပ်အနေဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ စတင်၍ Online ဖြင့် ကြိုတင်ရက်ချိန်း ရယူနိုင် ပြီဖြစ်ကြောင်း သိရသည်။ "Online Booking စနစ်ကို ကျွန်မတို့ ၁-၁၀-၂၀၁၇ ရက်နေ့ကစပြီး လက်ခံခဲ့တယ်။ တကယ်စတာတော့ ၉ ရက်နေ့မှာ စတာပေါ့။ ကြားမှာ ပိတ်ရက်တွေ ရှိတဲ့အခါကျတော့။ ၉ ရက်နေ့က စပြီးတော့ ဖြေကြတယ်။ ကျွန်မတို့အနေနဲ့ တစ်ရက်ကို လေးကြိမ် စစ်ပေးတယ်။

တစ်ကြိမ်ကို လူဦးရေ ၁၀၀ နဲ့ လေးကြိမ်စစ်ပေးတယ်။ ဒီ ၁၀၀ ထဲမှာ (ခ)လိုင်စင်အသစ်က ၈၅ ယောက်၊ (ဃ)နဲ့ (င)လိုင်စင်အသစ်က (၁၅)လို့ သတ်မှတ်ပြီးတော့ တစ်ချိန်ကို ၁၀၀ နှုန်းနဲ့ လေးကြိမ် စစ်ပေးပါတယ်။ တချို့ Booking ယူတဲ့အခါမှာ အခက်အခဲရှိတဲ့အခါကျတော့လည်း ကညနမှာ Online Section ဆိုပြီး မြင်သာရုံးမှာ ဖွင့်ပေးထားပါတယ်။ အဲဒီမှာ သူတို့ရဲ့ ယူလို့မရတဲ့ အခက်အခဲပေါ့၊ တချို့ဆိုရင် Key pad နဲ့ဟာတွေ ရှိတယ်ပေါ့နော်။ အဲ ဒီလိုမျိုး အခက်အခဲရှိတဲ့ဟာတွေကို ဆောင်ရွက်ပေးပါတယ်။

" ဝက်ဘ်ဆိုက် www.rtat.gov.mm မှာယူလို့ရပါတယ်။ အဆင့်ဆင့်လည်း ကျွန်မတို့ ဝက်ဘ်ဆိုက်မှာကြေညာထားတယ်။ ဘယ်လိုစပြီး နှိပ်ရမယ်ဆိုတာက အစပေါ့နော်။ ကျွန်မတို့ရုံးမှာ ဗီနိုင်းနဲ့လည်း ကြေညာထားပါတယ်" ဟု ဝန်ဆောင်မှုအကြောင်းကို ကညနမှ အရာရှိတစ်ဦးကပြောသည်။ ထို့ပြင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်း လာရောက်ဆောင်ရွက်သည့် ကားအစီးရေ များပြားလာမှုကြောင့် မကြာမီလများအတွင်း Online ဝန်ဆောင်မှုစနစ်ကို စတင်ကျင့်သုံးတော့မည်ဟုလည်း အဆိုပါအရာရှိက ဆက်လက်ရှင်းပြသည်။

ရှာဖွေလုပ်ကိုင်စားသောက်ရ လွယ်ကူပြီး မည်သည့်အရာရှိ၏ ဖိအားပေးခြင်းမျှမခံရသော၊ နေ့တွက်ကိုက်သော

*စာမျက်နှာ ဃ သို့*

# မြို့ရန်ကုန်မှ မြန်မာ့လက်မှုပညာရှင်များ စုဝေးတည်ရှိရာ ရပ်ဝန်း



**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ရှေးခေတ်အဆက်ဆက်ကတည်းက မြန်မာ့ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် လက်မှုပညာရှင်များသည် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်တွင်ရှိခဲ့သည်။ ယနေ့တိုင် မြန်မာမှုပညာရပ်များကို နောင်လာ နောက်သား မျိုးဆက်သစ်များက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိနေသည်။

ယနေ့ ဘောဂရပ်ကွက်ဟု ခေါ်ဆိုနေသောရပ်ကွက်မှာ ယခင်က ဘော်ဂါရပ်ကွက်ဖြစ်သည်။ လမ်းများမှာလည်း မြန်မာဆန်သော အမည်နာမများ ဖြစ်ကြသည်။ ဘော်ဂါဟူသော အမည်မှာ မြန်မာပြည်အလယ်ပိုင်း အညာဒေသ ဘော်ဂါ၊ ကျောက္ကာမှ ဘော်ဂါဟူသော အမည်ကိုယူ၍ သမုတ်ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။ ယင်းရပ်ကွက်ရှိ လမ်းများကိုလည်း မြန်မာဆန်သော အမည်များပေးခဲ့ကြသည်။ ဘော်ဂါလမ်း၊ ကလကာလမ်း၊ ပန်းတဉ်းတန်းလမ်း၊ တောလမ်းဟူ၍ ဖြစ်သည်။

ကလကာလမ်း (ကန့်လန့်ကာလမ်း)မှာ ရှေးခေတ်သဘင်ပညာရှင်ကြီးများဖြစ်သည့် ဦးကြင်ခဲ၊ ဦးအောင်မောင်း စသည့် ဇာတ်ပညာရှင်ကြီးများ နေထိုင်ခဲ့ဖူးပြီး ယင်းလမ်းနေ မိသားစုများက ဇာတ်စင်သုံး ကန့်လန့်ကာများချုပ်ခြင်း၊ ရွှေငွေချည်ထိုးခြင်းကို လုပ်ဆောင်ခဲ့ကြပြီး ကလကာ(ကန့်လန့်ကာ)လမ်းဟု အဆိုပြုခေါ်ဆိုခဲ့ကြသည်။

ဘုရားထီးစသော ပန်းတဉ်းပညာရပ်များဖြင့် အသက်မွေးကျောင်းပြုရာလမ်းကို ပန်းတဉ်းတန်း (ပဒင်းတန်း) လမ်းဟု ခေါ်ဆိုခဲ့ကြသည်။ တောလမ်းမှာ တစ်ဆက်တည်းရှိသော မြက်လမ်းကို အမှီပြု၍ တောလမ်းဖြစ်လာခဲ့ခြင်းဖြစ်သည်။

ယင်းလမ်းတစ်လျှောက်၌ ကတ္တရာလမ်းမခင်းမီအထိ ရှည်လျားသောမြက်ပင်များရှိခဲ့သည်။

၈၈ အရေးအခင်းပြီး နောက်ပိုင်းတက်လာသော တပ်မတော်အစိုးရလက်ထက်တွင် အခြေခံနယ်မြေသို့အဆင်း၊ လေ့လာမှုပြုခြင်းမရှိဘဲ ရပ်ကွက်အမည်၊ လမ်းအမည်များကို နိုင်ငံခြားအမည်များဆန်သည်ဟုဆိုကာ အမည်များအဖြစ်

*စာမျက်နှာ ဂ သို့*

# ရန်ကုန်မြို့ပြ၏ လူကူးခုံးကျော်တံတားများအား တစေ့တစောင်း



ဓာတ်ပုံ - သန်းစိုး

သန်းထိုက် (လှိုင်သာယာ)

**ရန်ကုန်မြို့၏ မြို့လယ်လူစည်ကားရာ ဆူးလေလူကူးခုံးကျော်တံတားကြီးမှာ ဆေးရောင်ခြယ်သပြီးဖြစ်၍ အနီးရှိအထပ်မြင့် အဆောက်အအုံများနှင့်အပြိုင် လှပတင့်တယ်လျက်ရှိသည်။ တံတားပေါ်တွင် နိုင်ငံခြားသားခရီးသွားအချို့က အနော်ရထာလမ်းမကြီးတစ်လျှောက် စီတန်းသွားလာလျက်ရှိသည့် ခရီးသွားယာဉ်များကို ကြည့်ရှုမှတ်တမ်းတင်သူများ၊ ဆူးလေစေတီတော်ကြီး၏ ဝဲ၊ ယာတွင်ရှိသော မြို့တော်ခန်းမနှင့် မီးသတ် အဆောက်အအုံတို့ကို မှတ်တမ်းရိုက်သူတို့ဖြင့် ဆူးလေ လူကူးခုံးကျော်တံတားပေါ်တွင် မြို့တွင်းလာရောက်လည်ပတ်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ တံတားမှာ စတုရန်းပုံစံ တည်ဆောက်ထားသည့်အတွက် ပို၍ ခံ့ထည်လှပကာ ကားလမ်းလေးဖက်မှ ခရီးသွားပြည်သူများ သွားလာရေးအဆင် ပြေစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ လမ်းနှင့်တံတား ( အင်ဂျင်နီယာ)ဌာနက တည်ဆောက်ထားခြင်း ဖြစ်သည်။**

မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ နှစ်စဉ်တိုးပွားလာသော ပြည်သူများ ရန်ကုန်မြို့တွင်း သွားလာရေးအဆင်ပြေစေရန် ဖြတ်သန်းသွားလာမှုများသောနေရာတို့တွင် လူကူးခုံးကျော်တံတားတို့ကို တည်ဆောက်ပေးခဲ့ပြီး ဆက်လက်တည်ဆောက်ရန်လည်း လျာထားပြီးဖြစ်သည်။ လိုအပ်သောနေရာတို့တွင် လူကူးခုံးကျော်တံတားများကို တည်ဆောက်ခြင်းသည် လူကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို ပြေလျော့စေသည့်အပြင် မြို့ပြအလှနှင့်လည်း လိုက်ဖက်ညီ တင့်တယ်စေပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာမှ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပန်းဆိုးတန်း လူကူးခုံးကျော်တံတား၊ မော်တင်လူကူးခုံးကျော်တံတား (လမ်းမတော်)၊ ဂမုန်းပွင့်လူကူးခုံးကျော်တံတား (မရမ်းကုန်း)၊ အောင်ဆန်းသူရိယ လှသောင်းကျောင်းလူကူးခုံးကျော်တံတား (မင်္ဂလာဒုံ) နှင့် လှည်းတန်းလူကူး ခုံးကျော်တံတားကို လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆူးလေလူကူးခုံးကျော်တံတား၊ မာလာဆောင်ရှေ့ (ပြည်လမ်း)လူကူးခုံးကျော်တံတား၊ ဗဟန်း(၃)လမ်းလူကူးခုံးကျော်တံတား၊ တံတားဖြူမှတ်တိုင် လူကူးခုံးကျော်တံတား၊ လမ်းမတော်နှင့် အနော်ရထာလမ်းထောင့်ရှိ စတုဂံလူကူးခုံးကျော်တံတားတို့ကို တည်ဆောက်ထားရှိပြီး ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဧပြီ ၁ ရက်က စတင်ဖြတ်သန်းသွားလာလျက်ရှိသော စံပြလူကူးခုံးကျော်တံတားကြီးကို တင်ဒါခေါ်ယူ တည်ဆောက်ခဲ့ရာ အမှန်တကယ်လိုအပ်သောနေရာတို့တွင် လူကူးခုံးကျော်တံတားတို့ကို တည်ဆောက်ခဲ့ခြင်းဖြစ်၍ အများပြည်သူ ယာဉ်အန္တရာယ်ကင်းဝေးစေခဲ့ပြီဖြစ်သည်။





၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေး နှစ် အတွက် ကမ်းနားလမ်းရှိ ဗိုလ်တထောင်ဘုရားရှေ့နှင့် စမ်းချောင်းအမှတ် (၁) အထက်တန်းကျောင်း ရှေ့တွင် လူကူးခုံးကျော်တံတားတို့ကို ဆက်လက်တည်ဆောက် မည်ဖြစ်ပြီး ထိုလူကူးခုံးကျော်တံတား နှစ်စင်းပြီးစီးပါက ဘုရားဖူးပြည်သူများနှင့် ကျောင်းသားကျောင်းသူများ စိတ် အေးချမ်းသာစွာဖြင့် ခုံးကျော်တံတားပေါ်မှ ဖြတ်သန်း သွားလာနိုင်မည်ဖြစ်သည်။ ဘုရင့်နောင်လူကူးခုံးကျော်တံတားကိုလည်း တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ ဗိုလ်တထောင်နှင့် မြေနီကုန်းလူကူးခုံးကျော်တံတားအတွက် တင်ဒါခေါ်ယူပြီးလည်းဖြစ်သည်။

ရန်ကုန်မြို့တွင် လူကူးခုံးကျော်တံတား ၁၃ စင်းရှိပြီး တည်ဆောက်ရန်ခုံးကျော်တံတားနှစ်စင်းရှိကာ ရန်ကုန်မြို့ပြနှင့် လိုက်ဖက်ညီ ခေတ်မီလှပစေမည့် အစီအမံများလည်း ဆက်လက်ဆောင်ရွက်ရန် လျာထားလျက်ရှိသည်။ ရန်ကုန်မြို့လယ် လူကူးခုံးကျော်တံတားဖြစ်သော ဆူးလေ လူကူးခုံးကျော်တံတားပေါ်တွင် ညပိုင်းအရက်သေစာသောက်စားခြင်းကင်းဝေးစေခြင်းဖြင့် အမျိုးသမီးများ သွားလာရေးအဆင်ပြေစေကာ ညပိုင်းမြို့ပြ အလှခံစားအပန်းဖြေသူများအတွက် စိတ်အေးချမ်းသာမှုကို ရရှိစေမည်ဖြစ်သည်။ အများပြည်သူ ဖြတ်သန်းသွားလာသည့် တံတားပေါ်၌ ဂီတာဝိုင်းဖွဲ့ခြင်း၊ အော်ဟစ်သီချင်းသီဆိုခြင်းနှင့် သောက်စားမူးယစ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများ မပြုလုပ်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူတို့ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်သာဖြစ်သည်။ ပြည်သူစိတ်အေးချမ်းသာစွာသွားလာနိုင်ရန် တည်ဆောက်ထားသော ခုံးကျော်တံတားများဖြစ်၍ ပြည်သူကြောက်ရွံ့စေသော ခုံးကျော်တံတားများ မဖြစ်စေရန် အားလုံးဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်ရမည်သာဖြစ်သည်။ ခုံးကျော်တံတား တည်ဆောက်ထားခြင်းသည် အများပြည်သူ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် နိုင်ငံတော်က တည်ဆောက်ပေးထားခြင်းဖြစ်၍ တံတားအောက်ကားလမ်းပေါ်မှ ဖြတ်သန်းသွားလာမှုကို ရှောင်ကြဉ်ခြင်းဖြင့် နိုင်ငံကြီးသားများအဖြစ် ဂုဏ်ယူစွာဖြင့် စည်းကမ်းလိုက်နာကြရမည်သာဖြစ်သည်။ အထူးသဖြင့် မြို့လယ်ဆူးလေလူကူးခုံးကျော်တံတားအောက် ယာဉ်များကြားမှ ဖြတ်သန်းနေမှုကို ယနေ့တိုင် တွေ့မြင်နေရ၍ဖြစ်သည်။ ယာဉ်ဖြတ်သန်းမှုများသော ကားလမ်းပေါ်မှ နေ့စဉ်ဖြတ်သန်းနေရသည့် ပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် တည်ဆောက်ထားသော ခုံးကျော်တံတားကြီးများအား အသုံးချနိုင်စေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တည်ဆောက်ခြင်းဖြစ်ရာ တံတားရေရှည်တည်တံ့စေရန်အတွက် ပြုပြင်မှုတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်မြို့ပြနှင့် လိုက်ဖက်ညီလှသော လူကူးခုံးကျော်တံတားကြီးများ ရေရှည်တည်တံ့စေရန် ဖြတ်သန်းသွားလာသောပြည်သူများသည် ဝိုင်းဝန်းကူညီထိန်းသိမ်းခြင်းဖြင့် မြို့ပြ၏ဂုဏ်ကို ဆက်လက်လက်ဆင့်ကမ်းသွားရမည်သာဖြစ်သည်။ အများပြည်သူ သွားလာရေးအဆင်ပြေစေရန် ဆက်လက်တည်ဆောက်မည့် လူကူးခုံးကျော်တံတားများရှိနေသည့်နည်းတူ ရန်ကုန်မြို့ပြအင်္ဂါရပ်နှင့်အညီ တည်ဆောက်ရန် လျာထားမှုများလည်း ရှိနေပါကြောင်း ရန်ကုန်မြို့ပြ၏ လူကူးခုံးကျော်တံတားများ တစေ့တစောင်းအဖြစ် တင်ပြလိုက်ရပါသည်။

---

*စာမျက်နှာ ခ မှ*

ပြောင်းလဲခဲ့သည်။

ဘော်ဂါရပ်ကွက်အမည်ကို ရှရှားနိုင်ငံ ဘော်ဂါမြစ်နှင့်ဆင်တူ၍ ဘောဂရပ်ကွက်ဟု လည်းကောင်း၊ ဘောဂါလမ်းဟုလည်းကောင်း၊ ကလကာလမ်း(ကန့်လန့်ကာလမ်း)ကို ကလကတ္တားအမည်နှင့် ဆင်တူ၍ ပိုက်စုတ္တကလမ်းဟုလည်းကောင်း ပြောင်းလဲခဲ့ပြီး ယခင် တောလမ်းအမည်မှ ယခုတော်ဝင်လမ်းအမည်သို့ ပြောင်းလဲသွားခဲ့သည်။

ဘော်ဂါရပ်ကွက်သည် ရာနှုန်းပြည့် မြန်မာလူမျိုးများ စုစည်းနေထိုင်လျက်ရှိပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ပညာရှင်များ တစုတဝေးတည်း စုစည်းနေထိုင်ရာ ရပ်ဝန်းဖြစ်သည်။

ရပ်ကွက်မျက်နှာစာတွင် ဘုရားထီးတော်များပြုလုပ်ရာ အတန်းဖြစ်၍ မြန်မာမှု ပန်းတဉ်းပညာရပ်တစ်ခုတည်းသာ ဆောင်ရွက်နေသော နေရာဟုသာ အမြင်အတွေ့ဖြင့် ထင်ကြပေလိမ့်မည်။

စာရေးသူတို့ငယ်ငယ် မူလတန်းအရွယ်ကတည်းက တွေ့မြင်ရသော အိမ်တွင်းမှုလုပ်ငန်းမှာ သင်္ကန်းတော်များချုပ်လုပ်ခြင်းဖြစ်သည်။ ရပ်ကွက်ပတ်ဝန်းကျင်၌ ဗားကရာတိုက်၊ ဥယျာဉ်တိုက်၊ ကျောင်းကြီးတိုက်စသော ဘုန်းတော်ကြီးကျောင်းများဝန်းရံလျက်ရှိရာ ဆရာတော် သံဃာတော်များအတွက် သင်္ကန်းချုပ်လုပ်ခြင်းကို ရပ်ကွက်အတွင်းမှ ချုပ်လုပ်ပေးခဲ့ရသည်။ စာရေးသူမိခင်နှင့်ကြီးတော်ကြီးပင် ဝိနည်းတော်နှင့်အညီ သင်္ကန်းချုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ရပ်ကွက်အတွင်း၌ သင်္ကန်းဆေးဆိုး၍ ချုပ်လုပ်ရောင်းချသော သင်္ကန်းတိုက်ကြီးနှစ်တိုက် ရှိခဲ့ဖူးသည်။ ရွှေသဘော်သင်္ကန်းတိုက်နှင့် ဦးရွှေကြူသင်္ကန်းတိုက်ဖြစ်သည်။ ယခုတော့ဖြင့် ယင်းသင်္ကန်းတိုက်ကြီး နှစ်တိုက်မှာမရှိတော့ပြီဖြစ်သည်။ သင်္ကန်းချုပ်ခြင်းကို အချို့ဆက်လက်လုပ်ကိုင်နေကြသကဲ့သို့ ဘုန်းကြီးထိုးပိတ်ယပ်တောင်များကို လုပ်ကိုင်လျက်ရှိသည်။

ထို့အပြင် ကျောက်ထက်အက္ခရာတင်သော ကျောက်စာထွင်း လက်မှုလုပ်ငန်းသည်လည်း ယင်းဘုရားထီးတော်လုပ်ငန်းနှင့် ခေတ်ပြိုင်ဖြစ်ခဲ့သည်။ ကျောက်စာထွင်းရာ၌ စကျင်ကျောက်ပြားထက်ဝယ် သံဆောက်ငယ်လေးဖြင့် ထွင်းထုရခြင်းဖြစ်သည်။ ထို့အပြင် ရက်ရှည်ခံစေရန်အတွက် စကျင်ကျောက်ပြားပေါ်မှ ထွင်းပြီးသော စာလုံးများအတိုင်း "ခဲ" သွင်းခြင်းကိုလည်း တီထွင်ကြံဆလုပ်ဆောင်ခဲ့ကြသည်။ ယခုအခါပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ စတီးပြားပေါ်၌ စတေကာကပ်ကာ အက်စစ်ဖြင့် စား၍ ကမ္ပည်းများကို လုပ်ဆောင်လျက်ရှိနေသည်။

တစ်ဖန် ယနေ့ ကထိန်ခင်းကြရာ၌ မပါမဖြစ် အစဉ်ပြုလာသော ထီးဖြူတော်(ကနက္ကဒန်ထီးဖြူ)များကိုလည်း အိမ်တွင်းမိသားစု စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အဟုန်ကြီးမားစွာ ဆောင်ရွက်လျက်ရှိနေသည်။ဘုရားထီးတော်များစတင်ပြုလုပ်ကြစဉ်ကာလထက် အနည်းငယ်နှစ်နောက်ကျသော်လည်း ယခု နောက်ပိုင်းရာသီချိန်၌ လုပ်ငန်းအလွန်တွင်ကျယ်လျက်ရှိနေသည်။

ထီးဖြူတော်ပြုလုပ်သည့် သဲထီးကိုင်း၊ အရွက်၊ ထီးတိုင်၊ ထီးခုံကအစ ရပ်ကွက်အတွင်းပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ သစ်များရှားပါးလာသည့်နောက်ပိုင်း သစ်သားထီးတိုင်များအစား စတီးထီးတိုင်များအဖြစ် လည်းကောင်း၊ သစ်သားထီးခုံများအစား ပလတ်စတစ်ထီးခုံများအဖြစ် ပြောင်းလဲအသုံးပြုလာကြသည်။

အလှူတော်မင်္ဂလာ အခမ်းအနားများကျင်းပရာ၌ တစ်ခေတ်တစ်ခါက "စပ်မဏ္ဍပ်" များမှသည် ယနေ့ခေတ်ခံ့ညားထည်ဝါသော မဏ္ဍပ်ကြီးများကိုပင် ရပ်ကွက်မှ မြန်မာမှုပညာရှင်များက ဆောင်ရွက်နေသကဲ့သို့ သီတင်းကျွတ်၊ တန်ဆောင်မုန်း အလှဆင်မီးပုံးများနှင့် ကလေးကစားစရာ မီးပုံးအရုပ်လေးများကို ယနေ့တိုင်ပြုလုပ်နေဆဲဖြစ်သည်။ အဘိုးအဘွားတို့၏ မြန်မာမှုလက်မှုပညာအမွေကို ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်လုပ်ဆောင်မြဲဖြစ်သည်ကို မြန်မာမှုလက်မှုပညာအမွေကို လက်ဆင့်ကမ်း ထိန်းသိမ်းနေသူများအဖြစ် တင်ပြလိုက်ရပါသည်။

## တစ်ပတ်အတွင်း ရန်ကုန်ကားဈေးကွက်

# စလစ်ဈေးတည်ငြိမ် ကားအရောင်းအဝယ်လိုက်နေ

**ပြီးခဲ့သည့် တစ်ပတ်အတွင်းက ငွေကျပ်သိန်း ၄၀ အထိ မြင့်တက်ခဲ့သည့် သက်တမ်းနှစ် ၂၀ စလစ်ဈေးနှုန်းများသည် ပါမစ်နောက်ဆုံးထားလျှောက်ရမည့် ကားတင်သွင်းခွင့် မူဝါဒအချို့ကြောင့် ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာခဲ့သည်။ ထို့အပြင် ကားတင်သွင်းခွင့် အချိန်ပိုရရှိလာသည်နှင့်အမျှ မော်တော်ကားဈေးအနည်းငယ် ကျဆင်းလာသဖြင့် အရောင်းအဝယ်များလည်း ဆက်တိုက်မြင့်တက်လာကြောင်း သိရသည်။**



### သက်တမ်းတိုးခွင့်ပေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပါမစ်လျှောက်ထားမှု သတ်မှတ်နေ့ရက်များကို တစ်ဦးချင်း မော်တော်ယာဉ် လျှောက်ထားတင်သွင်းသူများအတွက် ဒီဇင်ဘာ ၁၅ ရက်နှင့် ကားအရောင်းပြခန်းများ၊ ကားအရောင်းကုမ္ပဏီများအနေဖြင့် ကားတင်သွင်းခွင့်များကို ဒီဇင်ဘာ ၂၇ ရက်အထိ လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ ယင်းသတင်းအရ ကားတင်သွင်းခွင့်အတွက် အချိန်ကာလ အနည်းငယ်တိုးလာသဖြင့် စလစ်လိုအပ်ချက် ပြန်လည်ကျဆင်းလာခဲ့ပြီး စလစ်ဈေးနှုန်းများသည်လည်း သိန်း ၁၄၀ မှ ပြန်လည်ကျဆင်းကာ နှစ် ၂၀ စလစ်များသည် ငွေ ၁၃၀ နှင့် အလျော့အတင်းရှိလာသည့် အခြေအနေသို့ ရောက်ရှိလာသည်။ ထို့ပြင် ပါမစ်သက်တမ်းတိုးခွင့်များမှာလည်း ဖရီးပါမစ်ကားများကို သက်တမ်းတိုးခွင့်မပေးဘဲ တစ်ဦးချင်းစလစ်ဖြင့် တင်သွင်းမည့်ကားများကို ပါမစ်သက်တမ်းတိုးခွင့်ပေးမှာဖြစ်ပြီး လာမည့်နှစ် မတ်လကုန်အထိ သက်တမ်းတိုးမြှင့်ခွင့်ပေးထားသည်ကို မြင်တွေ့ရသည်။

### တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် ကားအမျိုးအစားအချို့

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Kluger | ၂၀၀၁ | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၄၂ |
| Honda FitGE6 | ၂၀၁၀ | ပဲခူး | 1300cc | အပြင်ဈေး | ၁၈၅ |
| Probox | ၂၀၀၇ | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၄၅ |
| Flelder(Taxi) | ၂၀၀၅ | ရန်ကုန် | 1500cc | အပြင်ဈေး | ၂၂၅ |
| Wish | ၂၀၀၃ | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၄၀ |
| SuzukiEvery | ၂၀၀၈ | ပဲခူး | A/C P/S | အပြင်ဈေး | ၈၇ |
| Ractis | ၂၀၁၁ | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၅ |
| Fit Shutte | ၂၀၁၂ | ရန်ကုန် | Hybrid | အပြင်ဈေး | ၂၄၅ |
| Premio | ၂၀၀၈ | ရန်ကုန် | 1800cc | အပြင်ဈေး | ၃၁၀ |
| MarkII | ၁၉၉၈ | ရန်ကုန် | 2400cc | အပြင်ဈေး | ၁၅၀ |

**ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။**

**မင်းသော်**

လက်ရှိဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် စလစ်ဈေးနှုန်းများမှာ သက်တမ်းနှစ် ၂၀ စလစ်မှာ ၁၃၀ သိန်းဝန်းကျင်၊ တိုက်ကြေစလစ်မှာ ၁၂၈ သိန်း၊ စက်မှုဇုန် လုပ်ငန်းသုံး အပ်ကားစလစ်မှာ ငွေ ၄၅ သိန်း၊ စက်မှုဇုန် လူစီး စလစ်မှာ ၁၃၀သိန်း၊ တက္ကစီစလစ်မှာ ၁၂၃ သိန်းတို့ ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

### ကျရိပ်သန်း

ထို့အပြင် ကားဈေးကွက်အတွင်း ယင်းကဲ့သို့ တင်သွင်းခွင့်ကာလ သတ်မှတ်ချက်တွေကြောင့် ဂျပန်ညာမောင်း မော်တောကားများတင်သွင်းမှုသည် လာမည့်နှစ် သုံးလတာကာလအထိ မြင်တွေ့ရမည်ဖြစ်ခြင်းကြောင့် မော်တော်ယာဉ်ဈေးနှုန်းများသည်လည်း အနည်းငယ် ကျဆင်းလာခဲ့သည်။ ထို့ပြင်ပါမစ်များ သက်တမ်းတိုးကာလနှင့် တွက်ချက်ပါက လာမည့်နှစ် နှစ်လယ်ကာလနီးပါးအထိ ကားတင်သွင်းခွင့်များ ရှိနိုင်သည့်အတွက် လက်ရှိတွင် တစ်ရှိန်ထိုးတက်နေသည့် မော်တော်ကားဈေးကွက် အနည်းငယ် ကျရိပ်သန်းလာသည်ကိုလည်း မြင်တွေ့ရသည်။

### ခန့်မှန်းရန် ခက်ခဲ

တစ်ဖက်တွင် ပြည်တွင်း တပ်ဆင်ထုတ်လုပ်သည့် မော်တော်ကားဈေးကွက်မှာလည်း စတင်အင်အားကောင်းလာပြီး ဝယ်ယူသူများ အကြိုက်ထုတ်လုပ်ခြင်းများကြောင့် ဝယ်ယူသူ အတန်အသင့်ရှိလာကြောင်း သိရသည်။ ထိုအတွက်ကြောင့်လည်း လာမည့်လပိုင်းအတွင်း ကားဈေးများ ခန့်မှန်းထားကြသလောက် မြင့်တက်ခြင်း မဖြစ်နိုင်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ သို့သော် မော်တော်ကားလောကတွင် ဘယ်မောင်းနှင့် ညာမောင်းကားများ အသုံးပြုသူ ကွဲပြားလာနိုင်သောကြောင့် လက်ရှိ ညာမောင်းကားများ၏ ဈေးကွက်အနေအထားကို ခန့်မှန်းရန် ခက်ခဲနေသေးကြောင်းလည်း သိရသည်။

### စောင့်ဆိုင်းသင့်

လာမည့်သီတင်းပတ်အတွင်း မော်တော်ကားဈေးကွက်ကို ကျွမ်းကျင်သူများက ဈေးတက်ရိပ်မမြင်ဘဲ ပုံမှန်ဈေးဖြင့် အရောင်းအဝယ် ပိုမိုအားကောင်းလာနိုင်ကြောင်း၊ စလစ်ဈေးများ သိန်း ၁၃၀ ဝန်းကျင်တွင် ဈေးတန့်နိုင်ပြီး စလစ်ပိုင်ရှင်များအနေဖြင့်လည်း ဂျပန်ကား လေလံဈေးပြန်လည်တည်ငြိမ်လာရန် စောင့်ဆိုင်းသင့်ကြောင်း ခန့်မှန်းကြသည်။

**လာမည့်လပိုင်းအတွင်း ကားဈေးများ ခန့်မှန်းထားကြသလောက်မြင့်တက်ခြင်း မဖြစ်နိုင်ဟု ကျွမ်းကျင်သူများက သုံးသပ်၊ မော်တော်ကားလောကတွင် ဘယ်မောင်းနှင့် ညာမောင်းကားများ အသုံးပြုသူ ကွဲပြားလာနိုင်သောကြောင့် လက်ရှိ ညာမောင်းကားများ၏ ဈေးကွက် အနေအထားကိုခန့်မှန်းရန် ခက်ခဲ နေသေးကြောင်း သိရ**

*စာမျက်နှာ ခ မှ*

ယာဉ်မောင်းအလုပ်ကို လုပ်ကိုင်လိုသူတို့က ဒုနှင့်ဒေးရှိနေသည်။ သုံးဘီး၊ လေးဘီးခေတ်မှ ယနေ့အထိ အစဉ်အဆက် လုပ်ကိုင်ခဲ့သော ယာဉ်မောင်းကြီးများရှိသကဲ့သို့၊ ခရီးသည်တင်မော်တော်ယာဉ်မောင်းနှင်ခြင်းကို စွန့်ခွာလာပြီး အငှားယာဉ်မောင်းအလုပ်ကို အခြေချလုပ်ကိုင်နေသော ယာဉ်မောင်းများကိုလည်း တွေ့ရသည်။ အိမ်ရှိငွေကို ရင်းနှီးမြှုပ်နှံပြီး ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် အလုပ်လုပ်ကိုင်နေသည့် တက္ကစီသမားကို တွေ့မြင်ရသကဲ့သို့ အံ့နာကြေးပေးပြီး နေ့ဆိုင်း၊ညဆိုင်းမောင်းနှင်ကြသော ယာဉ်မောင်းများကိုလည်း ရန်ကုန်မြို့လမ်းမများထက်တွင် နေ့စဉ်တွေ့မြင်ကြရသည်။

ယာဉ်တိုက်မှု ဖြစ်ပွားခြင်းကြောင့် သေဆုံးသူ၊ ဒဏ်ရာရသူ အရေအတွက်ကလည်း တစ်နေ့တခြား များပြားလာသည်။ အချိန်နှင့်အမျှ ယာဉ်တိုက်မှုဖြစ်ပွားနေခြင်းကြောင့် ယာဉ်မှုစစ်ရုံးများအနီး၌ လည်းကောင်း၊ တရားရုံးများအနီး၌ လည်းကောင်း မော်တော်ယာဉ် အပျက်အစီးများကို တွေ့မြင်ကြရသည်။ ထို့ကြောင့် သတ်မှတ်လိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်းနှင်မှုများ၊ အမောင်းသင်လိုင်စင်ဖြင့် လမ်းမကြီးများပေါ်၌ ကျွမ်းကျင်သူမပါဘဲ မောင်းနှင်ခြင်းများက မိမိသာမက အခြားသူများ၏ အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်သည့်အတွက် ယာဉ်ကြောရှုပ်ထွေးသော ရန်ကုန်လမ်းမများထက်ဝယ် သတ်မှတ်လိုင်စင်များ ရယူကိုင်ဆောင်ပြီး သတိပြုမောင်းနှင်နိုင်ကြပါစေကြောင်း . . .